
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တမူခွင့်ပြုချက်အမှတ် ၅၀၁၇၄၄၅၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၀၇၀၅၀၉

■

ပထမအကြိမ် (၂၀၀၉၊ ဇွန်လ)

အုပ်ရေ (၅၀၀)

■

မျက်နှာဖုံး ဇေယျာ

ကွန်ပျူတာစာစီ Quality

အတွင်းဖလင် Quality

■

ပုံနှိပ်သူ

ဒေါ်အေးအေးရွှေ(ချယ်ရီပုံနှိပ်တိုက်)၊ (၀၁၂၄၄)

အမှတ် ၁၂၁၊ အရှေ့လမ်း အလုံမြို့နယ်။

■

ထုတ်ဝေသူ

မသင်းမာရွှေ (၀၃၉၈၀၅) (မြ)

အမှတ်၅၀၈/၅၁၂ ၂(ခ) ပထမထပ်၊

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်

အရှေ့ကွက်သစ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။

■

တန်ဖိုး ၁၅၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

တစ်နေ့တွင် . . . ကျွန်မထံသို့ ဝိညာဉ်တစ်ကောင် ရေးပို့လိုက်သောစာတစ်စောင် စာတိုက်မှ ရောက်ရှိလာလေသည်။

ဝိညာဉ်ရေးပို့လိုက်သောစာကို ကျွန်မ မဖတ်တတ်ခဲ့ပါ။ ဝိညာဉ်ရေးသောစာသည် မြန်မာစာမှန်းသိသာသော်လည်း ရေးနေကျ ရေထုံးမျိုးဖြင့် ရေးထားခြင်း မဟုတ်ပါပေ။

ဝိညာဉ်ရေးသောစာနှင့်အတူ ထိုစာကို ကြားမှပို့ပေးသူ၏ စာတစ်စောင်ပါ ပူးတွဲပါလာခဲ့ပါသည်။ စာအိတ်ထဲတွင် အတူပါလာသောစာကိုဖတ်ကြည့်မှပင် ကျွန်မ သဘောပေါက်သွားခဲ့ရပါသည်။

*ဆရာမခင်ဗျား –*

*စာပေးပို့ရန်ညွှန်ကြားသူ ဝိညာဉ်အမျိုးသမီးပြောသော လိပ်စာအရ သူနာပြုဆရာမတစ်ယောက်ဖြစ်ကြောင်းသိရလို့ ဆရာမလို့ပဲ ခေါ်လိုက်ပါတယ်။*

*ကျွန်တော်ဟာ မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့၊ တရုတ်[illegible] လမ်းမှာနေသူဖြစ်ပါတယ်။ ကျွန်တော့်နာမည် တက်[illegible]ပါ။*



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့အပတ်က ကျွန်တော်တို့အိမ်မှာ အလုပ်လုပ်ဖို့ အိမ်ဖော်မိန်းကလေးတစ်ဦးကို ကျွန်တော်တို့မြို့အနီး လက်ဝဲ ရွာဆိုတဲ့ရွာမှ လာပို့ပါတယ်။ မှတ်မှတ်ရရ အဲဒီနေ့ဟာ ၂၀၀၈ ခုနှစ် နွေဦးကာလ (၁၄)ရက်နေ့ဖြစ်ပါတယ်။

မိန်းကလေးကို သူ့အဒေါ်တစ်ယောက်က လာပို့ပေး တာဖြစ်ပြီး အိမ်ဖော်မိန်းကလေးရဲ့ညီမ အသက် ၁၂ နှစ်အရွယ် ကလေးမတစ်ဦးလည်း လိုက်ပါလာပါတယ်။

သူတို့ရောက်လာတာက ညနေစောင်းအချိန်ဖြစ်နေလို့ လိုက်ပို့သူတွေကို ရွာကိုမပြန်စေတော့ဘဲ ကျွန်တော်တို့အိမ်မှာ ညအိပ်စေခဲ့ပါတယ်။

ညပိုင်းမှာ အဖော်ပါလာတဲ့ အသက် ၁၂ နှစ်သမီးလေး ဟာ သရဲပူးသလို တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်လာ ပြီး သူ့စာတစ်စောင်ရေးချင်လို့ စာရွက်နဲ့ဘောပင်ပေးပါလို့ တောင်းပါတယ်။

ကျွန်တော်က စာရွက်နှင့်ဘောပင်ပေးလိုက်တော့ ယခု ပူးတွဲပါတဲ့စာကို ရေးပါတယ်ခင်ဗျာ။

စာရေးအပြီးမှာ ဒီစာကို ဒီလိပ်စာအတိုင်းပို့ပေးပါဆို ပြီး ယခု ကျွန်တော်စာထည့်လိုက်သောလိပ်စာကို သူ့နှုတ်မှ ရွတ်ပြပါတယ်။ ကျွန်တော်လည်း သူပြောတဲ့လိပ်စာနဲ့ ဆရာမ နာမည်ကို မှတ်သားထားခဲ့ပါတယ်။

စာရေးအပြီးမှာ ကောင်မလေးဟာ နဂိုပုံမှန်အတိုင်းဖြစ် သွားပြီး သူစာရေးခဲ့တာကို မမှတ်မိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူရေးတဲ့စာကို ကျွန်တော် ဖတ်ကြည့်တော့ မဖတ်တတ်ပါဘူး။ ဒါပေမဲ့ . . . စာလုံးတွေက မြန်မာစာတွေ ဖြစ်ပြီး ရေးထားပုံကသာ ထူးခြားနေတာကို သတိပြုမိပါတယ်။

ဒါနဲ့ . . . ဒါဟာ မှန်စာဆိုတာမျိုးများဖြစ်နေမလား တွေးမိပြီး မှန်တစ်ချပ်ရှေ့ချပြီး ဖတ်ကြည့်ခဲ့ပါတယ်။ ထင်တဲ့အတိုင်းပဲ မှန်ထဲမှာတော့ စာလုံးတွေအတည့်ပေါ်လာပြီး ဖတ်လို့ရတဲ့စာတစ်စောင်ဖြစ်နေတာ တွေ့ရပါတယ်။

စာပါအကြောင်းအရာက စိတ်ဝင်စားစရာကောင်းလို့ သူပြောခဲ့တဲ့လိပ်စာအတိုင်း ပို့ပေးလိုက်တယ်ပါ။

တကယ်လို့ ကျွန်တော်ပို့လိုက်တဲ့လိပ်စာဟာ မမှန်ဘူး၊ လိပ်စာရှင်လည်း တကယ်မရှိဘူးဆိုရင်တော့ ဒီစာကိုလက်ခံရတဲ့သူအတွက် ရင်ထိစရာဖြစ်နေမယ် ထင်ပါရဲ့။

ကောင်မလေးကိုဝင်ပူးတဲ့ ဝိညာဉ်ရဲ့နာမည်ကိုတော့ မသိရပါဘူး။ စာအဆုံးမှာ သူ့နာမည်ကို ဆိုင်းထိုးထားတယ်လို့ထင်ပါတယ်။

ဆရာမသာ သက်ဆိုင်သူဖြစ်ရင်တော့ သူရေးတဲ့စာကိုဖတ်ကြည့်ပြီး နားလည်နိုင်မယ် ထင်ပါတယ်။

အစပိုင်းတော့ ကျွန်တော်လည်း သရဲတစ္ဆေဆိုတာ အယုံအကြည်မရှိလို့ ဒီစာကိုအလေးအနက်မထားခဲ့ပါဘူး။ နောက်မှ စာပါအကြောင်းအရာတွေက ပူးရေးတဲ့အသက် ၁၂ နှစ်အရွယ်တောသူမလေးနဲ့စာရင် မြင့်နေတာရယ်၊ ကောင်မလေးဟာ ပရိယာယ်မာယာနဲ့ဟန်ဆောင်လှည့်စား



www.burmeseclassic.com

www.burmeseclassic.com



သောက်အောင် လည်လည်ပတ်ပတ် ရေးသားတာရယ်၊ စာ အရေးအသား သေသပ်တာရယ်ကိုကြည့်ပြီး သရုပ်တကယ်ပူး တာ ဖြစ်ရင်ဖြစ်နိုင်တယ်လို့ ယူဆမိလို့ ဆရာဆီ ဆက်ပြီး ပို့ပေးလိုက်တာပါ။ စာထဲမှာပါတဲ့အတိုင်း ဖြစ်နေရင်လည်း ဆရာ သိသင့်တယ်လို့ ယူဆလို့ [illegible]ပေးလိုက်တာ ပါခင်ဗျား။

အကြောင်းကြားလို့ ကျွန်တော့်ကိုဆက်သွယ်ချင်ရင် အောက်မှာရေးထားတဲ့လိပ်စာအတိုင်း ဆက်သွယ်နိုင်ပါတယ်၊ လိုအပ်တဲ့အကူအညီတွေ အသင့်ပါခင်ဗျား။

လေးစားစွာဖြင့် -

[illegible]

အမှတ်(—) [illegible] [illegible]၊ မန္တလေးတိုင်း။

ကျွန်တော်သည် စာ ဖတ်ရင်းအံ့ဩခဲ့ရသည်။ ကိုတက်လှဝင်း ဇါတ်ညွှန်းအတွက်ပါလာသော ဝိညာဉ်ရေးသောစာက မြန်မာစာလုံးများဟု သိသာသော်လည်း ဖတ်မရသောကြောင့် ဖြစ်သည်။

စာကိုကြည့်ပါဦး။

တမင်သက်သက်နောက်ပြောင်ထားသည့် စာတစ်စောင်ဟု ထင်စရာကောင်းလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



*ဘ်ကော့ဒါင့် -*

*လွံ်ဘား ဆဂ္ဂယ့် ယကူဂျဉ်း။ လွံ်ဘားဆဂ္ဂယ့်ဘလွဖြ်း လွံ်ဆခေဟာင့်ယ့် ဂ္ဂးဖ်ထားတဂ္ဂးဓသားယ ဆွဂ္ဂဂါယူပြ်ားတ့ဆဲ ထား ထားယကူ။ ဖ်ထားတဂ္ဂးဓသားယဆွဂ္ဂဂါယူပြ်ားတ့ဆဲ လွံ်ဆခေဟာင့်ဓယိစွ်ယကူ။*

*လွံ်ယ့်ယီလူဓဆာင့တ်ဂူဓဂႋဂ့၊ ဓဆာင့ဖ်ကူ*

*ဂင့းဖ့်ဆဒါစူဆ့်းဘ်ကော့ဒါင့်း*

*ထားထားဓဆး*

ကျွန်မသည် ကိုတက်လူဝင်း၏ စာထဲကအတိုင်း ဝိညာဉ်ပူး၍ ရေးထားသည်ဆိုသော စာရွက်ပိုင်းလေးကို မှန်ရှေ့မှာထောင်၍ ဖတ်ကြည့်လိုက်သည်။

မှန်ထဲတွင်ပေါ်လာသော စာသားများကို အတည့်မြင်လိုက်ရသည့်အခါတွင်တော့ ကျွန်မသည် အသက်ရှူမှားမတတ် ဖြစ်သွားရပါတော့သည်။

*သူငယ်ချင်း -*

*တို့သားအမိကို ကယ်ပါဦး။ တို့သားအမိကို သတ်ပြီး တို့အလောင်းကို မီးရထားလမ်းဘေးက အိမ်ပျက်ကြီးထဲမှာ ထား ထားတယ်။ ရထားလမ်းဘေးကအိမ်ပျက်ကြီးထဲမှာ တို့အလောင်းတွေရှိတယ်။*

*တို့ကိုကျွတ်အောင်လုပ်ပေးပါဆောင်းရယ်*

*မင်းရဲ့အချစ်ဆုံးသူငယ်ချင်း*

*ထားထားအေး*



www.burmeseclassic.com

www.burmeseclassic.com



စာမှာထူးဆန်းလွန်းလှပေသည်။ ကျွန်မသည် စာကိုဖတ်ရင်း ခေါင်းတွေရှုပ်ရှုပ်လည်သွားသည်။ စာကို မှန်ရှေ့တွင် အတည့်ထောင်ကြည့်ရာမှ စာအဆုံးတွင် တွေ့လိုက်ရသောလက်မှတ်ကြောင့် ကျွန်မအံ့ဩသွားရပေသည်။ ကိုတက်လူဝင်းက မသက်ဆိုင်သူလူစိမ်းဖြစ်၍ လက်မှတ်ကို မဖော်နိုင်သော်လည်း ကျွန်မသူငယ်ချင်း ထားထားအေးလက်မှတ်ကို မှတ်မိသိရှိနေသော ကျွန်မကတော့ မြင်ရုံဖြင့် ထားထားအေး လက်မှတ်မှန်း သိလိုက်ပါသည်။

ကျွန်မမှာ ထားထားအေးဆိုသည့် သူငယ်ချင်းတစ်ယောက် အမှန်တကယ်ရှိပါသည်။ အချစ်ဆုံးသူငယ်ချင်းလည်း မှန်ပါသည်။

သို့သော် ... ထားထားအေးသည် မသေသေးပါ။ လွန်ခဲ့သော ဆယ်ရက်လောက်ကပင် ကျွန်မထံ တယ်လီဖုန်းဆက်ပါသေးသည်။

ထားထားအေးသည် ကျွန်မကဲ့သို့ပင် သူနာပြုဆရာမတစ်ဦး ဖြစ်ပြီး ကျွန်မနှင့်သူနာပြုသင်တန်း တစ်နှစ်တည်းအတူဆင်းခဲ့သော ငယ်သူငယ်ချင်း ဖြစ်ပါသည်။

ထားထားအေးတစ်ယောက် မန္တလေးအနီးမှ ပလိပ်မြို့တွင် ပေါ်ယ်ရှယ်နာ့စ်အဖြစ် လူနာတစ်ဦးကို သွားရောက်စောင့်ရှောက်ပေးနေသည်မှာ တစ်နှစ်ပင်ကြာမြင့်ခဲ့ပါပြီ။

လွန်ခဲ့သောနှစ်ပတ်ခန့်က ထားထားအေးပြုစုစောင့်ရှောက်ပေးနေသော လူနာအဘိုးကြီးမှာ ကွယ်လွန်သွားခဲ့ပါပြီ။ ထို့ကြောင့် ထားထားအေးက သူမ ရန်ကုန်ကို ပြန်လာတော့မည်ဖြစ်ကြောင်း ကျွန်မကို တယ်လီဖုန်းဆက်ခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးရက်လည်ပြီးသည်နှင့် သူမ ပြန်လာမည်ဖြစ်ကြောင်း ပြောခဲ့သော်လည်း ယနေ့အထိ ထားထားအေး ရန်ကုန်ပြန်ရောက်မလာသေးပါ။

ကျွန်မထံသို့ ကိုတက်လူဝင်းပေးပို့လိုက်သောစာအရ ဝိညာဉ်ရေးသောစာဆိုသည်မှာ ထားထားအေးရေးသယောင် ဖြစ်နေသည်။ သည်လိုသာဆိုလျှင် ထားထားအေးသေပြီဟု ယူဆရမလို ဖြစ်နေသည့်အသက် ၁၂ နှစ်အရွယ် တောသူမိန်းကလေးကို ဝင်ပူးသည်ဆိုသည့် ဝိညာဉ်ရှင်မှာ ထားထားအေးဝိညာဉ်ဟု ဆိုရမလိုဖြစ်နေ၏။

ကျွန်မသူငယ်ချင်းကို သေပြီဟု ကျွန်မ မယုံကြည်နိုင်ပါ။

ပြီးတော့ . . . ဝိညာဉ်ရေးသောစာထဲတွင် ဖော်ပြထားချက်အရ "တို့သားအမိ" ဆိုသော အသုံးအနှုန်း ပါနေသေးသည်။ အမှန်တကယ်တွင် . . . ထားထားအေးသည် အပျိုတစ်ယောက်ဖြစ်ပါ၏။ အိမ်ထောင်မကျသေးပါ။ စာထဲတွင် "တို့သားအမိကိုကယ်ပါ" ဟု ဘာကြောင့်ရေးရသနည်း။

ကျွန်မသည် စာကို ကျွန်မသူငယ်ချင်း ထားထားအေးရဲ့ ဝိညာဉ်က ရေးတယ်ဆိုတာကို ငြင်းချက်ထုတ်ချင်သော်လည်း စာပါအချက်အလက်တချို့က ကျွန်မကို ဇဝေဇဝါဖြစ်စေခဲ့ပြန်၏။

အကြောင်းမှာ . . . မှန်ရှေ့တွင် ထောင်ကြည့်လိုက်၍ အစာည့်ပေါ်လာသော လက်ရေးများသည် ထားထားအေး၏ လက်ရေးဖြစ်နေသောကြောင့်ပင်။ ကျွန်မက ထားထားအေး ကျွန်မထံရေးသားပေးပို့ခဲ့ဖူးသော စာများနှင့်တိုက်ကြည့်ပါသေးသည်။ လက်ရေးနှစ်ခုက ခြောက်စွပ်တူနေသည်။ လူတစ်ယောက်၏ လက်ရေးကို တူအောင်လည်းတုရေးရ



www.burmeseclassic.com

www.burmeseclassic.com



ဦးမည်။ ရေးရာတွင်လည်း မှန်စာလို့ပြောင်းပြန်ဖြစ်အောင် ရေးရဦးမည်ဆိုသည်မှာ မလွယ်ကူပါ။ မဖြစ်နိုင်ပါ။

ထို့ပြင် . . . အဓိကအကျဆုံးဖြစ်သည့် လက်မှတ်။ ဝိညာဉ်ရေးသောစာတွင် ရေးထိုးထားသော ထားထားအေးဆိုသည့် လက်မှတ်မှာလည်း မှန်ရှေ့တွင်ထောင်ကြည့်လိုက်သည့်အခါ ထားထားအေးထိုးနေကျ ထိုးမြဲလက်မှတ်နှင့် လုံးဝတူညီနေပြန်၏။

လက်ရေးကို မှန်စာဖြင့် တူအောင်တုရေးနိုင်သည်ပဲ ထားပါဦး။ လက်မှတ်ကို ပြောင်းပြန်အနေအထားလည်း ဖြစ်အောင်၊ တူလည်း တူအောင်ရေးထိုးနိုင်သည်မှာ ပို၍ပင် မဖြစ်နိုင်ပါပေ။ ထိုးမြဲလက်မှတ်ဆိုသည်မှာ လူတစ်ယောက်၏ ကိုယ်ပိုင်အမှတ်အသား မဟုတ်ပါလော။ လူ့ဘောင်ရှိလူအားလုံးတွင် လက်ဗွေရာချင်း မတူညီနိုင်ကြသလို၊ လူ့နာမည်ချင်းတူငြားသော်၊ ထိုးမြဲ လက်မှတ်ချင်းလည်း မတူညီနိုင်ကြပါပေ။

နောက်တစ်ကြောင်းက စာထဲမှာ ကျွန်မအမည် ပါဝင်နေခြင်းပင်ဖြစ်ပါသည်။ "ဆောင်း"ဆိုသည်မှာ ထားထားအေး ကျွန်မကို ခေါ်ခဲ့သောနာမည် ဖြစ်ပါသည်။

တကယ်တော့ ကျွန်မအမည်ရင်းမှာ "နှင်းအေးဖြူ"ဖြစ်ပါသည်။ "နှင်းအေးဖြူ"သည်သာလျှင် ကျွန်မ၏ မှတ်ပုံတင်ထဲမှအမည်၊ တရားဝင်အမည် ဖြစ်ပါသည်။ အများသိသောအမည် ဖြစ်ပါသည်။

"ဆောင်း"ဆိုသည်က ဆွေးမျိုးများနှင့် ရင်းနှီးသူအချို့သာ ခေါ်ဝေါ်သောနာမည် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ဆောင်းရာသီတွင်မွေးခဲ့၍ ငယ်စဉ်က "ဆောင်း"ဟု ခေါ်ခဲ့ကြသည်။ တရားဝင်နာမည်ကိုတော့ နှင်းအေးဖြူဟု မှည့်ထားခဲ့သည်။ ယခုအချိန်တွင် ကျွန်မကို ဆောင်းဟုခေါ်သူ သိပ်မရှိတော့ပါ။

ဝိညာဉ်ရေးသောစာကို တစ်စုံတစ်ယောက်က နောက်ပြောင်ချင်၍ရေးသားလိုက်သည်ဟု စဉ်းစားကြည့်လို့လည်း သဘာဝမကျပါပေ။ နောက်ပြောင်သူသည် ကျွန်မငယ်နာမည်ကိုလည်း သိထားရဦးမည်၊ ထားထားအေး၏လက်ရေးတွေ လက်မှတ်တွေကိုလည်း ရေးတတ်ထိုးတတ်ရဦးမည်၊ ကျွန်မလိပ်စာကိုလည်း သိနေရဦးမည် မဟုတ်ပါလား။

သည်လိုဆိုလျှင် ဝိညာဉ်ရေးသောစာကို ကျွန်မသူငယ်ချင်း ထားထားအေး၏ဝိညာဉ်က တကယ်ရေးခဲ့သည်ဟု ကျွန်မ ယုံကြည်လိုက်ရတော့မည်လား။

ကျွန်မစိတ်က ကျွန်မသူငယ်ချင်းသေပြီဆိုတာကို လုံးဝ လက်မခံနိုင်ပါပေ။

သို့ရာတွင် စာပါအချက်အလက်များက စာရေးသူသည် ထားထားအေး၏ ဝိညာဉ်ကိုယ်တိုင်ဟု ယူဆစရာများ ရှိနေခဲ့ပါပြီ။

ကျွန်မသည် စဉ်းစားရင်းမှ တုန်လှုပ်ချောက်ချားလာရလေပြီ။

ကျွန်မသူငယ်ချင်း ထားထားအေးသည် တကယ်ပင်သေဆုံးခဲ့ပြီလား။

ထားနှင့်ပတ်သက်၍ ကျွန်မတတ်နိုင်သမျှ နောက်ကြောင်းများကိုပြန်လှန်ကြည့်ရပါတော့သည်။

ပလိပ်မြို့ကိုရောက်ပြီးနောက်ပိုင်း ကျွန်မထံသို့ ပေးပို့ထားသောစာများကို ပြန်ဖတ်၍ သဲလွန်စရှာကြည့်ခြင်းပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

ထား ပလိပ်မြို့ကို ထွက်ခွာသွားသည်မှာ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလပိုင်းက ဖြစ်ပါသည်။

ပလိပ်မြို့မှ နာမကျန်းသော သက်ကြီးရွယ်အိုတစ်ဦးအား ပြုစုရန် အထူးသူနာပြုဆရာမတစ်ဦး အလိုရှိကြောင်း ခေါ်ယူသည့် ကြော်ငြာသည့် ကြေးမုံသတင်းစာတွင် ပါဝင်လာခဲ့သည်။

ထားထားအေးက နယ်မြို့များတွင် အတွေ့အကြုံရှိစေရန် သွားရောက်လိုသည်နှင့် ထိုအလုပ်ခေါ်စာကို လျှောက်လွှာတင်လိုက်လေသည်။ တစ်ပတ်အတွင်းမှာပင် ပလိပ်မြို့မှလူနာရှင်များက ထားထားအေးအား စပါယ်ရှယ်နာ့စ်အဖြစ် ခန့်ထားပါကြောင်း အကြောင်းပြန်ကြားခဲ့လေသည်။

အလုပ်ရှင်တို့၏ဆန္ဒအရ ထားတစ်ယောက် တစ်ပတ်အတွင်း ပလိပ်မြို့သို့ ထွက်ခွာသွားခဲ့ရလေ၏။

ပလိပ်ကိုရောက်ချိန်မှစ၍ ယခုအထိ ထားထားအေး ရန်ကုန်ကို တစ်ခေါက်မှ ပြန်မလာခဲ့ပါ။ ပြန်လာလို့မရအောင်လည်း ထားပြုစု



www.burmeseclassic.com

www.burmeseclassic.com



ရသည့် လူနာအဘိုးကြီးအခြေအနေမှာ ဆိုးဝါးနေသည်ဟု ထားပေးပို့သောစာများအရ ကျွန်မသိခဲ့ရပါသည်။

ပလိပ်မြို့ကိုရောက်ရောက်ချင်း ကျွန်မထံပေးပို့သည့် ပထမဆုံးစာတွင် –

*လူနာအဘိုးကြီးက အသက် ၇၀ ရှိပြီဆောင်းရေ။ ရောဂါကတော့ စုံလို့ပဲ။ သွေးတိုးနဲ့နှလုံးကတော့ အပြင်းထန်ဆုံးပေါ့။ မန္တလေးကို တစ်ပတ်တစ်ကြိမ် အထူးကုနဲ့ သွားပြရတယ်။ ဒီမှာလည်း ပုံမှန်လာကြည့်ပေးတဲ့ ဆရာဝန်လေးတစ်ယောက်ရှိပါတယ်။ တို့နေရထိုင်ရတာတော့ အဆင်ပြေတယ်လို့ပြောရမှာပေါ့။*

*တို့ကတော့ တို့လူနာအဘိုးကြီး ဦးမောင်ကြိုင်ကို "ဘဘ"လို့ပဲခေါ်တယ်။*

နောက်တစ်လခန့်အကြာတွင် ရေးလိုက်သည့်စာမှာတော့ –

*ဆောင်းရေ ... ပလိပ်မြို့ဆိုပေမဲ့ တရားဝင်မြို့နယ်အဆင့်သတ်မှတ်ထားတဲ့ မြို့တော့မဟုတ်ဘူး။ မြို့ကလည်း သိပ်မကျယ်လှပါဘူး။ ဒါပေမဲ့ ချမ်းသာကြွယ်ဝတဲ့သူတွေ များပါတယ်။ လမ်းမကြီးပေါ်မှာဆို အိမ်ကြီးအိမ်ကောင်းတွေချည်းပဲ။*

*တို့ဘဘဆို ဆန်စက်ပိုင်လေ။ ဆောက်ထားတဲ့အိမ်ကြီးမှ အကြီးကြီးပဲ။ ခြံကြီးကလည်း အကျယ်ကြီးပဲဟယ်။ ဒါပေမဲ့ အိမ်မှာနေတဲ့ လူကတော့သိပ်မရှိပါဘူး။ ဘဘရဲ့ ညီမအကြီးနှစ်ယောက်နဲ့ သူ့သမီးတစ်ယောက်ပဲရှိကြတယ်။ ကျန်တာ*



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ အိမ်ဖော်တွေပေါ့။

ပြောရဦးမယ်။

ဘာဘာသမီး ခင်မိမိကြိုင်ဆိုတာက သိပ်စိတ်မမှန်ရှာဘူး။ သွက်သွက်လည် ရှးနေတဲ့အဆင့်မဟုတ်ပေမဲ့ တငိုငို တရယ်ရယ်နဲ့ သူပြောချင်တာတွေ လျှောက်ပြောနေတဲ့သူမျိုး ပေါ့ဟယ်။ မွေးရာပါလို့ပြောတာပဲ။ တို့အတွက်တော့ အနှောင့်အယှက် မဖြစ်ပါဘူး။

နောက်စာတစ်စောင်၌ ထားက မန္တလေးသို့သွားသည့် အကြောင်းများကို ရေးသားထားလေသည်။

ဘာဘာက တစ်ပတ်တစ်ကြိမ်မန္တလေးကို သွားပြရတော့ တို့လည်း လိုက်သွားရတယ်လေ။ ဘာဘာသွားပြတဲ့ဆေးရုံမှာ ဘယ်သူ့ကိုတွေ့ရလဲ သိလား။ နွယ်နွယ်လှိုင်လေ။ တို့နဲ့ တစ်ပတ်တည်းဆင်းတဲ့ နွယ်နွယ်လှိုင်ရယ်။ သူက မန္တလေးသူ ဆိုတော့ မန္တလေးမှာပဲ ဂျူတီဝင်နေတာကို။ သူလည်း အလုပ်ကထွက်လိုက်ပြီး တို့လိုပဲ စပါယ်ရှယ်နာ့စ် လုပ်နေ တာတဲ့။ ဆောင်းကိုလည်း မေးလိုက်ပါသေးတယ်။

တို့အတွက်တော့ ဘာဘာတာဝန်နဲ့ချည်းဆိုတော့ ပလိပ် မှာတော့ မြို့ထဲတောင် ထွက်မလည် ဖြစ်ပါဘူးဟယ်။ မန္တလေးကို တစ်ပတ်တစ်ခါသွားရတော့ ဘုရားတော့ဖူးရတာ ပေါ့။ ဘာဘာက မန္တလေးရောက်တိုင်း မဟာမြတ်မုနိဘုရားကြီး ကို ဝင်ပြီးကြည်ညိုတယ်လေ။ ကားပေါ်ကနေပဲ အာရုံပြု



www.burmeseclassic.com

www.burmeseclassic.com



*နိုင်တာပါ။ တို့အတွက်တော့ ဘုရားကို ရောက်သွားရတာပေါ့။ တို့ပါနေလို့ တခြားဘုရားတွေလည်း လိုက်ပို့ပေးပါတယ်။*

နောက်ပိုင်းရေးသည့်စာများမှာ သာမန်မာကြောင်းသာကြောင်း အနည်းအကျဉ်းသာ ဖြစ်ပါသည်။ စာတစ်စောင်တွင် ဘဘဦးမောင်ကြိုင်က ခွင့်ပေး၍ မန္တလေးကို တစ်ညအိပ်သွားခဲ့ကြောင်း၊ နွယ်နွယ်လှိုင်အိမ်တွင်တည်းခိုကြောင်း၊ နွယ်နွယ်က စစ်ကိုင်းမင်းကွန်းဘက်သို့ ဘုရားဖူး လိုက်ပို့ကြောင်းများ ရေးထားသည်။

တစ်နှစ်အတွင်းတွင် ကျွန်မဆီသို့ ထားရေးပို့သောစာပေါင်း ၈ စောင်တိတိရှိပါသည်။ ယခုနှစ်သင်္ကြန်အပြီးတွင် ရေးပို့လိုက်သောစာမှာ နောက်ဆုံးစာဖြစ်သည်။ ထိုစာမှာတော့ ထူးခြားသောအကြောင်းအရာတစ်ခု ပါလာခဲ့လေ၏။

*တို့မှာချစ်သူရှိနေပြီဆိုရင် ဆောင်း ရယ်မှာလားဟင်။ ယောက်ျားတွေကို စိတ်မဝင်စားဘူးဆိုတဲ့မိန်းမ ဘယ်လိုလဲလို့ ရန်တွေ့ချင်မှာပဲ မဟုတ်လား။ ခုတော့ . . . အချစ်ဆိုတာ တို့ဘဝထဲဝင်လာခဲ့ပြီ ဆောင်းရေ။ သင်္ကြန်မတိုင်ခင်ကပဲ ကိုယ် သူ့ကို အဖြေပေးလိုက်တယ်။*

*ဒီပုံအတိုင်းဆိုရင်ဖြင့် တို့လည်း ရန်ကုန်မှ ပြန်လာဖြစ်ပါတော့မလားပဲ။ အညာမှာပဲ အခြေချပြီး အညာသူကြီး လုပ်ရတော့မယ် ထင်ပါရဲ့ဟယ်။*

ထားက သူ့ချစ်သူဘယ်သူဘယ်ဝါဆိုတာတော့ ဖော်ပြမထား ပါ။ ထိုစာကိုနောက်ဆုံးရေးပြီး နောက်ထပ် စာမရေးတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ကြိုင်ဆုံးပြီဆိုကာမှ ရန်ကုန်ပြန်လာတော့မည်ဆိုသည့် အကြောင်းကို ကျွန်မ ဂျူတီဝင်နေသည့်ဆေးခန်းသို့ ဖုန်းဆက်ပြောကြား ခဲ့ခြင်းဖြစ်ပါသည်။ ထားးက ဦးမောင်ကြိုင်မှာ အောက်တိုဘာလ (၂၆) ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ရက်လည်ပြီးသည်နှင့် သူမ ပြန်လာမည်ဖြစ်ကြောင်း အသိပေးခဲ့ခြင်း ဖြစ်သည်။

ထိုနေ့သည် အောက်တိုဘာလ (၂၈) ရက် ဖြစ်ပါသည်။ ဘယ်နေ့ဘယ်ရက် ပြန်လာဖြစ်မယ်ဆိုတာတော့ ဖုန်းဆက်စဉ်က မပြောခဲ့ ပါ။

ကျွန်မသည် ပြန်ရောက်လာတော့မည့် ကျွန်မသူငယ်ချင်း ထားထားအေးကို မျှော်နေခဲ့ပါသည်။

ထားထားအေးသည် ရန်ကုန်ပြန်ရောက်လျှင် ကျွန်မအိမ်မှာ ပဲနေမည် ဖြစ်ပါသည်။ ယခင် ရန်ကုန်မှာ အလုပ်လုပ်နေစဉ်ကလည်း ကျွန်မအိမ်မှာပင် နေခဲ့သည်။ မိဘဆွေမျိုးများမရှိတော့သော ထားထား အေးအတွက် တစ်မြို့တည်းသားများဖြစ်နေသော ကျွန်မ မိဘများကိုပင် သူ့မိဘများကဲ့သို့ သဘောထားသည်။ သူနာပြုသင်တန်းတက်နေ ကတည်းကပင် ကျွန်မတို့အိမ်မှာ အဆောင်သဘောမျိုးနေခဲ့ပြီး ထမင်း လခပေးစားခဲ့ခြင်း ဖြစ်ပါ၏။

ကျွန်မသည် ထားထားအေး ပြန်လာတော့မည်ဆို၍ သူနေမည့် အခန်းကိုရှင်းလင်းကာ မျှော်နေခဲ့လေသည်။

ရောက်မယ့်ရောက်လာတော့ ထားထားအေးသည်ဦးစာဉ်က ရေးလိုက်သည်ဆိုသောစာက မမျှော်လင့်ဘဲ ရောက်လာခဲ့လေပြီ။

☼

www.burmeseclassic.com

www.burmeseclassic.com



ထားထားအေးဝိညာဉ် ရေးလိုက်သည့်စာကိုဖတ်ရင်း ကျွန်မ အတွေးနက်ရလေပြီ။

စာကို ထားရဲ့ဝိညာဉ်က အမှန်တကယ် ရေးခဲ့တာလား။ တစ်စုံတစ်ယောက်က ရည်ရွယ်ချက်တစ်ခုခုဖြင့် နောက်ပြောင်ခြင်း သို့မဟုတ် လှည့်စားပြုခြင်းပေလား။

ထားရေးသည့်မှန်လျှင် စာထဲ၌ တို့သားအမိဆိုသောအသုံးအနှုန်းကို ဘာကြောင့် သုံးနှုန်းထားရသလဲ။

ထားမှာလည်း ပြန်မလာဘဲ ပျောက်ဆုံးနေပါသည်။

ကျွန်မသည် ကျွန်သူငယ်ချင်း၏ ပဟေဠိဖြစ်ရပ်ကို အဖြေမှန်ပေါ်အောင် စုံစမ်းရပါတော့မည်။

တစ်ခုတည်းသောနည်းလမ်းမှာ ထားအလုပ်လုပ်ခဲ့သော ပလိပ်မြို့သို့သွားရောက် စုံစမ်းရန်ပင် ဖြစ်ပါ၏။ ပြီးတော့ ထားဝိညာဉ်ပူးခဲ့သည်ဆိုသော အသက် ၁၂နှစ် အရွယ် တောသူမလေးရှိရာ စဉ့်ကိုင်မြို့ကိုလည်း သွားရမည်။ စာပေးပို့သူ ကိုတက်လူဝင်းနှင့် ဆက်သွယ်ရပါမည်။

☼

ကျွန်မက ပထမဦးဆုံး မန္တလေးမှ သူငယ်ချင်း နွယ်နွယ်လှိုင်ထံ ကျွန်မ လာရောက်မည့်အကြောင်း ဖုန်းဆက်အကြောင်းကြားလိုက်ပါသည်။

ထို့နောက် ကျွန်မ၏မိဘများထံ အကျိုးအကြောင်းပြောပြ၍ ခွင့်ပန်ကာ မန္တလေးမြို့သို့ ထွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးလေးရောက်ခါမှ နွယ်နွယ်လှိုင်၏ အကူအညီကိုယူကာ ထားအကြောင်းများကို စုံစမ်းရပါတော့မည်။ ပလိပ်တို့ စဥ့်ကိုင်တို့ကို သွားရပါတော့မည်။

ကျွန်မသည် နိုဝင်ဘာလ (၂၃) ရက်နေ့တွင် မန္တလေးသို့ မီးရထားဖြင့် ထွက်ခွာခဲ့လေ၏။

ကျွန်မ၏ ခရီးစဥ်တွင် ထားနှင့်ပတ်သက်၍ ထိတ်လန့်ဖွယ်၊ ရင်ဘို့ဖွယ်၊ အသိရခက် နက်နဲသောအဖြစ်များ ကြုံရတော့မည်ဆိုသည်ကို ထိုစဥ်တုန်းကတော့ ကျွန်မ မသိခဲ့ပါပေ။

www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

နံနက်ခင်းစောစော ရန်ကုန်ဘူတာကြီးမှ ထွက်ခွာလာသော ရထားကြီးက ကျွန်မအား မန္တလေးမြို့သို့ သယ်ဆောင်သွားလျက် ရှိပါသည်။

မန္တလေးမြို့တွင် တစ်ထောက်နားပြီး ပလိပ်၊ စဥ့်ကိုင်မြို့များ သို့သွားရောက်၍ ထားအကြောင်းစုံစမ်းလျှင် မည်သို့များ ကြုံဆုံရဦးမှာ ပါလိမ့်။

ကံကောင်းထောက်မ၍ ထားကိုအသက်ရှင်လျက် တွေ့ရပါစေ။ ကျွန်မထံရောက်လာသော ဝိညာဉ်ရေးတဲ့စာမှာ မှားယွင်းသောအချက် တစ်ခုပဲ ဖြစ်ပါစေ။ ကျွန်မက ဆုတောင်းနေမိသည်။

ထားကိုလည်း မျက်စိထဲမှာ မြင်ယောင်နေမိ၏။

ထား၏မိဘများနှင့် ကျွန်မမိဘများမှာ ဝန်ထမ်းများ ဖြစ်ကြပြီး ရုံးဌာနတစ်ခုတည်းတွင် တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်ပါသည်။ ထိုစဥ်က ကျွန်မတို့သည် မြစ်ဝကျွန်းပေါ်ရှိ မြို့တစ်မြို့တွင် နေထိုင်ခဲ့ကြသည်။ ကျွန်မနှင့်ထား ဆယ်တန်းအောင်သည့်နှစ်တွင် ကျွန်မ ဖခင်က



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ ရန်ကုန်ရုံးချုပ်သို့ ပြောင်းရသည်။ ထားတို့မိသားစုက မြို့ကလေး တွင်ကျန်နေရစ်ခဲ့ကြသည်။

ကျွန်မနှင့်ထားသည် တက္ကသိုလ်ဆက်တက်ရန် လျှောက်ထား ကြရာတွင် ကျွန်မတို့ဝါသနာပါသော သူနာပြုတက္ကသိုလ်ကို တက်ရောက် ခွင့်တင်ခဲ့ကြလေ၏။

သူနာပြုတက္ကသိုလ် တက်ခွင့်ရသည့်အခါ ရန်ကုန်တွင် ကျောင်း လာတက်ရသောထားသည် ကျွန်မတို့အိမ်မှာပင် နေထိုင်ခဲ့ပါသည်။

ထား၏မိဘများသည် ကျွန်မတို့တက္ကသိုလ်တက်နေစဉ်မှာပင် ရွှေဆင့်နောက်ဆင့် ကွယ်လွန်ခဲ့လေသည်။ ထားအတွက် အမွေအနှစ် အတော်များများ ချန်ရစ်ထားခဲ့ကြရှာသည်။ ထားတွင် နီးစပ်သောဆွေမျိုး သားချင်း မရှိရှာပါ။

ကျွန်မမိဘများက ရရှိသည့်အမွေအနှစ်ကို မပျောက်မျက် အောင် ဘဏ်တွင်အပ်ထားရန်နှင့် ကျွန်မတို့အိမ်တွင်ပင် ဆက်နေပြီး ကျောင်းတက်ဖို့ တိုက်တွန်းခဲ့လေသည်။

ထားသည် ကျောင်းပြီးသည်ထိ ကျွန်မတို့အိမ်မှာပဲ နေခဲ့ပါ သည်။ အလုပ်ဝင်တော့လည်း အိမ်မှာပင်ဆက်နေခဲ့သည်။

ထို့ကြောင့် . . . ထားနှင့်ကျွန်မမှာ သူငယ်ချင်းဆိုသည်ထက်ပို၍ ရင်းနှီးခင်မင်ခဲ့ရပေသည်။ ဆွေမျိုးမတော်စပ်သော်လည်း ညီအစ်မသဖွယ် ချစ်ခင်ခဲ့ရပေသည်။ ကျွန်မတို့နှစ်ယောက်လုံးမှာ မောင်နှမသားချင်း မရှိသော တစ်ဦးတည်းသောသမီးများ မဟုတ်ပါလား။

ကျွန်မတို့သည် သတ်မှတ်ထားသော စည်းကမ်းချက်များ အတိုင်း အစိုးရဝန်ထမ်းအဖြစ် ပြည်သူ့ဆေးရုံများတွင် တာဝန်ကျေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ထမ်းဆောင်ခဲ့ပါသည်။ နုတ်ထွက်ခွင့်ရနိုင်သည့် လုပ်သက်ရ အပြီးတွင် နှစ်ယောက်လုံး အစိုးရအလုပ်မှ နုတ်ထွက်လိုက်သည်။

ကျွန်မတို့ဝါသနာပါသော သူနာပြုလုပ်ငန်းကိုမူ စပါယ်ရှယ်နာ့စ် (အထူးသူနာပြု)များအဖြစ် ပြင်ပဆေးရုံကြီးများ၊ ဆေးခန်းကြီးများတွင် တာဝန်ယူဆောင်ရွက်ပေးခဲ့ပါ၏။

ထားသည် ဆယ်တန်းအောင်ချိန်မှစ၍ ကျွန်မတို့အိမ်မှာပင် တစ်လျှောက်လုံးနေထိုင်ခဲ့ပါသည်။ အညာကိုရောက်ဖူးချင်လို့ဆိုကာ ပလိပ်မြို့မှ ခေါ်ယူသောအလုပ်ကိုလျှောက်ထားပြီး ပလိပ်သို့ရောက်သွားမှပင် ထားနှင့်ကျွန်မ ခွဲခဲ့ရပါသည်။

ကျွန်မတို့ ခွဲခွာခဲ့ရချိန်မှာလည်း အကြာကြီးဟု မဆိုသာပါ။ တစ်နှစ်မျှသာဖြစ်ပါသည်။ တစ်နှစ်အတွင်းမှာတော့ ထားသည် ရန်ကုန်ကိုတစ်ခေါက်မျှ ပြန်မလာခဲ့ပါချေ။ အရေးကြီးသောလူနာကို အိမ်တိုင်ယာရောက်ပြုစုစောင့်ရှောက်ပေးနေရသော ကျွန်မတို့သူနာပြုများအဖို့ ရက်ရှည်ခွင့်ယူဖို့လည်း မသင့်တော်ဘူး မဟုတ်ပါလား။

ကျွန်မသည် ရထားပြင်ပရှုခင်းများကိုငေးမောရင်းဖြင့် ထား အကြောင်းများကို တွေးတောနေခဲ့လေသည်။

ကျွန်မကို တင်ဆောင်လာသောမီးရထားကြီးသည် ညမှောင် ရီပျိုးစအချိန်တွင် မန္တလေးဘူတာကြီးသို့ ဆိုက်ရောက်ခဲ့ပါပြီ။ မန္တလေးဘူတာကြီးတွင် သူငယ်ချင်းနွယ်နွယ်လှိုင်က လာ ရောက်ကြိုဆို နေပါသည်။

☼

www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်လှိုင်သည် ကျွန်မလာရောက်ခြင်းကို ထားထားအေးကိစ္စအတွက်ဟု သိရှိမထားပါ။ အလည်သက်သက်လာသည်ဟုပင် ထင်နေရှာပေ၏။

ရထားပေါ်မှဆင်းဆင်းချင်း နွယ်နွယ်လှိုင် ပြောလိုက်သောစကားက ကျွန်မရင်ကို ဆို့သွားစေပါသည်။

"နှင်းက ထားထားအေး ပလိပ်မှာရှိတုန်းကတော့မလာဘူး။ ထားထားအေးရှိတုန်းကသာလာရင် တို့သူငယ်ချင်းသုံးယောက် အတူတူ တွေ့ကြရမှာပဲ။ ထားရော နေကောင်းရဲ့လား။ ရန်ကုန်ဆေးခန်းတွေမှာ အလုပ်ဝင်နေပြီလား"

ထိုစကားကိုထောက်ရှုခြင်းအားဖြင့် နွယ်နွယ်လှိုင်သည် ထားထားတစ်ယောက် ရန်ကုန်ပြန်ရောက်နေပြီဟုထင်နေကြောင်း သိသာလေသည်။

ကျွန်မက ဘူတာထဲတွင် အထူးအထွေပြောမနေတော့ဘဲ အိမ်ရောက်မှသာ အကျိုးအကြောင်းပြောပြဖို့ ဆုံးဖြတ်လိုက်ပါသည်။

☼

ကျွန်မက ကျွန်မထံရောက်လာသော 'ဝိညာဉ်ရေးသည့်စာ' ကိုအမှတ်ပြုကာ အကြောင်းစုံပြောပြလိုက်သည်တွင် နွယ်နွယ်လှိုင်မှာ [illegible]က ထိတ်ထိတ်လန့်လန့် ဖြစ်သွားပါတော့သည်။

"ဒါဖြင့် . . . ထား ရန်ကုန်ပြန်ရောက်မလာဘူးပေါ့"

"ဟုတ်တယ် နွယ်"

"ဘုရား . . . ဘုရား . . . ထားရန်ကုန်ပြန်သွားတာတော့ [illegible]တယ် နှင်း။ ဘာဖြစ်လို့လဲဆိုတော့ သူရန်ကုန်ပြန်မယ့်နေ့က



www.burmeseclassic.com

www.burmeseclassic.com



နွယ့်ဆီကို ဖုန်းဆက်တယ်လေ၊ ညကိုးနာရီလေးဆယ့်ငါး ရထား အထူး အမြန်ရထားနဲ့ ပြန်မှာတဲ့၊ ဒါပေမဲ့ ... နွယ်က ခွဲစိတ်မှုတစ်ခုမှာ လက်ထောက် လုပ်နေရလို့ ဘူတာကို ဆင်းမတွေ့ခဲ့ဘူး"

"အဲဒီနေ့ကို နွယ်မှတ်မိလားဟင်"

"နွယ့်ဒိုင်ယာရီကို ပြန်ကြည့်ရင် ရပါတယ်၊ နေဦး နွယ်ကြည့် ပေးမယ်နော်"

နွယ်နွယ်က သူမ၏နေ့စဉ်ဒိုင်ယာရီမှတ်တမ်းထဲတွင် ပြန်ကြည့်ပေးသည်။

"အဲဒါ နိုဝင်ဘာလ ၁၀ ရက်၊ တနင်္လာနေ့ပဲနှင်း၊ အဲဒီနေ့က ခွဲလူနာတစ်ယောက်ရှိလို့ နွယ် ထားကို လိုက်မပို့ဖြစ်တာ၊ သေချာတယ်၊ ဒါပေမဲ့ ... နှင်း ထားဟာ ရန်ကုန်လည်း ပြန်ရောက်မလာဘူး၊ ထား ဝိညာဉ်ရေးလိုက်တယ်ဆိုတဲ့စာလည်း ရောက်လာတယ်ဆိုတော့ ထားဟာ အဲဒီနေ့က ရထားနဲ့ လိုက်မှလိုက်ဖြစ်ရဲ့လား မသိဘူးဟယ်"

"သိပ်တော့မကြာသေးဘူးလေ၊ တို့တွေ နောက်ကြောင်းတွေ လှန်ပြီး စုံစမ်းရမှာပေါ့၊ အဲဒီအတွက် ပလိပ်ကိုသွားစုံစမ်းဖို့ ကိုယ်လာခဲ့ တာပဲနွယ်နွယ်၊ လိုအပ်ရင် ကိုတက်လူဝင်းရှိတဲ့ စဉ့်ကိုင်ကိုလည်း လိုက် သင့်လိုက်ရမယ်လေ"

"နွယ်ကူညီပါ့မယ် နှင်း၊ ဒီကိစ္စကို နွယ်လည်း စိတ်ဝင်စား တယ်၊ ထားဟာ နွယ့်သူငယ်ချင်းပါ၊ နွယ်ကူညီမှာပေါ့"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

နောက်တစ်နေ့တွင် နွယ်နွယ်လှိုင်က သူမ၏မော်တော်ဆိုင်ကယ်လေးဖြင့် ပလိပ်ကို လိုက်ပို့ပေးပါသည်။

ပလိပ်မြို့သို့ရောက်ရှိသော ရန်ကုန် – မန္တလေး ကားလမ်းမကြီးမှာ ကျယ်ဝန်းခြောင့်ဖြူးလှပေ၏။ မန္တလေးသို့ မရောက်တာကြာပြီဖြစ်သော ကျွန်မသည် အဆင့်မြင့်လှသော ခြောက်လမ်းသွားအဝေးပြေးလမ်းမကြီးကိုကြည့်၍ ကြည်နူးအံ့သြမိရပေသည်။

မော်တော်ဆိုင်ကယ်လေးသည် လမ်းမကျယ်ကြီးတွင် လေးမှလွတ်သော မြှားတစ်စင်းကဲ့သို့ အမြန်ပြေးနေသည်။ တစ်မြို့တစ်ရွာစီဖြစ်သော်လည်း လမ်းကလည်းကောင်း၊ ယာဉ်ကလည်းမြန်သည်မို့ သိပ်မကြာလှဘဲ ပလိပ်မြို့ကို ရောက်သွားခဲ့ပါသည်။

ပလိပ်မြို့မှာ ရန်ကုန် – မန္တလေးလမ်းမကြီးဘေး လမ်းမကြီး၏ ညာဘက်တွင်ကပ်လျက်ရှိသော မန္တလေးနှင့်မဝေးလှသည့် မြို့ကလေးဖြစ်ပါသည်။ မြွေဘုရားရှိသည့်အတွက် နာမည်ကျော်ကြားသော မြို့ကလေးလည်းဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပလိပ်အရောက်တွင် မကြာခင်က ကွယ်လွန်သွားခဲ့သော ဆန်စက်ပိုင် ဦးမောင်ကြိုင်အိမ်ကိုစုံစမ်းရာ အလွယ်တကူပင် စုံစမ်းလို့ရခဲ့ပါသည်။ မြို့အဝင်လမ်းမအတိုင်း တည့်တည့်မောင်းဝင်သွားရန် လမ်းညွှန်ပေးလိုက်ပါသည်။

ကျွန်မတို့သည် မြို့ထဲသို့ အတန်ငယ်ချိုးကွေ့ဝင်ခဲ့ရာ ကျယ်ပြောသောခြံကျယ်ကြီးထဲမှ ဦးမောင်ကြိုင်၏ တိုက်အိမ်ကြီးကို ရောက်ရှိခဲ့ပါတော့သည်။

ကျွန်မက အကျိုးအကြောင်းပြောပြရာ အလုပ်သမားတစ်ယောက်က တံခါးဖွင့်ပေးသည်။ ဧည့်ခန်းတွင် ထိုင်ခိုင်းထားခဲ့ကာ အိမ်ရှင်များကိုသွား၍ အကြောင်းကြားပေးပါသည်။

ခဏအကြာတွင် အဘွားကြီးတစ်ဦး ဧည့်ခန်းထဲသို့ဆင်းလာပါသည်။

"ဘာကိစ္စများ ရှိကြလို့ပါလဲ"

"ကျွန်မက ရန်ကုန်ကပါ ကြီးကြီး၊ ဒီအိမ်မှာ အလုပ်လုပ်သွားတဲ့ သူနာပြုဆရာမထားထားအေးရဲ့ သူငယ်ချင်းပါ၊ နာမည်က နှင်းအေးဖြူလို့ ခေါ်ပါတယ်"

"သြော် ... ဆရာမလေးသူငယ်ချင်းကိုး၊ ဆရာမလေးက ပြန်သွားပါပြီ၊ ရန်ကုန်ကို ပြန်သွားတယ်၊ သူပြုစုပေးနေတဲ့ ကြီးကြီးရဲ့အစ်ကိုကြီးလည်း ဆုံးသွားရှာပြီလေ"

"ဟုတ်ကဲ့ပါ ကြီးကြီး၊ ထားထားအေး ဘယ်နေ့က ရန်ကုန်ပြန်သွားပါသလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်ရက်မကတော့ဘူးကွဲ့၊ ရက်အတိအကျတော့ ကြီးကြီးလည်း မမှတ်မိတော့ဘူး၊ မောင်ဉာဏ်မိုးကို မေးမှသိမယ်၊ အစ်ကိုကြီးက အောက်တိုဘာ ၂၈ မှာဆုံးတယ်၊ အစ်ကိုကြီးရက်လည်ပြီး မကြာဘူး ဆရာမလေး ပြန်သွားတာပဲ"

"ဟုတ်ကဲ့ ကြီးကြီး၊ ထားထားအေး ရန်ကုန်ကိုပြန်ရောက်မလာလို့ပါ"

"ဘယ်လိုကွယ့်"

အဘွားကြီးက အံ့သသွားဟန်တူသည်။

"ရထားလက်မှတ်ဝယ်ပြီး ရထားပေါ်ရောက်တဲ့အထိ ဒီအိမ်က တာဝန်ယူ ပို့ပေးလိုက်တာပဲကွယ်"

"ဟုတ်ပါတယ်၊ ထားထားအေးရန်ကုန်ကို ခုထိပြန်မလာလို့ ကျွန်မ လာမေးတာပါ ကြီးကြီး"

"တစ်နေရာရာများ ဝင်နေရှေ့သလားကွယ်"

"ဝင်စရာမရှိပါဘူး ကြီးကြီး၊ ထားက ရန်ကုန်ရောက်ရင် ကျွန်မတို့အိမ်မှာနေမှာပါ၊ ကျွန်မတို့အိမ်ကိုမဲ လာရမှာပါကြီးကြီး"

"အဲဒါတော့ပြောတယ်ကွယ့်၊ သူက သူငယ်ချင်းအိမ်မှာ နေတာတဲ့"

"သူပြန်လာခါနီးတော့ ကျွန်မကို ဖုန်းဆက်ပါသေးတယ်၊ ဒီက အန်ကယ် ဆုံးပြီးခါစပါ၊ ဖုန်းဆက်ပြီးကတည်းက အဆက်အသွယ် ပြတ်သွားတာပါ ကြီးကြီး"

"ဖုန်းဆိုလို့ ကြီးကြီးကလည်း ရန်ကုန်ရောက်ရင် ဖုန်းလေး တစ်ချက်ဆက်ဖို့ မှာလိုက်ပါသေးတယ်၊ ဆရာမလေး ဖုန်းမဆက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ထူးတယ်လို့တော့ ထင်မိသား။ ရန်ကုန် ပြန်ရောက်မလာဘူး ဆိုတော့ ရင်ထိတ်လိုက်တာကွယ်၊ ဘယ့်နဲ့ထင်သတုံး''

''မထင်တတ်အောင်ပါပဲ ကြီးကြီးရယ်''

''ရန်ကုန်နဲ့မန္တလေး ဘာခရီးဝေးလို့တုံးကွယ်၊ ရထားပေါ် တက်သွားမှတော့ ရောက်ဖို့ပဲရှိတာ မဟုတ်လား''

''ဟုတ်ပါတယ် ကြီးကြီး၊ ကျွန်မလည်း စိတ်ပူလို့လိုက်လာ တာပါ၊ နောက်ပြီး . . .''

ကျွန်မက ဝိညာဉ်ရေးသောစာ ကျွန်မဆီ ရောက်လာကြောင်း ပြောဖို့သင့်မသင့် ချိန်ဆကြည့်လိုက်သည်။ ဘေးမှ နွယ်နွယ်လှိုင့်ကို သဘောထားတောင်းခံသလိုမျိုး လှည့်ကြည့်လိုက်သည်။

နွယ်နွယ်က သူ့ခြေထောက်ဖြင့် ကျွန်မခြေထောက်ကို လှမ်း ထိကာ မပြောဖို့ဟန့်တားလိုက်လေ၏။

''ဟိုမှာလည်း သူ့အတွက် အလုပ်လုပ်စရာတွေ စောင့်နေ လို့ပါ''

ကျွန်မက စကားလမ်းကြောင်းကို လွှဲပစ်လိုက်ရသည်။

ထိုစဉ် အတွင်းခန်းထဲမှ အမျိုးသမီးတစ်ဦး ထွက်လာလေသည်။ အမျိုးသမီးက ကျွန်မတို့နှစ်ယောက်ကို စေ့စေ့ကြည့်ကာ မေးလိုက် လေသည်။

''ဟဲ့ နင်တို့က ဘယ်သူတွေတုံး၊ ဘယ်က လာကြတာတုံး''

ထိုအမျိုးသမီးမှာ ဦးမောင်ကြိုင်၏သမီး စိတ်မမှန်သောအမျိုး သမီးဖြစ်ကြောင်း ကျွန်မက မြင်ရုံနှင့်သိလိုက်လေသည်။ ထားရေးပို့ သောစာထဲတွင် သူမအကြောင်း ပါခဲ့ဖူးသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အသွင်အပြင်အရလည်း သူမကို ဦးနှောက်မူမမှန်ရှိသူ မဟုတ်မှန်း ကြည့်ရုံဖြင့်သိနိုင်ပါသည်။

အဝတ်အစားများကတော့ သစ်သစ်လွင်လွင် သန့်သန့်ရှင်းရှင်း ပင်ဖြစ်ပါသည်။ ခြေဆုံးခေါင်းဆုံးလည်း သနပ်ခါးများ လိမ်းထားသည်။ သနပ်ခါးကို ထူထူပိန်းပိန်းလိမ်းထားရာ မျက်နှာပေါ်တွင် မျက်နှာဖုံးတစ်ခု ထပ်စွပ်ထားသကဲ့သို့ပင် ထင်ရပါသည်။ သနပ်ခါးများမှာ ညီညီညာညာ မဟုတ်ဘဲ ဖြစ်သလိုလိမ်းထား၍ အစင်းကြောင်းကြီးများ ဖြစ်နေသည်။

အထူးခြားဆုံးမှာ . . . ပန်းပန်ထားပုံ ဖြစ်၏။ သူမက ပန်းကို ဦးခေါင်းထိပ်တည့်တည့်တွင် ပန်ဆင်ထားလေသည်။ နှင်းဆီပွင့် အနီရဲရဲကြီးတစ်ပွင့် ဖြစ်ပါ၏။ ပန်းပန်ထားပုံမှာ ကလစ်၊ ဆံညှပ်များဖြင့် ထိုးပန်ထားခြင်း မဟုတ်ပါ။ ပလတ်စတစ်ကြိုးတစ်ချောင်းဖြင့် ပတ်ချည်ထားခြင်းဖြစ်ပြီး ကြိုးစတစ်ဖက်က ပခုံးပေါ်ဝဲကျနေသေးသည်။ ပလတ်စတစ်ကြိုးမှာလည်း အထုပ်အပိုးများချည်နှောင်သော ကြွပ်ကြွပ်အိတ် ကြိုးဆိုသည့် အပေါစားကြိုးတစ်ချောင်းသာ ဖြစ်လေသည်။ ထိုအဆင် အပြင်ကပင် သူမအား စိတ်ထားမူမမှန်သူအဖြစ် သိသာစေပေ၏။

"နင်တို့ ဘယ်ကလဲဟေ၊ ဘာလာလုပ်တာတုံး"

သူမက နောက်တစ်ကြိမ်မေးရင်း အဘွားကြီးဘေးတွင် ဝုန်းခနဲဝင်ထိုင်လိုက်သည်။

"ခင်မိ၊ ဂိုယ့်ဟာကိုယ် သွားနေစမ်း၊ ညည်းသည်တွေကို မရော ရာဘူးလို့ ဘယ်နှခါပြောရမလဲ၊ ညည်းသည်ကို နင်နဲ့ငါနဲ့ မပြောရဘူး၊ သွား သွား"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဒီကောင်မလေးက လှလို့ပါဒေါ်လေးရဲ့၊ နှင် သိပ်လှတယ်ဟာယ်၊ သိလား"

သူမက ကျွန်မကို လက်ညှိုးကြီးဖြင့်ထိုးပြကာ အားရပါးရ ပြောလိုက်လေသည်။

"သည်းခံပါကွယ်၊ ကြီးကြီးတူမလေးပါ၊ သူက . . ."

"ရပါတယ်ကြီးကြီး၊ ကိစ္စမရှိပါဘူး"

"ခင်မိ၊ ဧည့်သည်တွေကို မနှောင့်ယှက်ရဘူးနော်၊ ဒီကလေးမတွေက အိမ်မှာလာပြီး ညည်းအဖေကို ပြုစုသွားတဲ့ ဆရာမလေးထားထားအေးရဲ့ သူငယ်ချင်းတွေကွဲ့"

"ဆရာမလေး၊ အေး ဆရာမလေးလည်း လှတာပဲဟဲ့၊ နှင်လှတာ ဆရာမလေးသူငယ်ချင်းမို့လို့ ဟီ ဟီ ဟီ"

ကျွန်မကပြုံးလိုက်မိပါသည်။ စိတ်ပေါ့သွပ်သူပြောခြင်းပင် ဖြစ်သော်လည်း လူပီပီ ကျွန်မသည် လှတယ်အပြောခံရ၍ ပီတိဖြစ်မိရသည်။

"ဒါပေမဲ့ နှင်တို့လှတာ ငါ့တော့မမီပါဘူး၊ ငါ့ကို ကြည့်စမ်း၊ ငါက မေသဉ္ဇာဦးနဲ့ တူတယ်"

သူမက ထိုင်ရာမှထကာ ကိုယ်ကိုတစ်ပတ်လှည့်ရင်း ဟန်လုပ်ပြလိုက်ပြန်လေသည်။

"ခင်မိ၊ အိမ်ထဲ သွားနေလို့ပြောတယ်၊ တယ်ခက်ပါလား"

"နေပါစေ ကြီးကြီးရယ်၊ ကိစ္စမရှိပါဘူး"

နွယ်နွယ်လှိုင်က ဝင်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့သည် သူမကိုကြည့်ပြီး ရယ်မောလိုခြင်း၊ ပြုံးမိခြင်း မဖြစ်မိပါ။ ကျွန်းမာရေးဝန်ထမ်းများဖြစ်သည့်အားလျော်စွာ ကျန်းမာရေးရှုထောင့်မှကြည့်၍ ကရုဏာသက်မိပါသည်။

"နှာမည်က ခင်မိမိကြိုင်တဲ့၊ ကြီးကြီးအစ်ကိုကြီး လင်မယား မှာ သားသမီးဆိုလို့ သူတစ်ယောက်ပဲ ထွန်းကားပါတယ်၊ ကြီးကြီးကတော့ အပျိုကြီးပါ"

"ဟုတ်ကဲ့"

"ကြီးကြီးနာမည်က ဒေါ်ခင်မြိုင်တဲ့၊ ဆရာမတို့ကို မောင်ညဏ် မိုးလာတဲ့အထိ စောင့်စေချင်တယ်၊ အိမ်မှာ မောင်ညဏ်မိုးရှိလို့ သာ ကြီးကြီးတို့လည်း အဆင်ပြေပြေနေနိုင်တာပဲ"

"ကိုညဏ်မိုးဆိုတာက ..."

"ကိုညဏ်မိုးဆိုတာ ငါ့ယောက်ျားပဲ၊ ငါ့ယောက်ျားက ငါ့ကို သိပ်ချစ်တာ၊ တိ တိ ..."

"ခင်မိ၊ နင် ငါလို့မပြောရဘူးဆိုတာ ဘယ်နှခါသင်ရမလဲ၊ ခက်ပါလားအေ"

ကျွန်မသည် စိတ်ပေါ့သွပ်နေသူ မခင်မိမိကြိုင်တွင် ခင်ပွန်း ယောက်ျားရှိသည်ဆို၍ အံ့ဩသွားမိသည်။ ထားစာထဲမှာတော့ ခင်မိမိ ကြိုင်မှာ ယောက်ျားရှိကြောင်း မပါပါပေ။

ထိုစဉ် အိမ်ရှေ့တွင် ကားတစ်စီးထိုးဆိုက်သံ ကြားလိုက်သည်။

"ဟော ...၊ ကိုညဏ်မိုး ပြန်လာပြီ၊ ငါ့ယောက်ျား ပြန်လာပြီ၊ ကိုကို ပြန်လာပြီ ဟော့ ကိုကိုပြန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခင်မိမိကြိုင်သည် ထိုင်ရာမှထကာ အိမ်ရှေ့သို့အလျင်အမြန် ပြေးထွက်သွားလေတော့၏။

"အဲဒါသာကြည့်တော့ကွယ်၊ ကြီးကြီးတို့မှာ သူ့အတွက်ပဲ စိတ်ပူနေရတယ်၊ ညှော်သည်လာရင်လည်း သူက ဝင်ဝင်ပါတော့ အားနာနေရတယ်၊ စိတ်မရှိနဲ့နော် ဆရာမတို့"

"ရပါတယ် ကြီးကြီး၊ ကျွန်မတို့က ကျန်းမာရေးဝန်ထမ်းတွေပါ၊ နားလည်မှုရှိပါတယ်"

အပြင်မှပြန်လာသော ခင်မိမိကြိုင်၏လင်ယောကျ်ားမှာ အိမ်ထဲသို့ဝင်လာပေပြီ။ ခင်မိမိကြိုင်က သူ့ယောကျ်ားကို လက်မောင်းချင်းချိတ်ကာ ညှော်ခန်းထဲသို့ ခေါ်လာလေ၏။

"ဟိတ် ကိုကို၊ ဟိုမှာ ကောင်မလေးလေး လှလှလေးတွေ ရောက်နေတယ်၊ သူတို့က ဆရာမလေးရဲ့သူငယ်ချင်းတဲ့၊ နင် သူတို့ကို ကြိုက်ရဘူးနော်"

"ဟဲ့ ခင်မိ"

ဒေါ်ခင်မြိုင်က လှမ်းဟန့်တားလိုက်ချိန်နှင့်တစ်ပြိုင်တည်း ကိုညာဏ်မိုးဆိုသူ၏အကြည့်က ကျွန်မတို့ထံ ရောက်လာလေသည်။ ကြည့်ရသည်မှာ ညှော်ခန်းထဲရောက်မှပင် ညှော်သည်များရှိနေကြောင်း သိလိုက်ရပုံ ပေါ်သည်။

သူသည် ကျွန်မတို့ကို မြင်လိုက်သည်တွင် အံ့ဩသွားလေသည်။

"ဆရာမထားထားဒေအား သူငယ်ချင်းတွေ၊ ဟုတ်လား၊ ဆရာမလေးက ပြန်သွားတာကြာပြီ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးညာဏ်မိုး။ ကျွန်မ ရန်ကုန်ကပါ။ ထားထားအေးနဲ့ အတူနေတဲ့ နှင်းအေးဖြူပါရှင်"

ကျွန်မက ထိုင်ရာမှထကာ ကိုညာဏ်မိုးဆိုသူကို ပြောလိုက်သည်။

"ဩော် . . . ထိုင်ပါခင်ဗျာ"

ကိုညာဏ်မိုးက သူကိုယ်တိုင်ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်းပြောလိုက်သည်။

ခင်မိမိကြိုင်က ကိုညာဏ်မိုးထိုင်လိုက်သော ကုလားထိုင်၏ လက်တန်းတွင်ဝင်ထိုင်ရင်း ကိုညာဏ်မိုးပခုံးကို ဖက်ထားလိုက်လေသည်။ ကိုညာဏ်မိုးသည် ခင်မိမိကြိုင်အပြုအမူအတွက် ကျွန်မတို့ကို ရှက်နေပုံရသည်။

"ထားထားအေး ဘယ်နေ့က ပြန်သွားတာပါလဲရှင်၊ အခုထိ ရန်ကုန်ကို ပြန်ရောက်မလာလို့ ကျွန်မလိုက်လာတာပါ"

"ဗျာ"

ကိုညာဏ်မိုးက အံ့အားသင့်သွားဟန်ဖြင့် ကျွန်မကို ငေးကြည့်နေလေသည်။

"ဆရာမလေးပြန်သွားတာ နိုဝင်ဘာ ၁၀ ရက် ကတည်းကပါ မနှင်းအေးဖြူ။ ကျွန်တော်ကိုယ်တိုင်-အထူးအမြန်ရထားလက်မှတ် ဝယ်ပေးလိုက်တာပါ။ လမ်းထိပ်က အပျိုကြီးညီအစ်မနှစ်ယောက်နဲ့ အိပ်ခန်းတွဲတစ်တွဲတည်းမှာ အတူစီးပြီး ပြန်သွားတာပါ"

"ဒါပေမဲ့ . . . သူ ဒီနေ့ထိ ရန်ကုန်ရောက်မလာသေးဘူးရှင့်"

"ဟုတ်လား၊ ထူးတော့ ထူးတာပဲ၊ အဲဒီနေ့က ကျွန်တော် အလုပ်များနေလို့ ဘူတာကိုတော့ လိုက်မပို့နိုင်ဘူး၊ ဘူတာကို အိမ်ကကား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ ပို့ပေးခဲ့ပါတယ်၊ ဒရိုင်ဘာလိုက်ပို့တယ်၊ ခဏနော် ဒရိုင်ဘာကို ကျွန်တော် ခေါ်မေးကြည့်မယ်"

ကိုညဏ်မိုးက ထိုင်ရာမှထကာ ပြတင်းပေါက်တွင်ရပ်လျက် ဒရိုင်ဘာကို လှမ်းခေါ်လိုက်သည်။

"ရဲကြီး၊ ရဲကြီး၊ ခဏလာဦး"

ရဲကြီးဆိုသူဒရိုင်ဘာ ဧည့်ခန်းထဲ ရောက်လာသည်။

"သူက ကျွန်တော်တို့ဒရိုင်ဘာ ရဲဝင်းပါ၊ ရဲကြီး ဆရာမလေးကို ဘူတာလိုက်ပို့တုန်းက ရထားထွက်တဲ့အထိ မင်းစောင့်နေသလား"

"ရထားထွက်တဲ့အထိတော့ မနေဘူးဆရာ၊ ဆရာမလေးက ပြန်နိုင်းလို့ ပြန်လာခဲ့တယ်၊ ဒါပေမဲ့ အထုပ်အပိုးတွေ ပစ္စည်းတွေကို ရထားပေါ်မှာ သေချာနေရာချထားပေးပြီးမှ ပြန်လာတာပါ ဆရာ"

ကိုညဏ်မိုးက ကျွန်ုပ်ဘက် လှည့်ကြည့်လိုက်သည်။

"ဆရာမပြန်မယ်ဆိုတော့ လက်မှတ်ကို သုံးရက်ကြိုပြီး ကျွန်တော်ကိုယ်တိုင် မန္တလေးဘူတာမှာ သွားဝယ်ပေးတာပါ၊ လမ်းထိပ်က ဒေါ်တင့်တင့်နဲ့ဒေါ်မြင့်မြင့်တို့ အပျိုကြီးညီအစ်မကလည်း ရန်ကုန်သွားမယ် သူတို့ဖို့ပါ လက်မှတ်ဖြတ်ပေးပါဆိုလို့ သုံးစောင်ဖြတ်ခဲ့ပါတယ်၊ အိပ်ခန်းတွဲနဲ့ပါ မနှင်းအေးဖြူ"

"ဒါဖြင့် အပျိုကြီးညီအစ်မဆိုတာနဲ့ အတူတူသွားတာပေါ့နော်၊ သူတို့ကို မေးကြည့်မှထင်ပါရဲ့"

"အန်တီမြင့်တို့ညီအစ်မ ရန်ကုန်က ပြန်မလာသေးပါဘူး ခင်ဗျ၊ ရဲကြီး မင်းတို့ဘူတာရောက်တော့ အန်တီမြင့်တို့ ရောက်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြန်လာတဲ့အထိ အန်တီမြင့်တို့ညီအစ်မကို မတွေ့ခဲ့ပါဘူး ဆရာ၊ တွဲထဲကို ဆရာမအရင်ဆုံးရောက်တာပါ"

"အေး အေး မင်းသွားနိုင်ပြီ"

ဒရိုင်ဘာထွက်သွားသည်နှင့် ခင်မိမိကြိုင်က ရုတ်တရက် ပြောချလိုက်လေသည်။

"နင်တို့မသိဘူးလား ဆရာမလေး ရထားပေါ်က ကျသေသွားပြီဟဲ့"

"ခင်မိ"

"မိမိကလည်းကွာ"

"ဟုတ်တယ်၊ ဆရာမသေပြီ၊ ငါသိတယ်"

"မိမိ ခင်းအထဲ ဝင်နေစမ်း"

"လာခဲ့ ခင်မိ"

ဒေါ်ခင်မြိုင်က ထိုင်ရာမှထလာကာ ခင်မိမိကြိုင်ကို လက်မောင်းမှဆွဲခေါ်ပြီး အတွင်းခန်းထဲသို့ ခေါ်သွားလေသည်။

"ဆရာမတို့ စကားပြောကြဦးနော်၊ ကြီးကြီး . . ."

"ဟုတ်ကဲ့ ကြီးကြီး ရပါတယ်ရှင်"

"ခေါ်ရီးဗျာ၊ ကျွန်တော့်အမျိုးသမီးက ဦးနှောက်မကောင်းတော့ ထင်မိထင်ရာ . . ."

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မတို့ နားလည်ပါတယ်"

"ဆရာမ ရန်ကုန်ပြန်ရောက်မလာဘူးဆိုတော့ ဘယ်လိုများ ယူဆပါသလဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့လည်း မတွေးတတ်တော့ပါဘူး ဦးဉာဏ်မိုး၊ ရောက်ချိန်တန်တဲ့အထိ ရောက်မလာလို့ ကျွန်မတို့ ဒီအထိလိုက်လာတာပါရှင်"

"မထားထားအေး အဲ ဆရာမမှာ တခြားသွားစရာနေရာများရော ရှိမလား၊ စုံစမ်းပြီးပလား မနှင်းအေးဖြူ"

"မရှိပါဘူးရှင်၊ ဆယ်တန်းကျောင်းသူဘဝကတည်းက ကျွန်မတို့မိသားစုနဲ့ နေလာတာပါ၊ သူပြန်လာမယ်ဆိုတဲ့အကြောင်းကို ဒီက ဦးမောင်ကြိုင် ဆုံးပြီးကာစကတည်းက ကျွန်မကို ဖုန်းဆက်ပြီး ပြောထားပါတယ်"

"ကျွန်တော် ဘာကူညီရမလဲ မနှင်းအေးဖြူ"

"ကျွန်မလည်း ဘာပြောရမှန်းကို မသိတော့ပါဘူး ဦးဉာဏ်မိုး"

ကျွန်မတို့အတန်ကြာ တိတ်ဆိတ်သွားကြလေသည်။

"ကျွန်တော်လည်း မေးမြန်းစုံစမ်းကြည့်ပါ့မယ်လေ၊ ဆရာမလေးဟာ ဒီအိမ်မှာနေသွားစဉ်တစ်လျှောက် သူ့တာဝန်သူ ကြေပါတယ်၊ ဆရာမကိုမုန်းတဲ့သူလည်း မရှိပါဘူး မနှင်းအေးဖြူ"

"ဟုတ်ကဲ့"

"မနှင်းအေးဖြူ အခု ဒီကိုဘယ်လိုလာပါသလဲ"

"ကျွန်မ မန္တလေးက သူငယ်ချင်းအိမ်မှာ တည်းနေပါတယ်၊ သူပါ၊ ကျွန်မတို့လိုပဲ စပါယ်ရှယ်နာ့စ်တစ်ယောက်ပါ၊ နာမည်က နွယ်နွယ်လှိုင်ပါ ဦးဉာဏ်မိုး"

"မနှင်းအေးဖြူကလည်း နာ့စ်ပေါ့"

"ဟုတ်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးမှာ နေဦးမှာလား။ မနွယ်နွယ်လှိုင့်လိပ်စာ ပေးခဲ့ပါ စုံစမ်းကြည့်လို့ အကြောင်းထူးရင် ကျွန်တော် လာပြောပါ့မယ်၊ ဖုန်းနံပါတ် ကောရှိမလား"

"ဟုတ်ကဲ့၊ လိပ်စာရောဖုန်းနံပါတ်ပါ ပေးခဲ့ပါမယ်"

နွယ်နွယ်လှိုင်က မန္တလေးအိမ်လိပ်စာနှင့် ဖုန်းနံပါတ်ကို ရေး ပေးလိုက်သည်။

"ဒီအိမ်ဖုန်းနံပါတ်တော့ သိပြီးသားထင်တယ်"

"မသိသေးပါဘူးရှင်၊ ထားက ပြောမထားပါဘူး။ သူပြန်လာ တော့မယ်ဆိုတာပဲ ဖုန်းတစ်ကြိမ် ဆက်ဖူးတယ်"

"ဆရာမလေးက သိပ်စည်းကမ်းကြီးပါတယ်၊ ဖုန်းသုံးခွင့်ပြု ထားပေမယ့် မသုံးပါဘူး၊ ဒီမှာ ကျွန်တော့်လိပ်စာကတ်ပါ ဆရာမ"

ကိုညာထိမိုးက သူ့လိပ်စာကတ်ပြားလေးကို ကျွန်မအား ကမ်း ပေးလိုက်သည်။

"ကျွန်မသူငယ်ချင်းအတွက် သိပ်စိတ်ပူမိပါတယ် ဦးညာထိမိုး ထားဟာ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက် မိန်းကလေးတစ်ယောက်ပါ ရှုပ်ရှုပ်ထွေထွေထဲကလည်း မဟုတ်ပါဘူးရှင်"

ကျွန်မသည် ပြောရင်းငိုသံပါလာသည်။ ထားအတွက် စုံစမ်း ခြင်းသည် အချည်းအနှီးဖြစ်တော့မည်လားဟု အတွေးဝင်ကာ ဝမ်းနည်း မိခြင်းကြောင့် ဖြစ်ပါသည်။ ထားကိုယ်တိုင်နေသွားတဲ့အိမ်က ထား ပြန်သွားကြောင်း အထောက်အထားခိုင်ခိုင်လုံလုံနှင့် ပြောနေသည် မဟုတ်ပါလား။ ကျွန်မကို နှစ်သိမ့်သည့်အနေဖြင့် ကိုညာထိမိုးက စုံစမ်းပေး



www.burmeseclassic.com

www.burmeseclassic.com



မည်ဟုပြောသော်လည်း သူဘာယ်လိုစုံစမ်းမည်နည်း။ သဲလွန်စပျောက်နေပြီဟု ထင်မိပါသည်။

ကိုညာဏ်မိုးက ကျွန်မကို စိတ်မကောင်းဟန်ဖြင့် ငေးကြည့်နေသည်။

"ကျွန်မတို့ကို ခွင့်ပြုပါဦး။ လိုအပ်ရင် နောက်တစ်ကြိမ်လာပြီး မေးမြန်းခွင့်ပြုပါရှင်"

နွယ်နွယ်လှိုင်က နှုတ်ဆက်စကားဆိုကာ ထိုင်ရာမှထလိုက်သည်။

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ လာနိုင်ပါတယ်"

"ကြီးကြီးကို နှုတ်ဆက်ခဲ့တယ်လို့ ပြောလိုက်ပါနော်"

ကျွန်မတို့ ထားထားအေးနေထိုင်ခဲ့ရာအိမ်ကြီးဆီမှ ပြန်လာခဲ့ကြလေသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

ကျွန်မနှင့် နွယ်နွယ်လှိုင်သည် ကိုဉာဏ်မိုးတို့အိမ်မှ ထွက်ခွာလာပြီးနောက် ရန်ကုန် – မန္တလေးလမ်းမကြီးဘေးရှိ အအေးဆိုင်တစ်ဆိုင်တွင် ထိုင်ကာ ဆွေးနွေးဖြစ်ကြသည်။

"ကိုယ့်ဆီကို ထားရဲ့ဝိညာဉ်က ရေးလိုက်တဲ့သဘောနဲ့ စာရောက်လာတာကို နွယ်က ကိုဉာဏ်မိုးတို့ကို ဘာဖြစ်လို့ မပြောစေချင်ရတာလဲ နွယ်"

"ထားပျောက်ဆုံးမှုနဲ့ပတ်သက်ပြီး သူတို့ပယောဂပါနေရင် သူတို့ဖက်က ကြိုတင်ပြီးကာကွယ်မှုတွေ လုပ်နေမှာစိုးလို့ပါ နှင်း"

"ဟင် ... နွယ်က ထားပျောက်ဆုံးမှုကို ကိုဉာဏ်မိုးတို့မိသားစုနဲ့ပတ်သက်မယ်လို့ ထင်သလား"

"အတိအကျတော့ မပြောနိုင်ဘူး။ ကိုဉာဏ်မိုးရော ဒေါ်ခင်မြင့်ကပါ ထားကို ချီးကျူးစကားတွေ ပြောခဲ့တယ်၊ သူတို့လူကြီးတွေဖက်ကိုတော့ နွယ်သံသယ မဖြစ်ဘူး။ နွယ့်စိတ်ထဲမှာ ခင်မိမိကြိုင်ဆိုတဲ့ အမျိုးသမီးကို သိပ်အစာမကြေမိဘူး နှင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်မိမိကြိုင်က စိတ်မှမမှန်ပဲ"

"ဟုတ်တယ်၊ စိတ်မမှန်လို့ပဲ နွယ်သံသယ ဖြစ်တာပေါ့၊ ကိုဉာဏ်မိုးကို သူပြောလိုက်တဲ့စကားတစ်ခွန်း မှတ်မိလိုက်လား နှင်း၊ ဆရာမလေးသူငယ်ချင်းက သိပ်လှတယ်၊ နှင် သူတို့ကို မကြိုက်ရဘူးနော် ဆိုတာလေ"

"ဪ ... အင်း ..."

"ဒါ ... အကြောင်းမဲ့ပြောတာ မဟုတ်ဘူးထင်တယ် နှင်း၊ သူ့ယောကျ်ား ကိုဉာဏ်မိုးဟာ ထားနဲ့ ... ဒါမှမဟုတ် ... တခြားချောချောလှလှ မိန်းကလေးတစ်ယောက်နဲ့ ချစ်ကြိုက်ဖူးသလားမှ မသိတာ၊ အရူးစကား ဆိုပေမယ့် သူပြောလိုက်ပုံက ရှေ့တုန်းက လုပ်ရပ်ကိုဖော်ပြီးသတိပေးလိုက်သလို ဖြစ်နေတယ်လေ"

နွယ်နွယ်လှိုင်၏ စေ့စေ့စပ်စပ်တွေးတောနိုင်မှုအတွက် အံ့ဩမိသည်နှင့်အတူ ကျွန်မမှာ စိုးရိမ်ထိတ်လန့်လာရလေသည်။

"ပြီးတော့ ... နှင်းစဉ်းစားကြည့်စမ်း၊ ထားက နှင်းကို သူ့မှာချစ်သူရှိနေပြီဆိုတဲ့အကြောင်း စာရေးခဲ့တယ်၊ ဒါပေမဲ့ သူ့ချစ်သူဘယ်သူဆိုတာ စာထဲမှာ ဖော်ပြမထားခဲ့ဘူးဆို၊ ထားချစ်သူဟာကိုဉာဏ်မိုး ဖြစ်မနေနိုင်ဘူးလို့ ပြောနိုင်မလား"

"ထားဟာ မယားရှိလင်တစ်ယောက်ကို ချစ်ကြိုက်တဲ့အထိခမိုက်မဲဘူးထင်ပါရဲ့ နွယ်ရယ်"

"ထားသိက္ခာကို နွယ်လည်း ယုံပါတယ်၊ ဒါပေမဲ့ ... ရက်ရှည်လများ တစ်အိမ်တည်း အတူနေခဲ့ကြတာလေ၊ ခင်မိမိကြိုင်ကလည်းစိတ်နောက်နေတာဆိုတော့ ဘယ်ယောကျ်ားမဆို စိတ်ပျက်မိမှာ အမှန်ပဲ၊ ထားနဲ့အတူနေပြီး သံယောဇဉ်ငြိမသွားဘူးလို့ မပြောနိုင်ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်မိမိကြိုင်က ထားကို တစ်ခုခုလုပ်လိုက်တယ်လို့ နွယ် ထင်တာပေါ့နော်"

ကျွန်မသည် ပြောရင်း ငိုသံပါလာပြန်လေပြီ၊ စိတ်ထိခိုက်ကြေကွဲ မှုအထိကို ကျွန်မ မခံနိုင်ပါ။

"ခင်မိမိကြိုင်ဟာ ရူးနေတယ်ဆိုပေမယ့် သန်သန်မာမာကြီး။ ပြီးတော့ သူအားလုံးကို သိတယ်၊ နားလည်တယ်၊ သူ့ကိုယ်သူ မေသဥ္စာဦး နဲ့တူတယ်လို့တောင် ပြောနိုင်သေးတာ၊ အရူးပါးဆိုတာမျိုးပါ နှင်းရယ်"

"ခင်မိမိကြိုင်က ထားကို ... သတ် ... သတ် ..."

ကျွန်မ စကားဆုံးအောင် ဆက်မပြောနိုင်။ ငိုရှိုက်မိပေပြီ။

"မျက်ရည်မကျပါနဲ့ နှင်းရယ်၊ ကိုယ့်ကိုကိုယ် ထိန်းပါ။ ဒါတွေက နွယ့်စိတ်ထင်တွေကို ပြောနေတာပါ။ အတိအကျဖြစ်ရမယ်လို့ပြောတာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ် နွယ် ... လူတစ်ယောက်လုံး သေသလား ရှင်သလားမသိ ပျောက်ဆုံးနေတဲ့အဖြစ်မှာ အကွက်စေ့အောင် တွေး ရမှာပါ။ နွယ်တွေးတာတွေ သဘာဝကျပါတယ်"

"နွယ်တို့အတွက် အားကိုးရာမဲ့မသွားသေးပါဘူး နှင်း။ ဆက် လိုက်စရာသဲလွန်စတွေ ရှိပါသေးတယ်၊ စဥ်ကိုင်က ကိုတက်လူဝင်းဆီ သွားမယ်လေ"

"ဝိညာဉ်ဝင်ပူးတယ်ဆိုတာတော့ သိပ်မရေရာဘူးနော်၊ ကိုတက်လူဝင်းကလည်း စာသာပို့ပေးလိုက်တယ်၊ သရဲတစ္ဆေနာနာဘာဝ ဆိုတာတွေ ယုံတာမဟုတ်ဘူးတဲ့"

"ဘာပဲဖြစ်ဖြစ် ဝိညာဉ်ရေးတဲ့စာကို ကိုတက်လူဝင်းတစ်ဆင့် ပို့ပေးလို့ နွယ်တို့ဒီနေရာအထိ ရောက်လာပြီ မဟုတ်လား။ ဒီစာဟာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့တော့ မဟုတ်နိုင်ဘူး။ စဥ့်ကိုင်ကိုလိုက်သွားရင် တစ်ခုခုကို ထူးခြားရမယ် နှင်း''

''နှင်းက နွယ့်ကို အားနာလို့ပါ။ ပလိပ်လိုက်ပို့ပြီး စဥ့်ကိုင်ကို တစ်ခါလိုက်ပို့ရဦးမယ် ဆိုတော့ . . .''

''နှင်းကလည်းဟာယ်၊ ထားကွာ တို့နဲ့လည်း သူငယ်ချင်းပါ၊ နွယ်အားတုန်း ကူညီရတာပါ။ ပြီးတော့ စဥ့်ကိုင်ဆိုတာ ဒီကနေ ဆယ်မိနစ် ခရီးပဲရှိတော့တာ''

''ဟင် . . . ဟုတ်လား''

''ပြော့နေကြာတယ် နှင်း၊ နွယ်တို့ သွားကြစို့''

☼

ပလိပ်နှင့်စဥ့်ကိုင်ခရီးမှာ မဝေးလှပါ။ နွယ်ပြောသလို ဆယ်မိနစ်သာကြာပါသည်။

စဥ့်ကိုင်သည်လည်း ရန်ကုန် – မန္တလေး အဝေးပြေးလမ်းမကြီးဘေးမှ မြို့တစ်မြို့ဖြစ်သည်။ မြို့နယ်အဆင့်ရှိ မြို့တစ်မြို့ ဖြစ်ပါသည်။

ကျွန်မတို့စဥ့်ကိုင်ရောက်တော့ ကိုတက်လူဝင်း ရေးပေးလိုက်သည့်လိပ်စာကို အလွယ်တကူရှာတွေ့သည်။ လမ်းမကြီးဘေးမှာပင် ဖြစ်ပါသည်။

ကိုတက်လူဝင်းတို့နေအိမ်မှာ ပွဲရုံတစ်ရုံဖြစ်နေသည်။ ပွဲရုံနာမည်ကလည်း ''တက်လူပွဲရုံ''တဲ့။

ပွဲရုံထဲသို့ ကျွန်မတို့ဝင်စုံစမ်းတော့ ပွဲရုံထဲတွင်ငုံ့နေသော စာရေးဖြစ်ဟန်တူသူက ကိုတက်လူဝင်းကို ခေါ်ပေးပါသည်။

အိမ်မကြီးထဲမှထွက်လာသော အသားညိုညိုထောင်ထောင် မောင်းမောင်းနှင့်ခန့်ချောချောသောလူမှာ ကိုတက်လူဝင်းပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့ ကျွန်တော် တက်လှဝင်းပါ"

"ဟုတ်ကဲ့၊ ကျွန်မရန်ကုန်ကပါ၊ သူနာပြုဆရာမ နှင်းအေးဖြူ ပါရှင်"

ကိုတက်လှဝင်းမျက်နှာမှာ အံ့ဩသည့်အရိပ်အသွင်များ ပေါ်သွားလေသည်။

"ဪ . . . ကျွန်တော် စာပို့ထားတာ ရတယ်ပေါ့၊ အဲဒီကိစ္စအတွက် လိုက်လာတာလား ခင်ဗျာ"

"ဟုတ်ပါတယ် ကိုတက်လှဝင်း"

"ဒါဖြင့် . . . ကောင်မလေးကို ဝင်ပူးတဲ့အမျိုးသမီးဟာ တကယ်ရှိတာပေါ့နော်၊ ဪ . . . လာကြပါ ခင်ဗျာ၊ အိမ်ထဲကို ဝင်ခဲ့ပါ"

ကိုတက်လှဝင်းက ကျွန်မတို့ကို နောက်ဘက် အိမ်မကြီးထဲမှ ဧည့်ခန်းထဲသို့ ခေါ်သွားလေသည်။ ကျွန်မတို့သည် သီးနှံများဖြင့် ပြည့်ကြပ်နေသော ပွဲရုံထဲမှဖြတ်သန်းကာ နောက်ဘက်တိုက်ကြီးဆီသို့ လိုက်ခဲ့ကြလေ၏။

ဧည့်ခန်းထဲအရောက်ဝယ် အတွင်းမှထွက်လာသော အမျိုးသမီးကြီးတစ်ယောက်နှင့် ဆုံမိလေသည်။

"ဘယ်က ဧည့်သည်တွေများလဲ သား"

အမျိုးသမီးကြီးက ကျွန်မတို့ကိုအကဲခတ်ရင်း ပြုံးရွှင်သော မျက်နှာထားဖြင့် မေးလိုက်လေသည်။

"မေမေ၊ ဟိုကောင်မလေးကို ဝင်ပူးပြီးရေးတဲ့စာလေ၊ သားသူပြောတဲ့လိပ်စာအတိုင်း ရန်ကုန်ကိုထည့်လိုက်တာ အခု . . . ရန်ကုန်က လိုက်လာပြီ မေမေ၊ ဟောဒါ . . . သူနာပြုဆရာမ မနှင်းအေးဖြူဆိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို ..."

ထိုအဖြစ်ကို ကိုတက်လူဝင်းမိခင်ကလည်း သိထားပြီးပုံရသည်။

"ထိုင်ကြပါကွယ်၊ အန်တီတို့လည်း ဒါမျိုးတစ်ခါမှ မကြုံဖူးဘူး။ သားက ဟုတ်လိုဟုတ်ငြားဆိုပြီး စာထည့်လိုက်ပေမယ့် ဇဝေဇဝါပဲ၊ ထိုင်ကြပါ၊ ထိုင်ကြပါ"

"မနှင်းအေးဖြူ။ ဒါ ကျွန်တော့်မေမေ ဒေါ်ညွှန့်ညွှန့်ပါ"

"ဟုတ်ကဲ့ အန်တီ၊ ကျွန်မက နှင်းအေးဖြူပါ၊ သူငယ်ချင်းတစ်ယောက်အတွက် ဒီအထိရောက်လာရတာပါ၊ ဒါက မန္တလေးက ကျွန်မကို လိုက်ကူညီပေးတဲ့ သူငယ်ချင်းနွယ်နွယ်လှိုင်ပါ၊ နှစ်တစ်ယောက်ပါပဲ"

"ဆိုပါဦးကွယ့်၊ လူလူ့စာရလို့လိုက်လာတယ်ဆိုတော့ ကလေးလေးကို ဝင်ပူးတဲ့မိန်းကလေးဟာ တကယ်ရှိလို့ပေါ့နော်၊ သူဘယ်လိုဘယ်လွန်ရတာလဲ"

"အဲဒါကို သိချင်လို့ပဲ ကျွန်မ ဒီရောက်လာတာပါ၊ ကျွန်မသူငယ်ချင်း ထားထားအေးကို သေပြီဆိုတာ ကျွန်မ မသိခဲ့ပါဘူး အန်တီ၊ ထားထားအေးကလည်း သူနာပြုတစ်ယောက်ပါပဲ၊ ပလိပ်မှာ လူနာတစ်ယောက်ကို ပြုစုပေးနေတာပါ၊ သူ့တာဝန်ပြီးဆုံးလို့ ရန်ကုန်ပြန်လာမယ်ဆိုတဲ့အချိန်မှာ ပြန်ရောက်မလာဘဲ ကိုတက်လူဝင်းဆီက စာကို ကျွန်မရတာပါ"

"အလို .. ဒါဖြင့် အဲဒီမိန်းကလေးဟာ လမ်းခရီးမှာတွင် ဆုံးပါးသွားတာမျိုးပေါ့"

"အဖြစ်ကတော့ ခပ်ရှုပ်ရှုပ်ပါရှင်၊ နှင်း ... အန်တီနဲ့ ကိုတက်လူဝင်းကို သေချာရှင်းပြလိုက်ရင် ကောင်းမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်လှိုင်က ဝင်ပြောလိုက်သည်။

"နွယ်ပဲ ရှင်းပြလိုက်ပါတော့ဟယ်၊ တို့တော့ ဘယ်က စပြောရမှန်းကို မသိတော့ဘူး"

"ဒီလိုပါ အန်တီ"

နွယ်နွယ်က ထားပြန်အလာကို ကျွန်မစောင့်နေရာမှ လူပြန်ရောက်မလာဘဲ ကိုတက်လူဝင်းစာရေး၍ ပလိပ်ကိုလိုက်လာပြီး ယခုပင် ဝင်စုံစမ်းခဲ့ကြောင်းနှင့် . . . ပလိပ်တွင် မေးမြန်း၍သိရှိခဲ့ရသည်များကို ပြန်ပြောပြလိုက်သည်။

"ပလိပ်က ဆန်စက်ပိုင်ဦးမောင်ကြိုင်ကို အန်တီသိပါတယ်၊ လူကောင်းသူကောင်းတွေပါ၊ ပိုက်ဆံရှိပေမယ့် သမီးလေးတစ်ယောက်တည်းရှိတာ စိတ်ဂယောက်ဂယက်ဖြစ်နေရှာတော့ မိဘတွေ စိတ်ဆင်းရဲနေရတာပေါ့၊ သူ့အမေလည်း သမီးစိတ်နဲ့ ကွယ်လွန်ရတယ်လေ"

"အန်တီ သူတို့မိသားစုကို ကောင်းကောင်းသိသလားဟင်"

"ကုန်သည်ပွဲစားချင်းမို့ ဦးမောင်ကြိုင်နဲ့တော့ ရင်းနှီးခဲ့ဖူးပါတယ်၊ အသွားအလာအဝင်အထွက်တော့ မရှိပါဘူး"

"ဒါနဲ့ . . . မနှင်းအေးဖြူ"

ကိုတက်လူဝင်းက ကြားဖြတ်၍ ပြောလိုက်သည်။

"ခုပုံအတိုင်းဆို မထားထားအေးဟာ လမ်းခရီးမှာတွင် ပျောက်ဆုံးနေတာ ဖြစ်နေတယ်၊ ကလေးမလေးကို ဝင်ပူးပြီး ပြောတယ်ဆိုတော့ မထားထားအေးကို သေပြီလို့ယူဆရမလို ဖြစ်နေတယ်"

"ဟုတ်ပါတယ် ကိုတက်လူဝင်း"



www.burmeseclassic.com

www.burmeseclassic.com



"မထားထားအေး ပြန်သွားတာ အိမ်နီးချင်းအဘွားကြီး နှစ်ယောက်ပါသေးတယ်ဆိုတော့ ရထားပေါ်မှာ တစ်စုံတစ်ခုဖြစ်ရင် အဘွားကြီးနှစ်ယောက် သိရမယ်၊ အဘွားကြီးနှစ်ယောက်ကလည်း ဒေါ်ဟောင်ကြိုင်တို့အိမ်ကို ပြန်မပြောဘဲနေမှာ မဟုတ်ဘူး။ အခု အဘွားကြီး နှစ်ယောက်ဘက်က ဘာမျှမပြောဘဲ ငြိမ်နေတယ်ဆိုတော့ မထားထား အေးဟာ ရန်ကုန်အထိတော့ အဘွားကြီးနှစ်ယောက်နဲ့အတူတူ ရောက် သွားတယ်လို့ မယူဆနိုင်ဘူးလား"

"အဲဒီ အဘွားကြီးနှစ်ယောက်က ခုထိ ရန်ကုန်က ပြန်မလာ သေးလို့ စုံစမ်းခွင့်မရခဲ့ပါဘူး ကိုတက်လှဝင်း၊ ကိုတက်လှဝင်း ပြောသလို ထားဟာ ရန်ကုန်အထိရောက်တယ်ပဲ ထားပါတော့၊ ဟိုကောင်မလေးကို ပြောတယ်၊ စာရေးတယ်ဆိုတဲ့ဝိညာဉ်ဟာ ထား ဘယ်ဖြစ်နိုင်တော့ သေး၊ ကိုတက်လှဝင်း ပို့ပေးလိုက်တဲ့စာအရ လက်ရေးဟာထားရဲ့လက်ရေး ပဲ၊ လက်မှတ်ကအစ တူနေတယ်၊ ဩော် ... ကျွန်မ ပြပါရစေ"

ကျွန်မက အသင့်ပါလာသော ထားရေးသည့်စာများနှင့် ဝိညာဉ် ရေးသော မှန်စာကို ယှဉ်ပြလိုက်သည်။ ကိုတက်လှဝင်းက မှန်တစ်ချပ် သွားယူကာ မှန်ထဲမှာပေါ်လာသောမှန်စာနှင့် ထား၏မူရင်းစာများကို တိုက်ကြည့်နေသည်။

"တော်တော်တူတာပဲ၊ လူတစ်ယောက်တည်းက ရေးတဲ့အတိုင်း ပဲ မေမေ ကြည့်ပါဦး"

"ဟုတ်ပါရဲ့ကွယ်၊ လက်မှတ်ကအစ တူတာပါလား"

"အဲဒါပေါ့ အန်တီ၊ တူရုံမကဘူး။ မှန်စာဖြစ်အောင် ပြောင်း ပြန်ရေးရဦးမယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စပါ၊ ဒီစာကို ထားဝိညာဉ်ကရေး တယ်ဆိုတာ ကျွန်မတဖြည်းဖြည်းနဲ့ ပိုယုံလာမိတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ မှန်တစ်ချပ်နှင့် လက်ရေးများကို တိုက်ကြည့်နေစဉ် အပြင်မှလူကြီးတစ်ယောက် ဝင်လာလေသည်။ ကိုတက်လှဝင်းနှင့် ရုပ်ချင်းအတော်ဆင်ပါ၍ ကိုတက်လှဝင်းဖခင်ဖြစ်မှန်း သိလိုက်သည်။

"ဖေဖေ၊ဟောဒီမှာ ခင်နုညီမလေးကို ဝင်ပူးတဲ့ကိစ္စ ရန်ကုန်က လိုက်လာပြီ ဖေဖေ၊ ဝိညာဉ်က လိပ်စာပေးတဲ့ သူနာပြုဆရာမ နှင်းအေးဖြူဆိုတာ သူပဲ၊ မနှင်းအေးဖြူ ဒါ ကျွန်တော့်အဖေ ဦးလှဝင်းပါ"

ကိုတက်လှဝင်းက သူ့ဖခင်နှင့် ကျွန်မတို့ကို မိတ်ဆက်ပေးလိုက်သည်။

"ဒီမှာကြည့်ပါဦး၊ ခင်အုကို ဝင်ပူးပြီးရေးတဲ့လက်ရေးနဲ့ သူ့မူရင်းလက်ရေး မတူဘူးလား ဖေဖေ"

"ဟေ တူလှချည်လား၊ ဒါဆို ... သေတဲ့မိန်းကလေး ဝင်ပူးတာ မှန်နေတာပေါ့"

"ဒါပေမဲ့ သူဘယ်လိုသေတယ်ဆိုတာ ခုထိ မသိရသေးဘူး ဖေဖေ၊ ထားထားအေးဆိုတာ ဘာသတင်းမှမရဘဲ လမ်းခရီးမှာတင် ပျောက်ဆုံးနေတာ"

ကိုတက်လှဝင်းက သူ့ဖခင်ကို အကျိုးအကြောင်းများ ရှင်းပြလိုက်၏။

"ဒါဖြင့် မမြင့်တို့ညီအစ်မကိုတွေ့ပြီး မေးလိုက်ရင်တော့ တစ်ခုခုအဖြေပေါ်လိမ့်မယ် ထင်ပါရဲ့"

"ထားနဲ့အတူ ရထားစီးသွားတဲ့ ဒေါ်တင့်၊ ဒေါ်မြင့်တို့ကို အန်ကယ်သိပါသလားရှင်"

"ဦးမောင်ကြိုင်အိမ်လမ်းထိပ်ကဆိုတော့ အပျိုကြီးညီအစ်မ မတင့်နဲ့မမြင့်ပဲ ဖြစ်မှာပေါ့၊ သိပါတယ်ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအဘွားကြီးတွေက ခုထိ ရန်ကုန်ကပြန်မလာသေးလို့ ကွင်းဆက်ပြတ်နေတာ ဖေဖေ"

"ဒီပုံအတိုင်းဆိုရင်တော့ မိန်းကလေးတို့စုံစမ်းတာ ချက်ချင်း ပြတ်မှာ မဟုတ်ဘူး။ အချိန်ယူရလိမ့်မယ်ကွဲ့"

"ဟုတ်ကဲ့ အန်ကယ်၊ သမီးသူငယ်ချင်းဝင်ပူးတဲ့ ကလေးမလေး ဆိုတာလည်း တွေ့ချင်ပါသေးတယ်"

"ခင်အုကိုခေါ်ပေးဖို့က လွယ်ပါတယ်၊ ရှာက မဝေးပါဘူး။ ဒါပေမဲ့ သူက ကလေး။ ဝင်အပူးခံရတဲ့လူလေ၊ ပူးနေတုန်း ဖြစ်တာတွေ သူမှတ်မိဘူး။ ကလေးဆိုတော့ မေးလည်း အမှုနဲ့ပတ်သက်တာတော့ ပြောတတ်မှာလည်း မဟုတ်ဘူးကွယ့်၊ ဒါနဲ့ သူတို့ကို ခင်နုနဲ့ရော တွေ့ ပြီးပလား"

"တွေ့မပေးရသေးဘူး အဖေကြီး။ အပူးခံရတဲ့မိန်းကလေးရဲ့ အမေက အန်တီတို့အိမ်မှာ ရှိတယ်၊ ခင်နုရေ ... ခင်နု ..."

ဒေါ်ညွှန့်ညွှန့်က ခင်နုဆိုသည့်အိမ်ဖော်မလေးကိုခေါ်လိုက်သည်။ အညာသူဟန် မိန်းကလေးတစ်ယောက် ဧည့်ခန်းထဲရောက် လာသည်။

"သူပဲ ..."

ခင်နုက ရှက်ရွံ့ဟန်ဖြင့် ခေါင်းငုံ့ရပ်နေလေသည်။

"ခင်နု၊ နင် ဒီအိမ်လာတုန်းက နင့်ညီမခင်အုကို သရဲဝင်ပူးတဲ့ အကြောင်း ပြောပြလိုက်စမ်း"

"ကျွန်မ မပြောတတ်ဘူး အန်တီ၊ ဝင်ပူးတာပဲ၊ အန်တီတို့ လည်း မြင်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ခင်နုက သူစိမ်းများဖြစ်သော ကျွန်မတို့ရှေ့တွင် ကြောက်ရွံ့
နေဟန်တူပေသည်။

"ရှေ့ကကြောင်းမပေးဘဲတော့ သူကောင်းကောင်း ပြောတတ်မှ
မဟုတ်ဘူး မေမေ၊ ခင်နု . . . ခင်အုက အဲဒီလို သရဲပူးတာမျိုး ရွာမှာရော
ဖြစ်ဖူးသလား"

"ဟင့်အင်း . . မဖြစ်ဖူးပါဘူး အစ်ကိုကြီး"

"နင်တို့ရွာကနေ ဒီကိုလာတဲ့လမ်းမှာ ဘာထူးထူးခြားခြား မြ
ခဲ့တွေ့ခဲ့သေးတုန်း"

"ဟင် . . . ဘာမှ မတွေ့ပါဘူး။ ကျွန်မ . . . ကျွန်မ မပြေ
တတ်ပါဘူး အစ်ကိုကြီးရယ်"

"ထားလိုက်ပါတော့ ကိုတက်လှဝင်းရယ်၊ ဟုတ်တော့ ဟု
တာပဲ၊ ဒီလိုအဖြစ်မျိုးကို ကြုံလို့သာ ကြုံလိုက်ရတာ၊ သူလည်း ဘာပြေ
တတ်မှာလဲလေ"

"ကဲ ကဲ ခင်နု သွားတော့"

ခင်နုက နောက်ဖေးဘက်သို့ ပြေးဝင်သွားလေသည်။

"သိပ်ရိုးတဲ့ မိန်းကလေးပဲ၊ ကျွန်မက သရဲတစ္ဆေပူးတယ်ဆိုတ
ကို မဟုတ်ဘဲ လီဆယ်ပြောတာမျိုးဖြစ်မှာသာ စိုးတာပါ၊ ဒီပုံအတိုင်း
တကယ်ပူးတာ ဟုတ်နေပြီပဲ"

"ကျွန်တော်လည်း တစ်ခါမှမကြုံဖူးတော့ ယုံရမလို မယ
မလို၊ ဇဝေဇဝါ ဖြစ်ခဲ့ပါသေးတယ်၊ ခုတော့ မထားထားရဲ့ မီးလက်ဖေ
ခင်အုပူးရေးတဲ့ လက်ရေးနဲ့တိုက်ကြည့်လိုက်ရတော့ အကြွင်းမဲ့ယုံလို
မိပြီဗျာ၊ ခင်အုဆိုတဲ့ကလေးမက လီဆယ်ပြီး ဟန်လုပ်ပြောတာ မဟု

www.burmeseclassic.com



တာတော့ သေချာပါတယ် မနှင်းအေးဖြူ။ ဘာဖြစ်လို့လဲဆိုတော့ သူ့အသက်အရွယ်လေးနဲ့ ဟန်ဆောင်လှည့်ဖျားဖို့ဆိုတာ မဖြစ်နိုင်လို့ပါ''

''ဟုတ်ပါတယ် သမီးရယ်၊ အဲဒီနေ့က ခင်နုကို ဒီအိမ်မှာ အလုပ်လုပ်ဖို့ သူ့အဒေါ်မသိန်းတင်က လာပို့ပေးတာလေ၊ ခင်နုညီမ ခင်အုလေးလည်း ပါလာတယ်၊ ကောင်မလေးက ဘာရှိဦးမှာလဲ၊ အသက် ၁၁ နှစ်၁၂ နှစ် ရှိဦးမှာပေါ့၊ အဲဒီနေ့က ညနေစောင်းမှ သူတို့ရောက်လာတာဆိုတော့ မိုးချုပ်ကြီး ရွာကိုမပြန်နဲ့တော့ဆိုပြီး ဒီမှာပဲ အိပ်ခိုင်းလိုက်တာ၊ ထမင်းစားသောက်ပြီးတဲ့အထိ အကောင်းပဲ၊ ဖြစ်ချင်တော့ တီဗွီထိုင်ကြည့်နေရင်းက ခင်အု တဆတ်ဆတ်တုန်လာပြီး ...''

''ဟဲ့ ခင်အု၊ ဘာဖြစ်တာတုန်း၊ ဘာဖြစ်တာတုန်း''

ခင်အုအဒေါ်က သူ့ဘေးတွင် ထိုင်နေသောခင်အုကို အလန့်တကြားမေးလိုက်သည်။ မသိန်းတင်အသံကြောင့် အားလုံးက ခင်အုဆီ အကြည့်ရောက်သွားကြသည်။

ခင်အုသည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်ကာ မျက်လုံးကြီး ပြူးနေသည်။

''ဟဲ့ ခင်အု၊ ဘယ့်နဲ့ ဖြစ်တာတုံး၊ အဖျားများတက်သလား၊ ဟုတ်သေးပါဘူး၊ မမညွန့် ... မမညွန့် ... လုပ်ပါဦး''

ခင်အုပုံစံထူးခြားလွန်းသောကြောင့် အားလုံးအံ့အားသင့်ကာ ပြာပြာသလဲ ဖြစ်သွားကြသည်။

''ငါ့ကို စာရွက်ပေး၊ ငါ့ကို ဘောပင်ပေး၊ ငါ စာရေးမယ်''

''ဟဲ့ ခင်အု''

''စာရွက်ပေးဆို ပေးစမ်း၊ ငါစာရေးမလို့''



www.burmeseclassic.com

www.burmeseclassic.com



ခင်အုက မသိန်းတင်ကို မျက်တောက်နီကြီးဖြင့်ကြည့်ကာ ပြော လိုက်ပြန်သည်။ သည်တစ်ခါတော့ မသိန်းတင်လန့်သွား၏။ ဒေါ်ညွန့်ညွန့် ကိုအကူအညီတောင်းသလို လှမ်းကြည့်သည်။

"အပမိုတာပဲ သိန်းတင်၊ နှင်တို့ နေဝင်ရိတရောကြီး တော လမ်းက ဖြတ်လာတာကိုး။ သား လူလူ ဘုရားစင်ပေါ်က ပရိတ်ရေပုလင်း သွားယူစမ်း"

"ငါ စာရေးမယ်၊ စာရေးပြီးမှ ငါပြန်မယ်၊ ငါ့သူငယ်ချင်းဆီ ငါ စာရေးမယ်"

ထွက်လာသောအသံမှာ ခင်အုအသံ မဟုတ်တော့။ ကလေးသံ ပျောက်ကာ ယောကျ်ားသံ ဖြစ်နေသည်။ အသံက အုပ်အုပ်၊ ဩဩ၊ အဝေးမှ လှမ်းပြောသည့်လိုက်သံမျိုး။

"ဟေး ဘာစာရေးမှာလဲ၊ ဘာလုပ်ဖို့ ရေးမှာလဲ"

ကိုတက်လူဝင်းက မေးလိုက်သည်။

"ငါ့သူငယ်ချင်းဆီ၊ ငါ့သူငယ်ချင်းဆီ"

"တဲ့ နှင်ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဒီကိုဘာလာလုပ်တာလဲ"

သရဲပူးတာစွေ့ပူးသည်ကို အတွေ့အကြုံရှိဖူးသော ဦးလှဝင်းက မေးလိုက်၏။

"မီးရထားလမ်း၊ မီးရထားလမ်းမှာ ကျွန်မ နေပါတယ်၊ ကျွန်မ စာရေးချင်လို့ပါ၊ စာရွက်နဲ့ဘောပင်ပေးပါ၊ အီး . . . ဟီး ဟီး . . ."

ထိပ်ပြာရှင်က ပြောရင်းငိုချလိုက်သည်။

ကိုတက်လူဝင်းက စာကြည့်ခန်းထဲ ပြေးဝင်သွားကာ စာရွက် လွတ်တစ်ရွက်နှင့်ဘောပင်ကို ယူလာ၏။ ခင်အုရှေ့ချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူလူ၊ ပရိတ်ရေပုလင်းသွားယူပါဆိုတာကို"

"ခဏပါ မေမေ၊ သားစိတ်ဝင်စားလို့ပါ၊ သူတကယ်စာရေးမလား၊ စောင့်ကြည့်မလို့"

သရဲပူးနေသော ခင်အုသည် ဘောပင်ကိုဆတ်ခနဲကောက်ယူကာ စာများရေးချလိုက်လေ၏။

ကိုတက်လူဝင်းက ခင်အုရေးနေသောစာများကို ငုံ့ကြည့်ကာ လိုက်ဖတ်သော်လည်း စာလုံးပုံစံများကို နားမလည်နိုင်ဘဲ ဖြစ်နေသည်။

စာခပ်တိုတိုရေးပြီးသည်နှင့် ခင်အုက ဘောပင်နှင့်စာရွက်ပေးသော ကိုတက်လူဝင်းကိုပင် စာရွက်ကို လှမ်းပေးလိုက်သည်။ ခင်အု လက်များက တုန်ယင်လျက်ပင် ရှိသေးသည်။

"စာ ... စာထည့်ပေး၊ ငါ့ကိုဒီစာထည့်ပေး၊ လိပ်စာ၊ လိပ်စာပြောမယ်"

လိပ်စာပြောမယ်ဆိုသောကြောင့် ကိုတက်လူဝင်းက စာရွက်၏ ထိုသည့်အပိုင်းတွင် လိုက်မှတ်ရန် ပြင်သည်။

"နှင်းအေးဖြူ၊ သူနာပြုဆရာမ၊ အမှတ်(– –)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန် ... အဲ့ ... အား ... ထည့်ပေး၊ စာထည့်ပေး..."

ကိုတက်လူဝင်းက ခင်အုပြောသည့်လိပ်စာကို မီအောင်လိုက်၍ ရေးမှတ်လိုက်နိုင်သည်။

ခင်အုသည် လိပ်စာကိုနှုတ်မှ ပြောပြီးသည်နှင့် တစ်ချက်သန်းဝေလိုက်ကာ ကြမ်းပြင်ပေါ် လဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ သမီး၊ ခင်အုခိုတာ ကျောင်းတောင် မနေတော့ဘူး၊ သုံးတန်းနဲ့ထွက်ထားတာလို့ ပြောတယ်၊ အဲဒီလိုကောင်မလေးက ပညာတတ်တွေရေးတဲ့စာမျိုး ရေးတယ်၊ ရေးတော့လည်း မှန်စာလို ဖြစ်နေတယ် ဆိုတော့ သူလုပ်ဖျားတာ မဟုတ်တာတော့ သေချာနေတယ်လေ"

ထားဝိညာဉ်ဝင်ပူးသည့်အကြောင်းကို အသေးစိတ် ကြားသိလိုက်ရသည့်ကျွန်မမှာ မျက်ရည်များ ကျလာရပြန်လေသည်။

"သူက မီးရထားလမ်းမှာနေတယ်လို့ ပြောသွားတယ်နော် အန်တီ"

"အဲဒီလို ဗလုံးဗထွေး ကြားလိုက်ရတာပဲကွယ်"

"ဒီပုံအတိုင်းဆိုရင် ထားထားအေးဆိုတဲ့မိန်းကလေးရဲ့ ဝိညာဉ်ဟာ ဘောဒီပတ်ဝန်းကျင်မှာရှိနေတာ အမှန်ပဲ၊ သမီးတို့ဘယ်လိုလုပ်ချင် သလဲ"

ဦးလှဝင်းက ဝင်မေးလိုက်သည်။ —

"သမီး အဖြစ်မှန်ပေါ်အောင် စုံစမ်းချင်ပါတယ် အန်ကယ်"

"စုံစမ်းချင်ရင် အချိန်ပေးရလိမ့်မယ်ကွယ့်၊ ပြီးတော့ ... ဒီနေရာမှာနေပြီး စုံစမ်းတာက အထိရောက်ဆုံးဖြစ်မယ်"

"ဟုတ်ပါတယ်၊ ရန်ကုန်သွားနေတဲ့ ဒေါ်မြင့်နဲ့ဒေါ်တင့်တို့ကို [illegible] စောင့်ရဦးမယ်၊ သမီးရန်ကုန်ပြန်လို့ မဖြစ်သေးပါဘူး၊ ဒီ---ထားအဖြစ်ကို သေချာသိရပြီးမှ သမီးရန်ကုန်ပြန်မယ် အန်ကယ်၊ [illegible] သူငယ်ချင်းဖြစ်ရုံမကဘူး ညီအစ်မလိုနေလာတဲ့သူတွေပါ၊ [illegible] သမီးဆီစာရေးပြီးတော့တောင် အကူအညီတောင်းထားတာ [illegible] ကို အမှန်ပေါ်အောင် သမီးစုံစမ်းမယ်"

www.burmeseclassic.com



"ဒီလိုလုပ်ပါလား"၊

ဒေါ်ညွန့်ညွန့်က ဝင်ပြောလိုက်သည်။

"သမီးဟာ သူနာပြုတစ်ယောက်ဖြစ်နေလို့ အန်တီက ဒီစကား ပြောတာပါ၊ အန်တို့ယောက္ခမကြီးဟာ အသက်ခုနစ်ဆယ်ရှိနေပြီ၊ လူကြီး ဆိုတော့ သွေးတိုးတွေ၊ နှလုံးတွေလည်းရှိတယ်၊ သာမန်ကြည့်ရင် ကျန်းမာ သလယ့် အနီးကပ်စောင့်ရှောက်မယ့်သူရှိတော့ ကောင်းတာပေါ့ကွယ်၊ သမီးက စပါယ်ရှယ်နာ့စ်အနေနဲ့ ဘွားဘွားကို စောင့်ရှောက်ရင်း ဒီမြို့မှာ နေပြီးစုံစမ်းပေါ့ကွယ်"

"ဟာ ... သိပ်ကောင်းတဲ့အစီအစဉ်ပေါ့ မေမေ၊ ဘွားဘွား အတွက်လည်း အဆင်ပြေ၊ မနှင်းအေးဖြူအတွက်လည်း အဆင်ပြေ သွားတာပေါ့"

"ကာယကံရှင်က ဆုံးဖြတ်ပါစေဦး သားရယ်"

ကျွန်မက နွယ်နွယ့်ဖက်လှည့်ကာ သဘောထားတောင်းသလို မျိုး ကြည့်လိုက်သည်။

"ဟုတ်သားပဲ နှင်း၊ ရန်ကုန်မှာ ဂျူတီဝင်စရာလည်း မရှိဘူး၊ နောက်ကြောင်းအေးတယ်၊ ဒီမှာ ထားကိစ္စစုံစမ်းချင်တယ်ဆိုရင် အန်တီ ပြောတာ နည်းလမ်းကျသားပဲ"

"တကယ်တော့ ... အန်တီတို့အိမ်မှာ သမီးတည်းခိုနေထိုင်ပြီး စုံစမ်းချင်တယ်ဆိုရင်လည်း အန်တီတို့က လက်ခံဖို့အဆင်သင့်ပဲ၊ ဖိတ် ခေါ်ပါတယ်၊ ဒါပေမဲ့ ... မိန်းကလေးတစ်ယောက်အနေနဲ့ အခုမှ သိကျွမ်းရတဲ့အိမ်မှာ တည်းခိုပြီးအကြာကြီးနေရမှာ အားနာနေမှာ၊



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာမလုံမှာ သေချာတယ်လေ၊ အလုပ်နဲ့နေရတာဆိုတော့ အကြောင်း
ပြလို့လည်း ကောင်းတာပေါ့၊ လိပ်ပြာသန့်သန့်လည်း နေနိုင်တာပေါ့

"သမီးပြုစုရမယ့်ဘွားဘွားကို တွေ့နိုင်ပါသလားရှင်"

"ဘွားဘွားက အိပ်တစ်အိပ်သပ်သပ်နေပါတယ်၊ မီးရထား
လမ်းဘေးမှာပါ"

"မီးရထားလမ်းဘေး"

"ဟုတ်တယ်ကွယ့်၊ ရထားလမ်းဘေးက ခြံကျယ်ကြီးပေါ့၊ အဲ
မှာပဲ တစ်ယောက်တည်းနေတာပေ"

မီးရထားလမ်းဘေးကအိမ်ဆိုလို့ ကျွန်မ စိတ်ဝင်စားသွားမိသည်

"အဘွားနဲ့တွေ့ချင်သေးတယ်ဆိုရင် လူလူလိုက်ပို့ပါလိမ့်မယ်"

"နှင်း ဘာမှစဉ်းစားမနေနဲ့တော့၊ ဒီအလုပ်ကိုလက်ခံလိုက်
တော့ လေးခဲ့စဉ့်ကိုင်းဆိုတာ နီးနီးလေးရယ်၊ ပြီးတော့ ထားဝိညာဉ်က
မြိုင် ဒီစဥ့်ကိုင်မှာ ရှိနေတာလေ၊ မန္တလေးကနေ လာလာပြီးစုံစမ်းဖို့
ဆိုတာ မလွယ်ဘူး၊ နှယ်လိုက်မပို့ချင်လို့ တာဝန်မယူချင်လို့ပြောတာ
မဟုတ်ဘူးနော်"

"သိပါတယ်နှယ်ရယ်၊ နှယ်လည်း အမြဲအားနေတာမှ မဟုတ်
တာ"

"ဒါဖြင့် ဘွားဘွားကို ပြုစုရင်းနေဖို့ကို လက်ခံလိုက်ပါတော့
ဒါ အကောင်းဆုံးအစီအစဉ်ပဲနှင်း"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

နောက်တစ်နေ့မနက်တွင် ကိုတက်လူဝင်းက နွယ်နွယ်လှိုင်တို့
လေးအိမ်သို့ ကားဖြင့်လာခေါ်ပေးပါသည်။

ကျွန်မသည် ရန်ကုန်ရှိမိဘများထံ ဖုန်းဆက်၍ အကျိုးအကြောင်း ပြောထားပြီး ဖြစ်သည်။ ကျွန်မသည် အထူးသူနာပြုတစ်ယောက်အဖြစ် အသက်မွေးနေသော်လည်း ရန်ကုန်မှခွဲ၍ ယခုလို နယ်မြို့တွင် တာဝန်မထမ်းဆောင်ဖူးသေးပါ။ မေမေတို့ စိတ်ကျေနပ်စေရန် ကျွန်မက အတော် ပြောယူခဲ့ရ၏။

ကိုတက်လူဝင်းက ကျွန်မကို မန္တလေးအထိ ကားဖြင့်လာကြိုပေးခဲ့သည်။

စဉ့်ကိုင်တွင် ကိုတက်လူဝင်းမိဘများအား အိမ်ဝင်ဝင်ခေါ်ပြီး ကျွန်မ ပြုစုရမည့်အဘွားနေထိုင်ရာအိမ်သို့ ဆက်ထွက်ခဲ့ကြလေသည်။

ကျွန်မသည် ကျွန်မပြုစုရမည့် ဒေါ်သန့်ဇင်ဆိုသောအဘွားကြီးကို မမြင်ဖူးသေးပါ။ မနေ့က အချိန်မရ၍ ဒေါ်သန့်ဇင်ကို သွားမတွေ့ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန့်ဇင်မှာ ကိုတက်လှုဝင်းဖခင်ဦးလှဝင်း၏ မိခင်ဖြစ်ပါ သည်။ အသက်ခုနစ်ဆယ်အရွယ်ရှိပြီး အိပ်ရာထဲလဲနေသူ မဟုတ် သော်လည်း ကျန်းမာရေးစောင့်ရှောက်ပေးရန် လိုအပ်နေသူတစ်ဦးဟု သိရပါသည်။

ကိုတက်လှုဝင်း မောင်းလာသောကားလေးက ရန်ကုန် မန္တလေး လမ်းမကြီးမှဖယ်ကာ မြို့၏အတွင်းဘက်သို့ မောင်းနှင်လျက် ရှိပါသည်။ ကိုတက်လှုဝင်းတို့သားအဖက ကားရှေ့ခန်းတွင်ထိုင်၍ ကျွန်မနှင့် ဒေါ်ညွှန့်ညွှန့်က ကားနောက်ခန်းမှ လိုက်ပါလာခဲ့သည်။

ကားလေးက မြို့ဧရိယာကိုကျော်လွန်ပြီး လူနေအိမ်ခြံကျဲပါး သောအရပ်သို့ ဦးတည်နေလေသည်။ အိမ်ခြံကျဲပါးသည်ဆိုသည်မှာ ခြံဝင်းကျယ်ကြီးများထဲတွင် သီးသန့်သန့်စွာနေသော ရပ်ကွက်ဖြစ်သော ကြောင့်ဖြစ်ပါသည်။

"ဘွားဘွားကြီးက စိတ်တော့ထက်တယ်နော်၊ နှင်းအေး၊ နည်းနည်းတော့ သည်းခံရလိမ့်မယ်"

ဒေါ်ညွှန့်ညွှန့်က ပြောလိုက်သည်။

"ရပါတယ်အန်တီ၊ ကျွန်မလူပေါင်းစုံကို ပြုစုပေးဖူးပါတယ် စရိုက်စုံနဲ့လည်း ကြုံခဲ့ဖူးပါတယ်၊ ဘွားဘွားကြီး စိတ်ထက်တယ်ဆိုတာ ဘယ်လိုမျိုးများလဲ ရှင့်"

"သူ့ကို လူမမာကြီးလို့ဆက်ဆံတာ မကြိုက်ဘူး။ အသက်ကြီး ပြီလို့ပြောရင် မကြိုက်ဘူး၊ ဘာမဆို သူသိတယ်၊ သူလုပ်နိုင်ကိုင်နိုင် သေးတယ်လို့ ထင်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒီလိုလား။ ငယ်စဉ်က ကိုယ်တိုင်ဦးဆောင်ခဲ့တဲ့ လူကြီးတချို့ဟာ အဲဒီလိုစိတ်ထားမျိုးရှိတတ်ပါတယ် အန်တီ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ မေမေက အိမ်စီးပွားတစ်ခုလုံးကို သူပဲ ဦးဆောင်ခဲ့တာ၊ အန်တီတို့လုပ်နေတဲ့ ပွဲရုံလုပ်ငန်းဟာ မေမေကိုယ်တိုင် စတည်ထောင်ခဲ့တဲ့လုပ်ငန်းပဲ၊ ဘိုးဘိုးထက်ကို သူက ထက်တယ်၊ အစစအရာရာ သူကပဲ ဦးဆောင်တယ်၊ ဘိုးဘိုးသေပြီး အနှစ်နှစ်ဆယ် ကျော်တဲ့အထိ အသက်ရှည်နေတာသာ ကြည့်တော့"

"ငယ်စဉ်က အများကို ဦးဆောင်ခဲ့တဲ့လူကြီးတွေ အသက်ကြီး လာရင် နှစ်မျိုးဖြစ်တတ်ပါတယ် အန်တီ၊ တချို့က အသက်ကြီးလာလို့ ငါလုပ်နိုင်စွမ်း မရှိတော့ဘူး၊ ငါ့ကိုယ်ရည်ကိုယ်သွေးတွေ ကျသွားပြီဆိုပြီး စိတ်ကျရောဂါဝင်တာပါ၊ အစိုးရအရာရှိကြီးတွေမှာ အများဆုံးတွေ့ရ တတ်ပါတယ်၊ ပင်စင်ယူပြီးနောက်ပိုင်း ဖြစ်တတ်ပါတယ်၊ တစ်သက်လုံး အမိန့်ပေးအုပ်ချုပ်လာရာက ပင်စင်ယူပြီးနားလိုက်တဲ့အချိန်မှာ ကိုယ့်ကို ကိုယ်အရေးမပါတော့ဘူးလို့ ထင်ပြီး စိတ်ကျရောဂါ ဝင်တတ်တာမျိုးပါ"

"ဟုတ်တယ်၊ ဟုတ်တယ်"

"တချို့ကတော့ အသက်ကြီးပေမယ့် မာန်မကျဘူး၊ ငါလုပ် ခဲ့တဲ့လုပ်ရပ်တွေ အများကြီးရှိခဲ့တယ်၊ ငါတတ်တဲ့ပညာတွေ၊ ငါလေ့လာ ထားတာတွေကို ငါမမေ့သေးဘူး၊ ငါ့မှာ ဗဟုသုတတွေ အများကြီးရှိတယ်၊ အတွေ့အကြုံတွေ အများကြီးရှိတယ်၊ လူ့ဘောင်အတွက် ငါဟာအသုံး ဝင်သေးတယ်ဆိုပြီး ကိုယ့်ကိုကိုယ် ယုံကြည်တဲ့သူမျိုးပါ၊ အပေါင်းလက္ခဏာ ဆောင်တဲ့ စိတ်ဓာတ်မျိုးလို့ခေါ်ရပါမယ် အန်တီ၊ ဘွားဘွားဟာလည်း အဲဒီလို စိတ်ထက်တဲ့အမျိုးသမီးကြီး ဖြစ်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . သမီးက ဒီလိုသဘောတရားတွေ သိထားပြီးသား ဆိုတော့ မေမေနဲ့ သင့်အောင်ပေါင်းနိုင်ပါလိမ့်မယ်ကွယ်"

ဦးလှဝင်းက ကျေနပ်အားရသည့်လေသံဖြင့် ကျွန်မကို ပြောလိုက်လေသည်။

တကယ်တော့ ကျွန်မသည် သဘောတရားရေးအရသာ ဆွေးနွေးနေခြင်း ဖြစ်သည်။ ဒေါ်သန့်ဇင်ဆိုသောအဘွားကြီးနှင့် မတွေ့ဆုံ သေးပါ။ တကယ်တန်းတွင် ဒေါ်သန့်ဇင်နှင့်လိုက်လျောညီထွေ ပေါင်း နိုင်မပေါင်းနိုင် မသေချာသေး။ နဖူးတွေ့ဒူးတွေ့ တွေ့ရင်တော့ ဘယ်လို နေမည် မသိနိုင်သေးပါ။

ကိုတက်လှဝင်းက ခြံတစ်ခြံရှေ့တွင် ကားကိုရပ်လိုက်သည်။ ဟွန်းတီးလိုက်သည်နှင့် အစောင့်က ခြံတံခါးကို လာဖွင့်ပေး၏။

ကိုတက်လှဝင်းက ကားကို ခြံဝင်း၏နောက်ဘက်ကျကျတွင် ဆောက်ထားသောနှစ်ထပ်တိုက်ကလေးရှေ့အထိ မောင်းဝင်လိုက်လေ သည်။

ကျွန်မသည် ခြံနောက်ဖက်သို့မျှော်ကြည့်လိုက်ရာ ဖြောင့်ဖြူး ရှည်လျားသော မီးရထားသံလမ်းကြီးကို တွေ့မြင်လိုက်ရလေသည်။

☼

ကျွန်မတို့ အိမ်ထဲဝင်လိုက်သည်နှင့် အပေါ်ထပ်မှ လှေကား အတိုင်းဆင်းလာနေသော အဘွားကြီးကို တွေ့လိုက်ရလေ၏။ ဒေါ်သန့်ဇင် ပင်ဖြစ်ပေလိမ့်မည်။

"လူစုံတက်စုံပါလားဟေ့၊ ဘာကိစ္စရှိလို့လဲ"

အဘွားကြီးက အသံသြဇာအပြည့်ဖြင့် မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကိုပြုစုဖို့ ဟောဒီက သူနာပြုဆရာမလေးကို လာပို့တာပါမေမေ"

"ဘာပဲ"

အဘွားကြီးက အုံ့ဩဟန်ဖြင့် ကျယ်လောင်စွာ အော်လိုက်လေသည်။

"ငါ့ကိုပြုစုဖို့ ဟုတ်စ၊ ငါ့ကိုပြုစုရအောင် ငါက အိပ်ရာထဲလဲနေတဲ့ လူမမာမို့လို့လား ညွှန့်ညွှန့်ရဲ့"

"ဩော် ... မေမေရယ် အိပ်ရာထဲလဲမနေပေမယ့် အသက်ကြီးတဲ့သူဆိုတာ ကျန်းမာရေးဝန်ထမ်းတစ်ယောက်က အနီးကပ်စောင့်ရှောက်နေရင် ပိုကောင်းတယ် မဟုတ်လား"

"ဒေါက်တာသက်ကို ငါ့ကိုအပတ်တိုင်း လာကြည့်ပေးနေတာပဲ"

"မေမေကလည်းလေ ဟောဒီက နှင်းအေးဖြူက အတွေ့အကြုံရင့်တဲ့ စပါယ်ရှယ်နာ့စ်တစ်ယောက်ပါ၊ မေမေ့အတွက် ရန်ကုန်တနေတောင် လှမ်းခေါ်ထားရတာ၊ လာပါမေမေရဲ့၊ ထိုင်ပါဦး"

အဘွားကြီးက ကျွန်မကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း ဆက်တီပေါ်တွင် ဆောင့်ခနဲ ထိုင်ချလိုက်လေသည်။

"နှင်းအေးဖြူရေ ဟောဒါ သမီးအန်ကယ်ရဲ့အမေ ဒေါ်သန့်ဇင်ပဲ မေမေက ဒီတိုက်မှာ တစ်ယောက်တည်းနေတယ်လေ၊ ခိုင်းဖို့စေဖို့ အဖော်တွေတော့ရှိတာပေါ့ကွယ်"

"တစ်ယောက်တည်းနေတယ်ဆိုကတည်းက ငါ့ကိုယ်ငါ သိုကြည့်လို့ပေါ့အေ၊ ဒါကို ညည်းတို့သိထားဖို့လိုတယ်"

ဒေါ်သန့်ဇင်မှာ အာဂအဘွားကြီးပါကလား။



www.burmeseclassic.com

www.burmeseclassic.com



"သူနာပြုဆရာမက လုလုချည်လားအေ၊ ဒါလောက်လှတာ အန္တရာယ်ရှိတယ်"

"ရှင်"

အဘွားကြီးက ကျွန်မကို ရောက်ရောက်ချင်းဆောက်နဲ့ထွင်း ချေပြီ။ စကတည်းက ယဉ်သကိုဆိုသလိုပါလား။

"ငါပြောတာက ဒါလောက်လှတဲ့ရုပ်ကလေးနဲ့ သူများအိမ် လိုက်ပြီး နှာစ်လုပ်နေရင် အိမ်မှာ ယောက်ျားပျိုရှိရင် မခက်ပါလား။ ဘယ်ယောက်ျားမဆို ဒီလိုရုပ်ရည်မျိုးကို တိမ်းညွှတ်မိမှာပဲ၊ အဲဒါကြောင့် အန္တရာယ်ရှိတယ် ပြောတာပါ၊ ညည်းအတွက်ပြောတာပါ နှင်းအေးဖြူ"

"ကျွန်မ ရန်ကုန်မှာ ဆေးရုံကြီးနဲ့ ဆေးတိုက်ကြီးတွေမှာပဲ အလုပ်ဆင်းခဲ့ပါတယ် ဘွားဘွား။ လူတစ်ယောက်တည်းကို အိမ်အထိ လိုက်ပြုစုပေးတာ ဒါပထမဆုံးပါပဲရှင်၊ ဘွားဘွားဆီမှာနေရလို့ ကျွန်မ အတွက် အန္တရာယ်မရှိနိုင်ဘူးလို့ ယုံပါတယ်"

"ဒါတော့စိတ်ချပေါ့၊ ငါ့အိမ်မှာ ယောက်ျားသား ငယ်ငယ် ရွယ်ရွယ်လည်း မရှိဘူး။ ရှိတဲ့ခြံစောင့်အဘိုးကြီးကိုလည်း ငါက အိမ်ထဲ အဝင်မခံဘူး။ ညည်းအတွက် လုံခြုံပါတယ်၊ လှဝင်းတို့ ညွန့်ညွန့်တို့ ကိုသာ ငါကပြောချင်တာ၊ ငါ့အတွက် စပါယ်ရှယ်နှာစ်ငှားတာ ငါ့ကိုတာလို့ မတိုင်ပင်ကြသတုံး"

"ဟို ... ဟို ဒါက ... ဒီလိုပါမေမေ အဲ ..."

ဦးလှဝင်းက ရှင်းပြမည်ပြုပြီးမှ ဘာဆက်ပြောရမှန်းမသိဘဲ ထစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားကလဲဗျာ၊ သားတို့က ဘွားဘွားအတွက် ကောင်းစေချင်လို့စီစဉ်တာကို၊ ဆရာမလေးကိုလည်း အားနာပါဦး"

ကိုတက်လူဝင်းက သူ့အဘွားဘေးတွင် ကပ်ကပ်သပ်သပ်ဝင်ထိုင်လိုက်ကာ အဘွားရင်ခွင်ထဲခေါင်းခွေ့ပြီး ပြောလိုက်ခြင်း ဖြစ်လေသည်။ ကိုတက်လူဝင်း၏ ကလေးဆန်သောအပြုအမူကြောင့် ကျွန်မရယ်ချင်သွားလေသည်။

သို့သော် ကိုတက်လူဝင်း၏အပြုအမူမှာ ထိရောက်လှပါပေသည်။

ဒေါ်သန့်ဇင်မျက်နှာက ရင်ခွင်ထဲမှမြေး၏ဦးခေါင်းကို ပွတ်သပ်ရင်း ပြုံးသွားလေသည်။

"ဘွားဘွားက ဘွားဘွားကိုကြိုမပြောလို့ ပြောနေရတာပါလူလူရဲ့"

အသံကလည်း ချက်ချင်းပင် ချိုသာသွားပါပကော။ ဒေါ်သန့်ဇင်သည် တစ်ဦးတည်းသောမြေး ကိုတက်လူဝင်းကို အတော်ချစ်ပုံရပေသည်။

"ဒါနဲ့ ညည်းကို သူတို့က တစ်လဘယ်လောက်ပေးသတုံး အေး ညည်းရတဲ့လခကတော့ အလကားရသလိုနေမှာပဲဟေ့၊ ဘာဖြစ်လို့လဲဆိုတော့ ငါက အကောင်းကြီး ညည်းငါ့ကို ပြုစုစရာမှ မလိုဘဲကိုး ရတဲ့လခက အလကားရတဲ့အတိုင်းပေါ့အေ"

"မေမေ"

"ဘွားဘွား"

ကိုတက်လူဝင်းနှင့်ဒေါ်ညွှန့်ညွှန့်က ကျွန်မကို အားနာဟန်တားမည်ပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူတို့ကို လက်ကာပြလိုက်၏။

တကယ်တော့ ကျွန်မအတွက်လုပ်အားခကိစ္စကို ညှိနှိုင်းစဉ်ကပင် ကျွန်မသည် လုပ်ခယူမည်မဟုတ်ကြောင်း ငြင်းဆိုခဲ့ပြီး ဖြစ်ပါသည်။ ကျွန်မသည် သူငယ်ချင်းထားး၏ကိစ္စကို စုံစမ်းဖို့လာရောက်ရာတွင် ကိုတက် လူဝင်းတို့မိသားစုက လက်ခံကူညီပေးသည့်အတွက် ကျေးဇူးတင်ရပါသည်။ ကျွန်မတည်းခိုရာတွင်လည်း အဆင်ပြေအောင်၊ အလကားနေရာလည်းမရောက်အောင် ဘွားဘွားကို ပြုစုပေးခြင်းဖြင့် ကျေးဇူးတုံ့ပြန်ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် မနေ့ကကတည်းကပင် ကျွန်မက လုပ်အားခယူမည်မဟုတ်ကြောင်း အပြတ်ငြင်းဆိုပြီး ဖြစ်ပါ၏။

သို့ရာတွင် ကျွန်မက အလကားလာပြုစုပေးတာပါဟု ပြောပါက ဒေါ်သန့်ဇင်က အထွန့်တက်လာပေဦးမည်။ သွေးမတော်သားမစပ် အခကြေးငွေမယူဘဲ သူ့ကို ဘာကြောင့်လာပြုစုရသလဲဆိုသည့်မေးခွန်း ထွက်လာပေဦးမည်။ ကျွန်မတို့သည် ထားးကိစ္စကို ဒေါ်သန့်ဇင်အား အသိမပေးဘဲထားရန် သဘောတူထားပြီး ဖြစ်ပါ၏။

ထို့ကြောင့် ကျွန်မကပင် ဒေါ်သန့်ဇင် နားလည်လက်ခံလောက်အောင် ရှင်းပြလိုက်မိပါသည်။

"ဒီလိုရှိပါတယ်ဘွားဘွား။ သူနာပြုဆရာမတစ်ယောက်ရဲ့ တာဝန်တွေဟာ အများကြီးရှိပါတယ်၊ အိပ်ရာထဲလဲနေတဲ့လူနာတွေကို ချေးသေးပြုစုရတာမျိုးမှ ပြုစုစောင့်ရှောက်တယ်လို့ မခေါ်ပါဘူး။ ကိုယ့်အလုပ်ရှင်ရဲ့ ကျန်းမာရေးကို အချိန်မှန်စစ်ဆေးပေးတာ၊ အစားအသောက်ကို ဆရာဝန်ညွှန်ကြားတဲ့အတိုင်း စီစဉ်ပေးတာ၊ ဆေးသောက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဆေးထိုးဖို့ ကျန်းမာရေးလေ့ကျင့်ခန်းယူဖို့ စတဲ့ကိစ္စတွေအားလုံးမှာ တာဝန်ရှိပါတယ်၊ အချိန်ဇယားနဲ့ စနစ်တကျလုပ်ရပါတယ်၊ သူနာပြု တွေဟာ လူနာရဲ့စိတ်ပိုင်းဆိုင်ရာကိုပါ ပေါ့ပါးလန်းဆန်းအောင် ပြုစု တတ်ရပါတယ်၊ သူနာပြုတစ်ယောက်အနေနဲ့ ကျွန်မတာဝန်ကျေစေ ရပါမယ် ဘွားဘွား၊ ဘွားဘွားက အလကားထားပေမယ့် ကျွန်မ အလကားမနေပါဘူး ဘွားဘွားရယ်''

"အပြောကတော့ အပြောကောင်းပဲဟေ့၊ ဟားဟားဟား ...၊ အဲဒီလို စကားပြောကောင်းတော့လည်း ညည်းနဲ့ငါ စကားပြောဖော်ရတာ ပေါ့အေ၊ ငါ အပျင်းပြေတာပေါ့''

အဘွားကြီးစကားမှာ ကျွန်မကို စိတ်တိုင်းကျသွား၍ပြောသည့် စကားလား၊ ရွဲ့ပြောသည့်စကားလား အကဲခတ်ရခက်လှပေသည်။

မည်သို့ဆိုစေ ကျွန်မ သည်းခံရပေမည်။ ကျွန်မတို့သူနာပြု များသည် လူနာစရိုက်မျိုးစုံကို တွေ့ကြုံရတတ်ပေ၏။ ရံဖန်ရံခါ သူနာပြု ကို ဆဲဆိုရန်လုပ်နေတတ်သော စိတ်ထားကြမ်းတမ်းသည့်လူနာများနှင့် ပင် ဆုံရတတ်ပါသည်။ ရောဂါဝေဒနာကြောင့် စိတ်တိုစိတ်ကြမ်းပြီး ပြုမူပြောဆိုသည်များကို သည်းခံရမြဲ ဖြစ်ပါသည်။ ဒေါ်သန့်ဇင်သည် ထိုလူနာတွေလောက် မဆိုးသေးပါ။ ကျွန်မ သည်းခံရပေမည်။

ကျွန်မသူငယ်ချင်း ထားရဲ့ ဂမ္ဘီရဆန်လှသောဖြစ်ရပ်ကြီး၏ အဖြေမှန်ပေါ်ပေါက်လာသည်အထိ ကျွန်မစိတ်ကိုရှည်ရှည်ထားကာ ဤ အိမ်ကြီးတွင် နေထိုင်သွားရပေလိမ့်မည်။

☼

www.burmeseclassic.com

www.burmeseclassic.com



ကိုတက်လူဝင်းတို့ မိသားစုအပြန်တွင် ကျွန်မက ကားနား အထိ လိုက်ပို့လိုက်ပါသည်။

"ကဲ မနှင်းအေးဖြူ၊ ဘွားဘွားနဲ့အဆင်ပြေအောင်သာ နေပေတော့၊ လုံးလုံးအဆင်မပြေဘူးဆိုလည်း ဖုန်းဆက်လိုက်ပါ၊ ဒီအိမ်မှာလည်း ဖုန်းတပ်ထားတယ်"

"အဆင်မပြေဘူးလို့ မရှိစေရပါဘူး ကိုတက်လူဝင်း၊ ဘယ်လိုလူမျိုးကိုမဆို ကျွန်မ ပေါင်းတတ်ပါတယ်၊ ကျွန်မကိုသာ ထားနဲ့ ပတ်သက်တဲ့ ကိစ္စတွေစုံစမ်းပေးပါရှင်"

"စိတ်ချပါ၊ ကျွန်တော် ဒီနေ့ညနေပဲ ပလိပ်ကိုသွားစရာကိစ္စ ရှိပါတယ်၊ စုံစမ်းပေးပါ့မယ်"

"သွားပြီနှင်းအေးဖြူရေ သမီးတို့အဆင်ပြေမပြေသိရအောင် အန်တီလာခဲ့ပါဦးမယ်"

ကိုတက်လူဝင်းတို့မိသားစုက ကျွန်မကိုထားခဲ့ကာ ထွက်ခွာသွားလေပြီ။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

ကျွန်မက အိမ်ထဲပြန်မဝင်သေးဘဲ အိမ်ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ နှစ်ထပ်တိုက်ကလေးမှာ ခြံ၏နောက်ဘက်ကျကျ၌ဆောက်လုပ်ထားပြီး အတော်ပင်သစ်လွင်နေသေးသည်ကိုတွေ့ရ၏။ ဆောက်ထားသည်မှာ ကြာသေးပုံမပေါ်။

ခြံရှေ့မြေကွက်လပ်က တော်တော်ကျယ်ကျယ်ရှိနေပြီး ကွန်ကရစ်ပန်းအိုးကြီးများဖြင့် အလှပန်းပင်များ အတော်များများစိုက်ပျိုးထားလေသည်။ ပန်းခြံလေးသဖွယ် သပ်သပ်ရပ်ရပ် ပြုပြင်ထားပေ၏။ သက်ကြီးရွယ်အိုတစ်ဦးအတွက် စိတ်အပန်းပြေစေနိုင်သော အဆင်အပြင်မျိုးပင်ဖြစ်ပါသည်။

ကျွန်မက ဘေးဘက်မှခြံများဆီသို့ မျှော်ကြည့်လိုက်သည်။ ခေါင်းရင်းဘက်ခြံမှာ လူနေများပုံရပြီး ဆိုင်ကယ်နှစ်စီးရပ်ထားသည်ကိုတွေ့ရ၏။ ခြေရင်းဘက်ခြံကတော့ လူမနေမှန်း သိသာပါပေသည်။ ခြံစည်းရိုးများမှာယိုင်နဲ့နေသည်။ ခြံထဲမှအိမ်ကြီးမှာ အိုဟောင်းနေသော ပျဉ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး ဖြစ်ပါသည်။ ခြံ၏နောက်ဘက်အစပ်တွင် ဂိုဒေါင်လိုလို အဆောက် အအုံတစ်ခုတွေ့ရ၏။ လူသူအရိပ်အယောင်မမြင်ရပါ။

ကျွန်မ ခြံအတွင်းလိုက်ကြည့်နေသည်ကိုမြင်၍ ဒေါ်သန့်ဇင်က အိမ်ထဲမှ ထွက်လာလေ၏။

"ဒီနေရာလေးက တိတ်တိတ်ဆိတ်ဆိတ်နဲ့ နေလို့ကောင်းတယ် ကွဲ့၊ ဒီတိုက်ကလေးကို ဆောက်ထားတာ မကြာသေးဘူး။ သုံးနှစ်ပဲရှိ သေးတယ်၊ ဘွားဘွား ဒီခြံမှာပြန်နေမှ နဂိုအိမ်ဟောင်းကြီးကို ဖျက်ချ ပြီး ပြင်ဆောက်လိုက်တာလေ"

"ဟုတ်ကဲ့ ဘွားဘွား။ သမီးလဲ တိုက်ကလေးက သစ်လည်း သစ် လှလည်းလှလို့ ဆောက်တာမကြာသေးဘူးလို့ ထင်မိသား"

"ဒီခြံက ဘွားဘွားတို့လင်မယား အိမ်ထောင်ကျပြီးမှ ဝယ်တဲ့ ခြံပေါ့။ အဲဒီတုန်းက ခြံထဲမှာပါလာတဲ့နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးရှိတယ်၊ ဘွားဘွားတို့လင်မယား မောင်လှဝင်း အသက်ဆယ်နှစ်လောက်အထိ ဒီခြံထဲမှာပဲ နေခဲ့ကြတယ်၊ နောက် ပွဲရုံလုပ်ငန်းလုပ်ဖြစ်တော့ လမ်းပန်း အဆက်အသွယ်ကောင်းတဲ့လမ်းမပေါ်မှာ ခြံဝယ်ပြီး တစ်အိမ်ထပ် ဆောက်လိုက်တာပေါ့၊ အခု လူလူတို့နေတဲ့အိမ်၊ ပွဲရုံလုပ်ထားတဲ့အိမ် ဝင်းပေါ့"

ကိုတက်လူဝင်းကို သူ့မိဘများကရော၊ အဘွားဖြစ်သူကပါ "လူလူ"ဟု ချစ်စနိုးခေါ်သည်ကို ကျွန်မ သတိထားမိလာသည်။

"ဘွားဘွားက ပွဲရုံလုပ်ငန်းကို လွှဲခဲ့တဲ့သုံးနှစ်အလို ဦးစီး တုန်းပဲ၊ မောင်လှဝင်းက လူလူ့ကိုတောင် လွှဲနိုင်တဲ့အခြေအနေရောက် နေပြီ၊ မေမေနားပါတော့ဆိုလို့ နားလိုက်တာ၊ အနားယူတာနဲ့ ဒီခြံမှာ



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး ပြန်လာနေတာပဲ၊ ငယ်ငယ်ကနေခဲ့တဲ့ ပျဉ်ထောင်အိမ်ကြီးတော့ ဖျက်ပစ်လိုက်တယ်ကွယ်၊ အဘိုးကြီးကို သတိရနေမှာစိုးလို့"

"ရှင် အဘိုးကြီးဆိုတာ"

"ဘွားဘွားခင်ပွန်းကို ပြောတာလေ၊ ဒီအိမ်မှာအိမ်ထောင်ကျတာတည်းကနေခဲ့တော့ အိမ်ဟောင်းကြီးနဲ့နေရင် သူ့ကို သတိရစရာဖြစ်နေမှာစိုးလို့ ဖျက်ပစ်ပြီး တိုက်သစ်ကလေးဆောက်လိုက်တာ"

ကျွန်မက ဘွားဘွားဒေါ်သန့်စင်ပြောပြသည်များကို နားထောင်ရင်း အံ့ဩနေမိသည်။ ခင်ပွန်းဖြစ်သူကို သတိရမှာစိုး၍ အတူနေခဲ့သော အိမ်ဟောင်းကို ဖျက်ပစ်လိုက်သည်တဲ့၊ ကျွန်မတို့မြန်မာအမျိုးသမီးများသည် သွားလေသူခင်ပွန်း၏ အငွေ့အသက်များ ကျစ်ရစ်သောပစ္စည်းပစ္စယ၊ အဆောက်အအုံများကို အလွမ်းပြေအဖြစ် မူရင်းပုံမပျက်ထားတတ်ကြပေသည်။ ကွယ်လွန်သူကို အလွမ်းဖြေတတ်သည်။ ဘွားဘွားဒေါ်သန့်စင်ကတော့ ကွယ်လွန်သူခင်ပွန်းကို သတိရနေမှာစိုးလို့ အတူနေခဲ့သောအိမ်ကြီးကို ဖျက်ပစ်လိုက်သည်တဲ့။ ဆန်းကြယ်ပေစွ။

"သေပြီးတဲ့လူကို သတိရလွမ်းနေလို့ ဘာထူးမလဲကွယ်၊ အသက်ရှင်လျက်နဲ့ ဆက်ပြီးကျန်နေတဲ့သူက လုပ်စရာရှိတာတွေ လုပ်ရမယ် မဟုတ်လား၊ လွမ်းတယ် ဆွေးတယ် တမ်းတတယ်ဆိုတာ စိတ်ကို ညှိုးနွမ်းစေတဲ့လုပ်ရပ်တွေပါ၊ ဒါကြောင့် ဘွားဘွားကတော့ အတိတ်ကို ပြန်တမ်းတမနေချင်ဘူး၊ ဘဝမှာနေရတုန်း အသစ်အသစ်တွေနဲ့ စိတ်ကို ပျော်အောင်နေတယ်၊ ဒါမှ ကိုယ်လည်းနုပျိုလန်းဆန်းပြီး ကျန်းမာမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအာတွေးကို ရိပ်မိသည့်အလား ဒေါ်သန့်ဇင်က သူ့အ
မြွာကို ဖွင့်ဆိုပြလိုက်လေ၏။

"ခြံထဲမှာလည်း ပန်းတွေမျိုးစုံအောင် စိုက်ထားလိုက်တ
ရောင်းဖို့မဟုတ်ဘူး။ ဘုရားပန်းတင်တယ်၊ အလှပန်းအိုးထိုးတယ်၊
ပင်တွေကိုကြည့်ပြီး စိတ်အပန်းဖြေတယ်၊ မကောင်းဘူးလားကွယ်"

"ကောင်းပါတယ် ဘွားဘွား"

"ပန်းခြံကို တာဝန်ယူတာကတော့ မောင်ကြန်ကြီး
လင်မယားပဲ၊ ဘယ်ရောက်နေကြပါလိမ့်၊ အေ ... မောင်ကြန်ကြီ
မစန်းရီ၊ လာကြပါဦးဟဲ့"

"ကျွန်မတို့ရှိပါတယ် ကြီးကြီး"

အိမ်နောက်ဘက်တဲအိမ်ကလေးထဲမှ အသက်ငါးဆယ်ကျေ
လင်မယားနှစ်ယောက် ပြေးထွက်လာသည်။

ဘွားဘွားက ကျွန်မကို ဦးကြန်ကြီး၊ ဒေါ်စန်းရီတို့နှင့် မိတ်ဆ
ပေးလိုက်၏။

လင်မယားနှစ်ယောက်စလုံးပင် ခြံတွင်းသန့်ရှင်းရေးလုပ်
နှင့် သစ်ပင်ပန်းပင်များကိစ္စကို လုပ်ကြရသည်ဟုဆိုသည်။ အိမ်နော
ဘက်ရှိ သူတို့တဲကလေးမှာပင်နေ၍ သူတို့ဖာသာချက်စားကြသည်
သိရပါသည်။ ဒေါ်စန်းရီသာ အိမ်ထဲသို့ဝင်ခွင့်ရှိပြီး ဦးကြန်ကြီး
အိမ်ထဲဝင်ခွင့် မပေးကြောင်းနောင်တွင် ဒေါ်သန့်ဇင်က ပြောပြသ

"လာ လာ အိမ်ထဲဝင်ကြစို့၊ ညည်းနေဖို့ထိုင်ဖို့ စီစဉ်
ရဦးမယ်"

☼



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲတွင်ရှိသော အိမ်ဖော်နှစ်ယောက်မှာ သားအမိဖြစ်ပါသည်။ မဆိတ်တင်နှင့် သူ့သမီးမိုးမိုးတို့ဖြစ်သည်။ မဆိတ်တင်က အသက် ၁၅ နှစ်သာရှိသေးပြီး မုဆိုးမဖြစ်သည်။ မိုးမိုးက အသက် ၁၆ နှစ် ပြီးကာင်ပေါက်အရွယ် ဖြစ်ပါသည်။

"သူက ငါ့ကိုပြုစုဖို့ရောက်လာတဲ့ ဆရာမလေးပဲ၊ ညည်းတို့သူ့ကို ဆရာမလေးလို့ပဲ ခေါ်ကြရမယ်နော်၊ နာမည်က နှင်းအေးဖြူတဲ့"

"ဟုတ်ကဲ့ပါ ဘွားဘွား"

"လာခဲ့၊ လိုက်ခဲ့ကြ၊ ဆရာမလေးနေဖို့အခန်းကို ညည်းတို့ပြင်ပေးရမယ်"

"ဘွားဘွား၊ သမီးက ဘွားဘွားကို ပြုစုရမှာလေ၊ တစ်ခန်းသပ်သပ်မနေပါဘူး။ ဘွားဘွားအနားမှာပဲ ရှိနေမှာပါ"

"အမလေးတော်၊ ပြောပြန်ပြီ၊ ငါက လူနာကြီးမဟုတ်ပါဘူးအဲ့ တစ်ချိန်လုံး ငါ့နားကပ်နေမှာလည်း ငါမကြိုက်ပါဘူး။ စိတ်မချနဲ့ ညည်းဟာညည် ငါ့ကို ထ,ထကြည့်ပေါ့၊ တစ်ခန်းသပ်သပ်နေစမ်းပါအေ၊ ငါ့အိမ်အကျယ်ကြီးပါ၊ အပေါ်ထပ်မှာ ညည်းနဲ့ငါနဲ့ နှစ်ယောက်တည်းပဲရှိမှာ"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )

တစ်ညမကူးမီမှာပင် ဘွားဘွားဒေါ်သန့်ဇင်၏ ဓလေ့စရိုက်ကို ကျွန်မ နားလည်သွားရလေပြီ။

အိမ်ပေါ်ရောက်သည်နှင့် ကျယ်ဝန်းသောဘုရားခန်းနှင့်အတူ တီဗီကြည့်ရန် ပြင်ဆင်ထားသောအခန်းတစ်ခုကို တွေ့လိုက်ရလေသည်။ တီဗီကြီးမှာ လက်မ ၆၀ တီဗီဖြစ်သည့်အတွက် အိမ်သားနည်းပါးသော အိမ်အတွက် ကြီးမားလွန်းနေ၍ အံ့ဩမိရလေသည်။ တီဗီနှင့်အတူ ဗီစီဒီစက်ရော၊ ဒီဗီဒီစက်ပါ တွေ့ရသည်။ စီဒီချပ်ပေါင်းမြောက်များစွာကိုလည်း မြင်တွေ့ရသည်။

ကျွန်မက အသက် ၇၀ ကျော် အဘွားကြီးတစ်ယောက် အတွက် များပြားလှသောစီဒီချပ်များကိုကြည့်ကာ အံ့ဩနေမိသည်။

မဆိတ်တင်နှင့်မိုးမိုးတို့သားအမိ အခန်းရှင်းနေစဉ်တွင် ကျွန်မက စင်ပေါ်မှ စီဒီချပ်များကို လေ့လာကြည့်လိုက်သည်။ စီဒီချပ်များမှာ အမျိုးအစားစုံလှပေ၏။ တရားခွေများ၊ ခေတ်ဟောင်းနှင့်ရေဒီယိုသီချင်းများကို ပြန်ဆိုထားသည့်အချပ်များပါသလို နောက်ဆုံးပေါ်ဟာစ်ပော့



www.burmeseclassic.com

www.burmeseclassic.com



များကိုလည်း တွေ့ရပေသည်။ ဟစ်ဟော့သီချင်းတွေကို ဘယ်သူ နားထောင်ပါလိမ့်။

အချုပ်ပေါင်းတစ်ရာကျော်အတွင်းဝယ် ဓာတ်ပုံ[illegible] လည်းပါသည်။ ကိုရီးယား၊ တရုတ်ဇာတ်လမ်းတွဲတွေလည်း [illegible]

"ငါနဲ့နေရင်တော့ ညည်းပျင်းရမှာ မဟုတ်[illegible] အခွေတွေ၊ မိုးအလင်းထိုင်ကြည့်တောင် ကုန်မှာမဟုတ်ဘူး"

စီဒီခွေများကြည့်နေသော ကျွန်မကို ဒေါ်သန့်ခင်က [illegible] လိုက်သည်။

ကျွန်မအတွက် အခန်းရှင်းအပြီးတွင် ဒေါ်သန့်ခင်က [illegible] ကို မြို့ထဲသို့သွားရန် လွှတ်လိုက်လေသည်။ မနေ့က [illegible] အခွေများကိုပြန်အပ်ပြီး အခွေအသစ်များ ငှားခိုင်းလိုက်[illegible] ၏။

"မြန်မာကားကို လူမင်းပါတဲ့ကား၊ မင်းမော်ကွန်း[illegible] ငှား၊ တခြားမင်းသားတွေဆို မငှားခဲ့နဲ့၊ ထွန်းအိန္ဒြာဗိုလ်[illegible] ထွက်ရင်တော့ယူခဲ့၊ ကိုရီးယားကား အသစ်ထွက်ရင်လည်း[illegible] ကားက မြန်မာစာတန်းထိုးကိုယူနော်၊ သရဲကားလည်း [illegible] ငှားခဲ့ဦး၊ ခပ်ကြမ်းကြမ်းလေးပေးပါလို့ပြော"

ဘုရားရေ၊ အသက် ၇၀ ကျော်အဘွားကြီး [illegible] ငှားတဲ့အခွေတွေကလည်း မနည်းပါလား။ ဘယ်လိုကြည့်[illegible]

ညစာစားပြီးချိန်တွင်တော့ ဘွားဘွားဒေါ်သန့်ခင်၏ [illegible] အချိန်ကုန်လွန်ပုံကို ကျွန်မ တွေ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညစာထမင်းကို ညနေခြောက်နာရီလောက်တွင် စားသည်။ ထမင်းစားပြီးသည်နှင့် အပေါ်ထပ်ပြန်တက်ကာ ဘုရားရှိခိုးသည်။ နာရီဝက်လောက် ဘုရားရှိခိုး၊ ပုတီးစိပ်ပါသည်။

ပြီးသည်နှင့် တီဗီရှေ့မှာ ထိုင်ပါတော့သည်။ တီဗီရှေ့တွင် ဒရင်ဘက်ကြီးချ၍ အချိန်ကြာမြင့်စွာ ဖိမ်ပြေနပြေထိုင် ကြည့်နေခြင်း ဖြစ်သည်။ မြန်မာ့ရုပ်သံနှင့် မြဝတီတီဗီမှ ထုတ်လွှင့်သောအစီအစဉ်များကို ဟိုဖက်ကြည့်လိုက်၊ သည်ဖက်ကြည့်လိုက်နှင့် အနည်းငယ်သာကြည့်သည်။ သတင်းပြီးသည်နှင့် ငှားထားသောအခွေများကို တစ်ခွေပြီးတစ်ခွေ ထည့်ကာ မနားတမ်းကြည့်ပါလေတော့သည်။

ကိုရီးယားကားကိုကြည့်ရင်း နှုတ်မှလည်း ကိုရီးယားမင်းသားမင်းသမီးများအကြောင်းကို ကျွန်မကို ပြောပြနေသည်။ ဘယ်မင်းသားက ဘယ်ကားမှာ ဘယ်လို၊ ဘယ်မင်းသမီးကဖြင့် သရုပ်ဆောင်ပိုကောင်းလာတယ်၊ ဘယ်သူ့ကားဖြင့် မကြည့်ရတာကြာပြီ စသဖြင့်ပြောပြနေသည်။ ဘွားဘွားပြောသော ကိုရီးယားနာမည်များကို ကျွန်မ မရင်းနှီးပါ။ ကိုရီးယားဇာတ်လမ်းတွဲများကိုလည်း အစအဆုံးမကြည့်ဖူးပါ။ နာမည်နဲ့မင်းသားမင်းသမီးကိုလည်း တွဲပြီးမမှတ်မိပါ။

"နှင်းအေးဖြူက ကိုရီးယားကား မကြိုက်ဘူးလား၊ ဘွားဘွားပြောတာပဲ နားထောင်နေတယ်၊ ဘာမှလည်း ပြန်မပြောဘူး"

"သမီးက ဆေးခန်းတွေမှာ ဂျူတီဝင်နေရတာများတော့ တီဗီကိုပုံမှန်မကြည့်ဖြစ်ပါဘူး ဘွားဘွား။ ဘယ်ဇာတ်လမ်းတွဲမှ အစအဆုံးမကြည့်ဖူးဘူး။ မင်းသားမင်းသမီးတွေလည်း မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေအေး၊ ကိုရီးယားကားတွေက ကြည့်သင့်တယ်အေး။ ကားကောင်းလေးတွေ၊ ငါတော့ စွဲနေပြီပေါ့၊ ငါ့ဆီနေတုန်း တဝသာ ကြည့်သွားပေတော့"

ကျွန်မမှာ တီဗီကို စိတ်မဝင်စားနိုင်ပါ။ ကျွန်မအဖို့ ဤနေရာ အထိရောက်လာခြင်းမှာ သူငယ်ချင်းထားထားအေး၏ ပြဿနာကို စုံစမ်းရန်ဖြစ်သည်။ ကျွန်မရင်ထဲမှာ ထားကိစ္စသာ စွဲနေသည်။ ပြီးတော့ ခရီးပန်းထားတဲ့ဒဏ်ကလည်း ရှိနေပါ၍ အိပ်ချင်နေပေပြီ။

ယခင်ကတော့ ဘွားဘွားတီဗီကြည့်ပြီးချိန်အထိ မိုးမိုးက အနားမှာ ထိုင်စောင့်ရသည်ဟု ပြောသည်။ ကျွန်မရောက်လာ၍ မိုးမိုးကို စောစောအိပ်ခိုင်းလိုက်ပါပြီ။

"ဘွားဘွား၊ သမီးဖုန်းဆက်ပါရစေ၊ ရန်ကုန်အိမ်ကို ဒီမှာ အဆင်ပြေတယ်ဆိုတဲ့အကြောင်း ပြောချင်လို့ပါ၊ မန္တလေးက သူငယ်ချင်း ဆီလည်း ဆက်ချင်လို့ပါ ဘွားဘွား"

"ဆက်လေ၊ တယ်လီဖုန်းကို ငါ့ဆီကခွင့်တောင်း[illegible] ဘူး။ အချိန်မရွေးသုံးနိုင်တယ် နှင်းအေးဖြူ။ ဒါပေမဲ့ တို့မြို့[illegible] အိပ်ချိန်းကတစ်ဆင့်ခေါ်ရတာဆိုတော့ ကြာတော့ကြာတယ်အေး"

ဟုတ်ပါသည်။ စဉ့်ကိုင်သည် နယ်မြို့ကလေးသာဖြစ်၍ [illegible] အိပ်ချိန်း မရှိသေးပါ။ ဖုန်းဆက်လိုလျှင် အိပ်ချိန်းရုံးကို [illegible] ကိုယ်ဆက်လိုသောနံပါတ်ကို ပြောထားရသည်။ တစ်ဘက်သို့ ဆက်သွယ် လို့ရမှ ပြန်ခေါ်ပေးပါသည်။

ကျွန်မသည် ရန်ကုန်အိမ်နှင့် မန္တလေးမှနွယ်နွယ်[illegible] ဖုန်းခေါ်လိုက်ရာ အတော်ပင်ကြာသွားပါသည်။

www.burmeseclassic.com



ဘွားဘွား တီဗီကြည့်နေတဲ့နေရာရောက်တော့ ကိုရီးယားကား မဟုတ်တော့ဘဲ မြန်မာကား ဖြစ်နေသည်။

"ခုနကြည့်တဲ့ကိုရီးယားက ပြီးသွားပြီလား ဘွားဘွား"

"ဘယ်ပြီးဦးမှာလဲ၊ သူက ဇာတ်လမ်းအရှည်ကြီး၊ အချပ်၂၀ စာလောက်ရှိတယ်၊ ရှည်လွန်းလို့ စိမ်ပြေ နပြေကြည့်ရအောင် အပိုင် ဝယ်ထားတဲ့အခွေလေ၊ အခုဟာက မိုးမိုးကို ငှားခိုင်းလိုက်တဲ့ မြန်မာကား ကိုရီးယားကားကို ဒါပြီးမှ ဆက်ကြည့်တော့မယ်"

ဘုရားရေ။

ဘွားဘွားတီဗီကြည့်နေစဉ်မှာ ကျွန်မကလည်း ကျွန်မ တာဝန် များကို ထမ်းဆောင်ရပါသည်။

တီဗီကြည့်နေရင်းကပဲ ခွေးပေါင်ချိန်ပေးရသည်။

"ဘွားဘွား သောက်နေကျဆေးတွေ သမီးကိုပြပါဦး ဘွားဘွား"

"မှန်ဘီရိုအပေါ်ဆုံးထပ်မှာ၊ အေးအေ . . . မေ့လိုက်တာ၊ ငါ ကိုးနာရီမှာ ဆေးနှစ်မျိုးသောက်ရမယ်၊ ဆေးနဲ့ရေနဲ့ ယူခဲ့ပါဦး"

"ဘွားဘွားကို လာကြည့်ပေးနေကျဆရာဝန်က ဘယ်ရက်တွေ လာပါသလဲ ဘွားဘွား"

"တနင်္လာ၊ သောကြာတိုင်း လာတယ်၊ တစ်ပတ်နှစ်ခါ လာ ကြည့်ပေးတယ်၊ မနက်ဖန်ဆို ဒေါက်တာသက်ကို လာရက်ပဲ၊ ဒေါက်တာ လာရင် ငါ့အတွက်လိုအပ်တာတွေ မေးလို့ရတာပေါ့အေ"

☼

အဘွားကြီး တီဗီကြည့်သည်မှာ တော်တော်နှင့် မပြီးနိုင်သေးပေ မြန်မာကားပြီးတော့ ကြည့်လက်စ ကိုရီးယားကားကို ပြန်မထည့်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းအေးဖြူ၊ အခွေလဲလိုက်ပါဦး"

"ကိုရီးယားခွေ ပြန်ထည့်ရမှာလား ဘွားဘွား"

"မဟုတ်ဘူး၊ မိုးမိုးငှားလာတာ သရဲကားရှိသေးတယ်၊ သရဲကားထည့်လိုက်"

ကျွန်မက သရဲဇာတ်လမ်းစီဒီကို လဲထည့်ပေးလိုက်သည်။

ဒေါ်သန့်ဇင်တီဗီကြည့်နေချိန်မှာ ကျွန်မက အိပ်ချင်နေပေပြီ။ ခရီးပန်းထားသောကြောင့် အိပ်ချင်နေခြင်း ဖြစ်ပါ၏။ သို့သော် လူနာမအိပ်သေးဘဲ ကိုယ်ကအရင်အိပ်လို့မကောင်းပါသဖြင့် ကျွန်မမှာ အားတင်းထားရပေတော့သည်။

"နှင်းအေးဖြူ၊ ညည်း အိပ်ချင်အိပ်တော့လေ"

"မအိပ်သေးပါဘူး ဘွားဘွား၊ ဘွားဘွားအိပ်တဲ့အထိ သမီးစောင့်နေမှာပါ"

ကျွန်မက ဟန်လုပ်၍ ပြောလိုက်သည်။

ဆေးရုံဆေးခန်းများမှာတော့ လူနာအိပ်ပျော်နေလျှင် ကိုယ်ကလည်း အိပ်ငိုက်နေလို့ရသေးသည်။ ခုတော့ ဘွားဘွားဒေါ်သန့်ဇင်က ငုတ်တုတ်ကြီးထဘာမှထိုင်နေသည်မို့ ကျွန်မမှာ မငိုက်မိအောင် မနည်းထိန်းထားရပေတော့၏။

ထိုညက ည ၁၂ နာရီခွဲမှပင် တီဗီကြည့်ပွဲကြီး ပြီးဆုံးတော့သည်။

"ငါ့အေ ကိုရီးယားဇာတ်လမ်းတွဲလေး အပြီးထိကြည့်လိုက်ချင်တာ၊ ညည်းအားနာလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားရယ် လူကြီးတစ်ယောက်အတွက် ည ၁၁ နာရီနောက်ဆုံးထားပြီး အိပ်သင့်ပါတယ်၊ ဒါမှ မနက်အိပ်ရာထရင် လန်းမှာပေါ့။ တီဗီက နောက်နေ့ ဆက်ကြည့်လည်း ရတာပဲဟာ"

"အေးပါအေ၊ အေးပါ"

ကျွန်မက ဘွားဘွားကို သူ့အခန်းထဲအထိ လိုက်ပို့လိုက်လေသည်။

ကဲ လွတ်လပ်သွားပါပြီ၊ ကျွန်မလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်တော့မည်။ သို့သော် –

☼

သို့သော် –

တကယ်တန်း အိပ်တော့မည်ဆိုတော့ နေရာအပြောင်းအလဲကြောင့်ပေလား၊ အိပ်ချင်စိတ်လွန်သွားလို့ပင်လား မသိ။ ကျွန်မသည် အိပ်ရာထဲတွင် မျက်လုံးကြောင်ကာ အိပ်မရဖြစ်နေပေတော့သည်။

အိပ်ရာပေါ်တွင် ဘယ်ညာလူးလိမ့်ကာ အတွေးပေါင်းစုံက ကျွန်မခေါင်းထဲသို့ ဝင်လာလေသည်။ ထားမျက်နှာက ကျွန်မမျက်စိထဲဝယ် တရစ်ဝဲဝဲပေါ်လာသည်။ ထားဟာ ပျောက်ဆုံးနေတာလား။ သေပဲ သေသွားပြီလား။ ကျွန်မကတော့ ထား၏ပဟေဠိကို စုံစမ်းရန်အတွက် ဤနေရာအထိ ရောက်လာခဲ့ပြီ။

ကျွန်မအတွေးထဲဝယ် ထားနှင့်ကျွန်မ ငယ်စဉ်ကတည်းက အတူနေလာသည့်အဖြစ်များက ထပ်ဟပ်လာပြန်သည်။ သူငယ်တန်းကတည်းက သူနာပြုတက္ကသိုလ်တက်သည်အထိ အမြဲအတူနေခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့သူငယ်ချင်းနှစ်ယောက်။ သူ့မိဘများဆုံးသွားတော့ ကျွန်မတို့ အိမ်မှာပဲ ညီအစ်မသဖွယ် နေခဲ့ကြသည်။

ထားရယ်၊ သူငယ်ချင်းရယ် . . . မင်းဘယ်ရောက်နေသလဲ။

"ဆောင်းရေ . . . ဆောင်း . . ."

ကျွန်မ၏အိပ်နာမည်ကို ခေါ်သံကြားလိုက်၍ ကျွန်မ ဆတ်ခနဲ ခေါင်းထောင်သွားလေသည်။

"ဆောင်း . . . ဆောင်းရေ . . ."

အို . . . ထားအသံပါလား။

"ဆောင်း . . . ဆောင်း . . . ဆောင်းရေ . . ."

ထားအသံက ဆက်လက်ထွက်ပေါ်လာဆဲ။

အိမ်၏နောက်ဘက်ဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုအခါ . . . ကျွန်မ ဆတ်ခနဲ လန့်နိုးသွားလေသည်။

ကျွန်မက အိပ်နေရာမှ ဖျတ်ခနဲထလိုက်သည်။

အို . . . ကျွန်မ အိပ်မက်မက်နေတာပါလား။

အိပ်မက်မှလန့်နိုးသည့်တိုင် ထားအသံကို ကျွန်မ နားထဲတွင် ကြားနေရသယောင် ထင်မိသေးသည်။

ကျွန်မက ကိုယ်ကိုအညောင်းဆန့်၍ တစ်ဘက်သို့လှည့်အိပ် လိုက်လေသည်။

ကျွန်မ မည်မျှအိပ်ပျော်သွားသည်မသိ။

"ဆောင်း . . . ဆောင်း . . . ဆောင်းရေ . . . ထားကို လာခေါ် လှည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... ထားအသံကို ကြားရပြန်ပါပကော။ ကျွန်မက ခေါင်းအုံးပေါ်မှ ခေါင်းကိုအသာထောင်ကာ နားထောင်ကြည့်လိုက်ပြန်သည်။

"ဆောင်းရေ ... ဆောင်း ..."

ထားအသံမှ ထားအသံအစစ်။

ကျွန်မ အိပ်ရာပေါ်မှထဖို့ ကြိုးစားလိုက်သည်။ ထလို့မရ။

"ဆောင်း ... ဆောင်း ... ထားကို လာခေါ်လှည့်ပါ၊ ဆောင်းရေ"

ထားအသံက ဆက်လက်ထွက်ပေါ်လာဆဲ။

ကျွန်မသည် တစ်စုံတစ်ခုက ဖိနှိပ်ခံထားရသည့်သဖွယ် အိပ်ရာပေါ်မှထ,မရဖြစ်နေသည်ကို ရုန်းကန်ပစ်လိုက်သည်။

ထိုအခါ နောက်တစ်ကြိမ်အိပ်ရာမှ လန့်နိုးသွားရပြန်လေ၏။

ကျွန်မ အိပ်မက်မက်နေတာပါလား။

သည်တစ်ခါတော့ ကျွန်မက အိပ်ရာပေါ်မှ ထထိုင်လိုက်သည်။

"ဆောင်း ... ဆောင်း ... ဆောင်းရေ"

အလို ဘုရားရေ၊ ထားအသံကို ကျွန်မ ဆက်ကြားနေပြန်ပါလား။ အိပ်မက်မဟုတ်တော့ပါ။ ကျွန်မ အိပ်ရာမှ နိုးနေခဲ့ပါပြီ။

ကျွန်မက အသံကိုထပ်ကြားရနိုးဖြင့် မလှုပ်မယှက် ငြိမ်သက်ကာ နားစွင့်နေလိုက်သည်။ မကြားရတော့ပါ။ အိပ်မက်မှ လန့်နိုးပြီးနောက် ထပ်၍ကြားလိုက်ရသောခေါ်သံသည် တကယ်ပဲလား။ ကျွန်မ စိတ်ထင်တာလား။ မကွဲပြားပါ။



www.burmeseclassic.com

www.burmeseclassic.com



အသံကတော့ အိမ်နောက်ဘက်နှင့် ခြေရင်းထောင့်နားဆီမှ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။ အိပ်မက်ထဲတွင် ကြားရသောအသံမှာလည်း ထိုနေရာမှ လှမ်းခေါ်နေသယောင် ကြားရခြင်း ဖြစ်ပါသည်။

ကျွန်မ အိပ်ရာမှထကာ ခြင်ထောင်ကိုလှပ်ရင်း ခုတင်ပေါ်မှ ဆင်းလိုက်သည်။ တစ်အိမ်လုံး မှောင်မည်းနေပါသည်။ ကျွန်မက လက်နှိပ်ဓာတ်မီးကိုယူ၍ မီးခလုတ်ကို ဖွင့်လိုက်သည်။ အခန်းအပြင်သို့ ထွက်လိုက်သည်။ အခန်းတံခါးဖွင့်လိုက်သည်နှင့် အေးမြသောလေက တိုးဝင်လာလေသည်။ ဆောင်းတွင်းဖြစ်သောကြောင့် ချမ်းစိမ့်လှပေ၏။ အညာဆောင်း၏အအေးလွန်ကဲပုံကို ကျွန်မ လက်တွေ့ကြုံရပေပြီ။ ဆောင်းတွင်းဆိုသော်လည်း နေ့တွင်ပူ၍ ညကျမှ အအေးလွန်ကဲသော အညာ၏ ဆောင်းရာသီပါကလား။

အခန်းအပြင်မှာတော့ မှန်ပြတင်းပေါက်များမှတစ်ဆင့် လရောင်က ဖျန်းကျနေပါသည်။ ဘုရားခန်းမှ တစ်ညလုံးပူဇော်ထားသော ဘုရားမီး အလင်းရောင်ကလည်း လဲ့လဲ့လေးလင်းနေသည်။

ကျွန်မသည် အိမ်အပေါ်ထပ်နောက်ဘက်ဆီသို့ လျှောက်လာခဲ့သည်။ ဤအိမ်တွင် အပေါ်ထပ်၌ပင် အိမ်သာ၊ ရေချိုးခန်းများ ထားရှိပါသည်။

ကျွန်မက ရေချိုးခန်းဘေးမှ မှန်ပြတင်းနားတွင်ရပ်ကာ အိပ်မက်ထဲမှာ ခေါ်သံထွက်ပေါ်လာသော ခြံနောက်ဘက်ဆီသို့ မျှော်ကြည့်လိုက်သည်။

အိမ်ပြင်ပရှုခင်းကို လရောင်အောက်တွင် မှိန်ပျပျမြင်နေရပါ၏။ အိမ်နောက်ဘက်မှ မီးရထားသံလမ်းကြီးကိုပင် လရောင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်လက်စွာ မြင်နေရသည်။ လရောင်ကြောင့် မြင်သာထင်သာ ရှိနေသော်လည်း နှင်းများကျဆင်းနေသောကြောင့် ဝေဝေဝါးဝါး ရှိလှပေ၏။

ခြေရင်းဘက်ခြံမှ အိမ်အိုကြီးက လရောင်အောက်တွင် ချောက်ချားဖွယ် ထီးထီးမားမားကြီး ရှိနေသည်။ အိမ်ကြီးနောက်ဘက်မှ ဂိုဒေါင်အဆောက်အအုံလေးမှာ မြေ၌ပြားပြားဝပ်နေသကဲ့သို့ ရှိပေသည်။

ကျွန်မသည် တစ်ဖက်ခြံထဲမှ ဂိုဒေါင်အဆောက်အဦးလေးဆီသို့ ငေးစိုက်ကြည့်နေမိ၏။ မည်သည့်အတွက်ကြောင့်မှန်းတော့မသိ။ စိတ်၏စေ့ဆော်မှုကြောင့် ထိုအဆောက်အအုံလေးကို စိတ်ဝင်စားစွာ အကဲခတ်နေမိပါသည်။

ကျွန်မ ကြည့်နေစဉ်မှာပင် ဂိုဒေါင်ဘေးတွင် သွားလာလှုပ်ရှားနေသော လူရိပ်သဏ္ဍာန်တစ်ခုကို မြင်လိုက်ရသည်။ လူရိပ်သည် ဂိုဒေါင်ကလေးဘေးတွင် ဟိုသည်ရွှေ့ကာလှုပ်ရှားနေပုံမျိုး ဖြစ်သည်။ ကျွန်မ ကြည့်နေစဉ်မှာပင်လူရိပ်က ဖြတ်ခနဲပျောက်သွားပြန်လေ၏။

ကျွန်မစိတ်ထင်လို့များလား။ ကျွန်မမြင်လိုက်ရတာ လူအရိပ် ဟုတ်ရဲ့လား။ လရောင်ကြောင့် သစ်ပင်ကြီးများ ယိမ်းနွဲ့နေသည့်အရိပ် ပင်လား။ နှင်းများထူထပ်စွာကျနေခြင်းကို စိတ်ကထင်ယောင်မှားတာ လား။

ကျွန်မက အတွေးများဖြင့်လုံးခြာလည်နေဆဲတွင် မီးရထား တစ်စင်းခုတ်မောင်းလာသည့်အသံကို ကြားလိုက်ရလေသည်။ မီးရထား သည် အိမ်နောက်ဘက်သံလမ်းကို ဖြတ်ကျော်ကာ မန္တလေးဘက်သို့ တအိအိခုတ်မောင်းသွားလေ၏။ ရထားတွဲများတွင် မီးရောင်မမြင်ရခြင်း ကြောင့် ကုန်တင်ရထားတွဲတစ်စီးပဲ ဖြစ်လိမ့်မည်ထင်သည်။

---

www.burmeseclassic.com



ကျွန်မသည် အိမ်အတွင်းဘက်သို့ ပြန်လျှောက်လာခဲ့၏။

ဘွားဘွားအခန်းထဲကို ကဲကြည့်လိုက်တော့ ဘွားဘွား ဒေါ်သန့်ဇင်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပေပြီ။

ကျွန်မက အပေါ်ထပ်ခန်းမကြီးထဲသို့လျှောက်ခဲ့ကာ မီးခလုတ်ကို ဖွင့်လိုက်သည်။ တိုင်ကပ်နာရီကိုကြည့်လိုက်တော့ မနက်သုံးနာရီထိုးပေပြီ။ ကျွန်မသည် နို့တစ်ဝက်ပျော်တစ်ဝက်ဖြင့် အိပ်မက်တွေမက်ရင်းက ယခုထိ ကောင်းကောင်းမအိပ်ရသေးပါလား။

ကျွန်မသည် ဘုရားခန်းထဲသို့ဝင်ခဲ့ကာ သောက်တော်ရေချမ်းလဲကပ်ပြီး ဘုရားဝတ်ပြုလိုက်သည်။ လှုပ်ရှားနေသောစိတ်များ ငြိမ်သက်သွားမှပင် ဘုရားစင်ရှေ့မှ ထလာခဲ့လေသည်။

နာရီကို ကြည့်လိုက်တော့ သုံးနာရီခွဲပေပြီ။

ကျွန်မက လျှပ်စစ်မီးများကိုပြန်ပိတ်ပြီး အခန်းထဲသို့ ဝင်ခဲ့သည်။

သည်တစ်ခါတော့ ကျွန်မ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့ပါသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

# ( ၉ )

မည်မျှကြာအောင် အိပ်ပျော်ခဲ့သည်မသိ။ ဘွားဘွားဒေါ်သန့်ဖြင့် အသံကြားမှပင် ကျွန်မ လန့်နိုးသွားလေသည်။

"အမလေးဟဲ့ နှင်းအေးဖြူ၊ ငါ့ကိုပြုစုဖို့လာတဲ့ သူနာပြုဆရာမကြီး။ ထပါတော့ရှင်၊ မနက် ၈ နာရီ ရှိနေပြီရှင်ရဲ့"

ကျွန်မ လူးလဲထလိုက်သည်။

ကြည့်လိုက်တော့ ... ကျွန်မခုတင်ဘေးတွင် ခါးကြီးထောက်၍ ရပ်နေသော ဘွားဘွားကို တွေ့လိုက်ရလေသည်။ ကျွန်မ ရှက်သွားမိလေသည်။

"ကဲ မယ်မင်းကြီးမ၊ ထ၊ စားဖို့သောက်ဖို့လည်း အားလုံး အဆင်သင့်ပါတော်၊ ကျုပ်တော့စားပြီးပြီ"

"သမီး ညကတော်တော်နဲ့ အိပ်မပျော်ဘူး ဘွားဘွား။ အအိပ်နောက်ကျလို့ နေမြင့်သွားတာပါ ဘွားဘွားရယ်"

"အိပ်ရာအပြောင်းအလဲဆိုတော့ ဒီလိုပဲပါ့အေ၊ ညည်းကို အပြစ်မပြောပါဘူး။ ကဲ ထ ... ထ၊ မျက်နှာသစ်ချေ၊ ဒီနေ့ညပုယ်နေ့အေး



www.burmeseclassic.com

www.burmeseclassic.com



ဥပုသ်နေ့တိုင်း မြွေဘုရားမှာ ငါ ဥပုသ်စောင့်နေကျ၊ ညည်းလည်း လိုက်ခဲ့နေမယ်''

''ရှင် ...''

''မြွေဘုရားကို ညည်းရောက်ဖူးပြီးပြီလား''

''မရောက်ဖူးသေးပါဘူး ဘွားဘွား''

''အေး ငါနဲ့လိုက်ခဲ့လေ၊ ခဏနေရင် ကားလာကြိုတော့မှာ၊ ထုပ် လုပ်၊ ရေချိုးချင်လည်း ချိုးလိုက်ဦး''

ကျွန်မမှာ အိပ်ရာမှ ကမန်းကတန်းထကာ လိုအပ်သည်များကို အမြန်တက်သုတ်ရိုက် လုပ်ရပါတော့သည်။ စပါယ်ရှယ်နာ့စ် လုပ်နေပြီး လူနာက ကိုယ့်ကိုပြန်နှိုးရသည့်အဖြစ်ကိုလည်း ကျွန်မရှက်မိပါသည်။

ကျွန်မအဝတ်အစားလဲပြီးချိန်တွင် ဘွားဘွားအား ဘုန်းကြီးကျောင်းလိုက်ပို့ရန် လာကြိုသောကားရောက်လာပါသည်။ ကားမှာ မနေ့က ကိုတက်လူဝင်းမောင်းသော ကားပင်ဖြစ်သော်လည်း ကားမောင်းသူကတော့ ကိုတက်လူဝင်း မဟုတ်ပါ။ ဒရိုင်ဘာက မောင်းလာခြင်းဖြစ်ပါသည်။

ကျွန်မ ထမင်းကြော်စား၊ ကော်ဖီသောက်နေချိန်တွင် မသိတင်နှင့်မိုးမိုးတို့သားအမိက ဘုန်းကြီးကျောင်းယူသွားဖို့ ချိုင့်ကြီးချိုင့်ငယ်များ၊ ခြင်းများ၊ ရေသန့်ဘူးများကို ကားပေါ်သို့ တင်နေသည်။

ဘွားဘွားသည်ဥပုသ်နေ့တိုင်း မြွေဘုရားမှ ဘုန်းကြီးကျောင်းတွင် ဥပုသ်စောင့်လေ့ရှိကြောင်း၊ ဥပုသ်နေ့တိုင်း သူတို့သားအမိ လိုက်ရကြောင်း၊ ယနေ့လည်း သူတို့သားအမိပါလိုက်မည့်အကြောင်း မိုးမိုးက ကျွန်မကို ပြောပြသည်။

www.burmeseclassic.com



"မိုးမိုးရေ ... ဒါဖြင့် တို့လည်း ဥပုသ်စောင့်ရမှာပေါ့နော် ဒုက္ခပါပဲဟယ်၊ ညစာငတ်တော့မှာပေါ့"

ကျွန်မသည် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဘုရားတရားကြည်ညို ပါသော်လည်း ဥပုသ်တော့မစောင့်ဖြစ်ပါ။ သူနာပြုတစ်ယောက်အတွက် အလုပ်တာဝန်က များပြားရုံမက လူနာကို အချိန်မရွေးပြုစုပေးနေရ ပါ၍ အဆာခံ၊ အဟာရဖြတ်လို့ မဖြစ်ပါပေ။ ပါရမီမရင့်သန်သေးလို့ ဆိုပါစို့။

"မစောင့်ချင်လည်းရပါတယ်ဆရာမ၊ ဘွားဘွားက အတင်း မစောင့်ခိုင်းပါဘူး။ ကျောင်းမှာ သီလတော့ယူရတာပေါ့၊ ကျောင်းတွင် ဥပုသ်တော့ရတာပေါ့ ဆရာမရယ်၊ မိုးမိုးတော့ တစ်ခါမှ ညစာအလွတ် မခံဘူး။ အမေကတော့ တစ်ခါတလေ ဥပုသ်ရပါတယ်"

"တော်ပါသေးရဲ့ဟယ်"

☼

ကျွန်မသည် နာမည်ကျော်ကြားလှသော မြွေဘုရားကို ယခု မှပင် ရောက်ဖူးတော့သည်။ နွယ်နွယ်လှိုင်နှင့် ပလိပ်၊ စဉ့်ကိုင်မြို့များ သို့ ဆိုင်ကယ်ဖြင့်လာစဉ်က မြွေဘုရားရှေ့မှ ဖြတ်သန်းသွားရသော် လည်း ကိုယ့်အပူနှင့်ကိုယ်မို့ ဝင်မဖူးဖြစ်ခဲ့ချေ။

ဘုရားကိုရောက်သည်နှင့် ကားက ကျွန်မတို့ကို ဘုန်းကြီး ကျောင်းရှေ့တွင်ချထားပေးခဲ့ကာ ပြန်ထွက်သွားလေသည်။ ညနေစောင်း အပြန်တွင်လာကြိုပေးမည်ဟု သိရပါသည်။

ကျွန်မတို့သည် လှူဖွယ်ပစ္စည်းများ ဘုန်းကြီးကျောင်းတွင် လှူပြီး သီလယူကြပါသည်။ သီလယူပြီးနောက် ဘွားဘွားခွင့်ပြုချက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိုးမိုးကိုခေါ်ကာ မြွေဘုရားထဲသို့ ထွက်လာခဲ့သည်။ ကျွန်မနှင့် မိုးမိုးသည် နေ့လယ်စာစားချိန်အထိ မြွေဘုရားထဲတွင် အချိန်ဖြုန်းနေခဲ့သည်။

နေ့လယ်စာ စားပြီးတော့ ဘွားဘွားဒေါ်သန့်စင်က ပုတီးစိပ်ရင်းမှ အိပ်ပျော်သွားလေသည်။ ကျွန်မတို့လည်း ဘုန်းကြီးကျောင်းဝင်းထဲက သစ်ပင်ရိပ်အောက်တွင် စကားပြောရင်း အချိန်ဖြုန်းနေခဲ့လေ၏။

ကျွန်မက မဆိတ်တင်ကို ခြေရင်းဘက်မြို့ကြီးအကြောင်းကို မေးကြည့်လိုက်၏။

"ကျွန်မတို့ရောက်ကတည်းက အဲဒီအိမ်ကြီးမှာ [illegible] ဆရာမ၊ အိမ်ကြီးက သရဲချောက်တယ်လို့ပြောတယ်။ ကျွန်မတို့လည်း ညနက်ရင် အဲဒီခြံဘက်များ မကြည့်ရဲပါဘူး"

"ကြည့်တော့ရော ဘာမြင်ရမှာမို့လဲ မဆိတ်တင်ရဲ့"

"အို ... အဲဒီအိမ်ကြီးမှာ နေသွားတဲ့လူက သူ့မိန်းမကို ဓားနဲ့ထိုးသတ်တာတဲ့"

"ဟင် ... ဘာဖြစ်လို့ သတ်ရတာလဲ"

"သူခရီးထွက်နေတုန်း လင်ငယ်နဲ့နေတာကို မိသွားတဲ့ မိန်းမရော သူ့လင်ငယ်ရော ဓားနဲ့ခုတ်သတ်လိုက်တာတဲ့၊ ပြီးတော့ ... မီးရထားလမ်းပေါ်အိပ်နေပြီး မီးရထားအလာမှာ သူ့ကိုယ်သူ မီးရထားနဲ့ အကြိတ်ခံလိုက်တာတဲ့"

"အမလေး ... ကြက်သီးထစရာကြီး မဆိတ်တင်ရယ် [illegible] ရော ဟုတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြာတာတော့ကြာပြီ၊ ဘွားဘွားတို့ အိမ်ထောင်ကျစ
ဖြစ်တာလို့ပြောတယ်၊ အဲဒီလင်မယားက ဘွားဘွားတို့ထက်တော
အသက်ကြီးသေးတယ်တဲ့၊ ခုထိ ချောက်တုန်းပဲတဲ့၊ ဟိုတလောကတော
ဦးကြန်ကြီး မြင်သေးတယ်"

"ဟင် ... ဦးကြန်ကြီးက ဘယ်လိုမြင်တာလဲ"

"အဲဒီခြံထဲမှာ မိန်းမတစ်ယောက် လျှောက်သွားနေတာ မြင
တာတဲ့"

"တကယ့်လူတစ်ယောက် လျှောက်သွားတာရော မဖြစ်နိုင
ဘူးလား မဆိတ်တင်ရယ်"

"အို ... အဲဒီခြံထဲ လူမနေပါဘူးဆိုမှ၊ ဆရာမကလည်း"

ရင်းနှီးတဲ့အခါမှ ဦးကြန်ကြီးကို မေးကြည့်ရပါဦးမည်။ ကျွန်
ညက မြင်ခဲ့ရတယ်လို့ထင်ရတဲ့လူရိပ်သဏ္ဌာန်ဟာ သရဲများလား။ တွေ
ရင်း ကျွန်မ ကြက်သီးထသွားလေသည်။

☼

ညနေလေးနာရီလောက်မှာ လာကြိုသည့်ကား ရောက်လာ
ပါသည်။ ကားကို ကိုတက်လူဝင်း မောင်းလာတာမြင်၍ ကျွန်မက ဝမ်းသာ
သွားမိသည်။

မဆိတ်တင်နှင့်မိုးမိုးက ပစ္စည်းပစ္စယများကားပေါ် တင်နေစဉ်
ကိုတက်လူဝင်းက ကျွန်မအနား ရောက်လာလေသည်။

"ဘယ့်နှဲ့လဲ မနှင်းအေးဖြူ၊ ဘွားဘွားနဲ့ အဆင်ပြေရဲ့လား"

"ပြေပါတယ် ကိုတက်လူဝင်း၊ ဘွားဘွားက စကားပြောတ
တုတ်ထိုးအိုးပေါက် ပြောတတ်ပေမယ့် သဘောကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တုတ်ထိုးအိုးပေါက်၊ ဟုတ်လား ဟား ... ဟား ... ဟား။ ဘုတ်တယ်ဗျို့၊ မနှင်းအေးဖြူ ခိုင်းနိုင်းလိုက်တဲ့စကားက သိပ်မှန်တာပဲ၊ ဘွားဘွားက စိတ်ထဲရှိတာ ဘွင်းဘွင်းပြောတတ်တာဗျ"

ကိုတက်လူဝင်းက သူ့အဘွားကို ကျွန်မ ဝေဖန်လိုက်သည့် စကားအား သဘောကျကာ ရယ်မောနေလေသည်။

"ဒါနဲ့ ... ကျွန်တော် ဒီနေ့ နေ့လယ် ပလိပ်ကိုရောက်ခဲ့တယ် နှင်းအေးဖြူ"

"ဟုတ်လား၊ ထားကိစ္စ စုံစမ်းဖြစ်သေးလားဟင်၊ ဘာထူးသေးလဲ"

"စုံစမ်းဖြစ်ပါတယ်၊ ကျွန်တော်က ဒေါ်မြင့်မြင့်နဲ့ ဒေါ်တင့်တင့် တို့ပြန်ရောက်မရောက် အရင်စုံစမ်းဖြစ်တာ၊ အပျိုကြီး ညီအစ်မ နှစ်ယောက်က တော်တော်နဲ့ပြန်လာဖြစ်မှာမဟုတ်သေးဘူး နှင်းအေးဖြူ သူတို့ ဗုဒ္ဓဂါယာကို ဘုရားဖူးသွားဖို့စီစဉ်နေကြတာတဲ့"

"ဟင် ... ဒါဆို ကြာဦးမှာပေါ့"

"ရန်ကုန်က သူတို့တည်းတဲ့ သူ့တူမအိမ်လိပ်စာရော ဖုန်း နံပါတ်ရော ကျွန်တော်ယူလာပါတယ်၊ လိုလိုမယ်မယ်ပေါ့"

"ဟဲ့ ဒီနှစ်ယောက် ဘာတွေပြောနေကြတာလဲ၊ ထမင်း စားကြဦးမလား"

ကျွန်မတို့စကားပြောနေစဉ် ဘွားဘွားက ထမင်းပွဲ ဆက်လာလေသည်။

"ဆရာမလေးက ဘွားဘွားကို သဘောကောင်းတယ်လို့ ပြော နေတာပါ ဘွားဘွား"

www.burmeseclassic.com



"အေးဟဲ့၊ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ကဲ ကဲ ပြန်ကြစို့၊ ဆောင်းတွင်းဆိုတော့ နေအဝင်စောတယ်"

"အိမ်ရောက်မှ ဆက်ပြောပြတော့မယ် မနှင်းအေးဖြူ"

ကိုတက်လှဝင်းက ကျွန်မကြားသာရုံ တိုးတိုးလေး ပြောလိုက်လေသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

အိမ်ပြန်ရောက်တော့ ဘွားဘွားကို အိမ်ပေါ်လိုက်ပို့ ခရင်းဘက် ပေါ်ချထားပေးခဲ့ပြီး အနားယူစေကာ ကျွန်မက အောက်ထပ်သို့ မြန် ဆင်းခဲ့လေသည်။

ကိုတက်လူဝင်းက ခြံထဲမှာပင် ပန်းပင်များကို ကြည့်ရှု စောင့်နေ၏။

"ပြောပါဦး ကိုတက်လူဝင်း၊ နောက်ထပ်ဘာတွေ သိခဲ့ရ သေးလဲ"

"ထူးထူးထွေထွေတော့ မဟုတ်ပါဘူး။ ကျွန်တော်က ဦးအောင် ကြိုင်တို့အိမ်နဲ့လည်း အဆက်အသွယ်မရှိတော့ ဘေးမှာနေပြီးကြည့် တာပါ၊ ကိုညဏ်မိုးဆိုတဲ့လူက ခင်မိမိကြိုင်နဲ့အိမ်ထောင်ကျတာ သိပ် မကြာသေးဘူးတဲ့၊ တစ်လတောင် မပြည့်သေးဘူးတဲ့ မနှင်းအေးမြ"

"ဟင် ..."

ကျွန်မစိတ်ထဲမှာ အတွေးတစ်ခု ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမောင်ကြိုင်က သူ့မသေခင် စိတ်နောက်နေတဲ့သူ့သမီး အတွက်စိတ်ချရအောင် ကိုညာဏ်မိုးနဲ့ ပေးစားခဲ့တာတဲ့၊ ဦးမောင်ကြိုင် မသေခင်ရက်ပိုင်းလေးမှာပဲ ရပ်ကွက်လူကြီးတွေရှေ့မှာ အကျဉ်းရုံးပြီး လက်ထပ်ပေးလိုက်တာလို့ပြောတယ်"

"ဪ ..."

"ကိုညာဏ်မိုးဆိုတဲ့လူက ဦးမောင်ကြိုင်ရဲ့ဆန်စက်မှာ စာရေး လုပ်နေတာ ကြာပြီတဲ့၊ ဆယ်တန်းအောင်ကတည်းက လုပ်နေတာလို့ ပြောတယ်၊ လုပ်ငန်းကိုင်ငန်းတော်ပြီး စိတ်ချရလို့ ဦးမောင်ကြိုင်ရဲ့လူယုံ ဖြစ်နေတာပေါ့၊ ဦးမောင်ကြိုင်ကိုယ်တိုင်က သူ့သမီးအတွက် စိတ်ချရ အောင် သူ့တပည့်လူယုံနဲ့ ပေးစားခဲ့တာလို့ပြောတယ် မနှင်းအေးဖြူ"

ကိုညာဏ်မိုးမှာ အိမ်ထောင်ကျတာ တစ်လပင်မရှိသေးဘူး ဆိုရာ ထားထိုအိမ်တွင်ရှိနေစဉ်က လူပျိုတစ်ယောက်ပင် ဖြစ်သည်။ ထားစာထဲက သူ့ချစ်သူဆိုသည်မှာ ကိုညာဏ်မိုးပင် ဖြစ်နေလေမည်လား။ နှယ်နှယ်လိုလို ထင်ကြေးပေးထားတဲ့အတိုင်း မှန်သလိုဖြစ်နေပါပြီကော။ သေချာအောင်တော့ ဆက်စုံစမ်းရပေမည်။

ခင်မိမိကြိုင်ကိုလည်း လျှော့တွက်လို့မရ။ အကယ်၍ ... ကိုညာဏ်မိုးနှင့်ထားတို့ ချစ်သူရည်းစားများ ဖြစ်ခဲ့ကြသည်ဆိုလျှင် ခင်မိမိ ကြိုင်သည် ထိုအကြောင်းကို သိကောင်းသိပေမည်။

ကျွန်မတို့ရောက်စဉ်က ခင်မိမိကြိုင်အမှတ်မထင်ပြောလိုက် သောစကားမှာ စဉ်းစားဖွယ်ဖြစ်လေသည်။ "ကောင်မလေးတို့လုလေး တွေကို နင်မကြိုက်ရဘူးနော်" ဆိုသည့် သူ့ယောက်ျားကို ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်စကား။ နွယ်နွယ်လှိုင်ကလည်း ရှေ့ကဖြစ်ရပ်ရှိနေ၍ သတိပေး သလိုပြောလိုက်ခြင်းဖြစ်နိုင်ကြောင်း ထင်ကြေးပေးခဲ့သည်။

"ဘာတွေတွေးနေတာလဲ မနှင်းအေးဖြူ"

"ဩော် ... ကျွန်မ စိတ်ထဲက သံသယပါ၊ ကိုတက်လူဝင်းကို ထားရေးခဲ့တဲ့စာတွေ ပေးဖတ်ပါဦးမယ်၊ နောက်ဆုံးရေးတဲ့စာမှာ သူ့မှာ ချစ်သူရှိနေပြီဆိုတဲ့အကြောင်းပါတယ်၊ သူ့ချစ်သူဘယ်သူဆိုတာတော့ စာထဲမှာ ရေးမထားဘူးကိုတက်လူဝင်း"

"အနီးပတ်ဝန်းကျင်မှာ စုံစမ်းရမှာပေါ့၊ တစ်ခုပဲရှိတယ်၊ စပါယ် ရှယ်နာ့စ်တစ်ယောက်ဟာ လူနာရှိတဲ့အိမ်ထဲကနေ အပြင်ကိုထွက်ဖို့ တော့ အတော်ခက်လိမ့်မယ် မနှင်းအေးဖြူ"

"အဲဒါပေါ့ ကိုတက်လူဝင်း၊ ရှင်းရှင်းပဲပြောမယ်၊ ထားချစ်သူ ဟာ ကိုဉာဏ်မိုး ဖြစ်နိုင်လောက်တယ်လို့ ကျွန်မထင်တယ်၊ ကိုဉာဏ်မိုး ကို အိမ်ထောင်သည်ဆိုတာသိထားလို့ အစကတော့ ကျွန်မ မထင်ခဲ့ ဘူး။ အခု ကိုတက်လူဝင်းပြောမှ ကိုဉာဏ်မိုးနဲ့ခင်မိမိကြိုင် အိမ်ထောင် ကျတာ တစ်လတောင်မပြည့်သေးဘူးဆိုတာ သိရတာ၊ ကျွန်မသံသယ ဟာ ခိုင်မြဲသွားပါပြီ ကိုတက်လူဝင်း"

ကျွန်မတို့စကားပြောနေစဉ် ခြံထဲသို့ မော်တော်ဆိုင်ကယ် တစ် စီး မောင်းဝင်လာလေသည်။

"ဟော ... ဒေါက်တာသက်ကိုလာပြီ မနှင်းအေးဖြူ၊ ဘွားဘွား တို့ လာကြည့်နေကျ ဆရာဝန်ပဲ"

ကိုတက်လူဝင်းက ဒေါက်တာသက်ကို့ကိုကြိုဆိုလိုက်သည်။ ဒေါက်တာသက်ကိုနှင့်ကျွန်မကို မိတ်ဆက်ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားနားမှာ နာ့စ်တစ်ယောက်အမြဲရှိနေတော့ ကောင်းတာပေါ့ဗျာ"

☼

ကျွန်မက ဒေါက်တာသက်ကိုဆီမှ ဘွားဘွားနှင့် ပတ်သက်သော ကျန်းမာရေးရာဇဝင်များကို မေးမြန်းကာ ရေးမှတ်ထားလိုက်ပါသည်။

ဘွားဘွား၏ပုံမှန်သွေးပေါင်ချိန်၊ သောက်ရမည့်ဆေးများ ဆေးသောက်ချိန်နှင့် ဆေးအရေအတွက်ညွှန်ကြားချက်များကို ကျွန်မက ရေးမှတ်ထားလိုက်၏။

ဘွားဘွားသည် သွားနိုင်လာနိုင်ပြီး သူပြောသလို "အကောင်းကြီး" ရှိသေးသော်လည်း ရောဂါက စုံလှပေသည်။ နှလုံးရောဂါအခံရှိသလို သွေးလည်း မကြာခဏတိုးတတ်သည်။ ဆီးချိုလည်း ရှိနေသည်။ ဒေါက်တာသက်ကိုက ဆီးချိုတက်မတက် မကြာမကြာစစ်ဆေးပေးရန် ကျွန်မကို မှာခဲ့ပါသည်။

"မနှင်းအေးဖြူလို နာ့စ်တစ်ယောက် အနီးမှာရှိနေတာ သိပ်ကောင်းပါတယ်၊ ဆရာက တစ်ပတ်မှနှစ်ခါပဲ လာကြည့်နိုင်တာလေ"

"ဟုတ်ကဲ့၊ လိုအပ်တာအားလုံး ညွှန်ကြားခဲ့ပါဆရာ၊ ကျွန်မလည်းလိုအပ်ရင် ဆရာ့ဆေးခန်းကို လာမေးပါရစေ"

ဒေါက်တာသက်ကိုက သူ့ဆေးခန်းနှင့်အိမ်၏ ဖုန်းနံပါတ်များကို ပြောပြခဲ့ပါသည်။

တကယ်တော့ ကျွန်မတို့သူနာပြုများသည် ဆရာဝန်ညွှန်ကြားချက်အတိုင်း လူနာကို ပြုစုရပါသည်။ သူနာပြုများတွင် ကိုယ့်သဘောနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် လူနာကိုဆေးထိုးခွင့်မရှိပါ။ ဆရာဝန်ညွှန်ကြားမှသာ ထိုးခွင့်ရှိပါသည်။ မည်သည့်ကျန်းမာရေးကိစ္စမဆို ဆရာဝန်၏ညွှန်ကြားမှုအောက်တွင်သာ လုပ်ဆောင်ရပါသည်။

ထို့ကြောင့် . . . ကျွန်မက ဒေါက်တာသက်ကို ရောက်နေတုန်း ထိုအပ်သမျှ မေးမြန်းထားရခြင်း ဖြစ်ပါသည်။

"ဘွားဘွားကျန်းမာရေးအတွက် ကျွန်တော်စိတ်အေးသွား ရပြီ ဘွားဘွား၊ မနှင်းအေးဖြူက အတွေ့အကြုံရင့်တဲ့ သူနာပြုတစ်ယောက်ပါ"

ဒေါက်တာသက်ကိုက ကျွန်မအတွက်ထောက်ခံစကားကို ပြောကြားခဲ့ပေသည်။

ဒေါက်တာသက်ကိုပြန်သွားတော့ ကျွန်မနှင့်ကိုတက်လူဝင်းတို့က ခြံထဲအထိ လိုက်ပို့လိုက်၏။

"ခုနစကားဆက်ရဦးမယ်၊ ကျွန်တော်မန္တလေးသွားပြီး ဘူတာကြီးမှာစုံစမ်းဖို့စီစဉ်ထားတယ် မနှင်းအေးဖြူ"

"ဘာအတွက်များလဲ ကိုတက်လူဝင်း"

"မထားထားအေးပြန်သွားတဲ့နေ့က သူစီးသွားတဲ့ရထားတွဲပေါ်မှာ ဘယ်သူတွေပါသလဲ၊ သိချင်လို့ပါ"

"အိပ်ခန်းတွဲဆိုတော့ လေးယောက်ပဲပါမှာလေ၊ ဟိုအပျိုကြီးနှစ်ယောက်ရယ်၊ ထားရယ်က သုံးယောက်ဆိုတော့ သူစိမ်းတစ်ယောက်ပဲပါမှာပေါ့"

"အဲဒီ သူစိမ်းတစ်ယောက်ဆိုတာလည်း ခုအချိန်မှာ အရေးကြီးလာပြီ မဟုတ်လား၊ အပျိုကြီး ညီအစ်မနှစ်ယောက်ကိုလည်း မေးလို့မဖြစ် နိုင်သေးတော့ ရလောက်တဲ့သတင်းကပဲ သဲလွန်စရှာရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတက်လူဝင်းရယ် ကျေးဇူးတင်လိုက်တာရှင်၊ ကျွန်မသူငယ်ချင်းအတွက် ခုလိုစိတ်ဝင်တစားကူညီပေးတာ ကျေးဇူးတင်ပါတယ်ရှင်"

"ဩော် . . . မနှင်းအေးဖြူရယ်၊ တကယ်တော့ ဒီလိုဖွက်မှုကို ကျွန်တော်က အစဖော်ပေးလိုက်တာ မဟုတ်လား။ မထားထားအေးရဲ့ဝိညာဉ်လို့ယူဆရတဲ့ နာနာဘာဝဝိညာဉ်က ခင်အုလေးကိုဝင်ပူးခဲ့လို့ မနှင်းအေးဖြူ ဒီနေရာအထိ ရောက်လာရပြီလေ၊ အဖြစ်မှန်ပေါ်အောင် ကျွန်တော် ကူညီရတော့မှာပေါ့၊ ပြီးတော့ . . ."

ကိုတက်လူဝင်းက စကားကို အဆုံးမသတ်သေးဘဲ ဆက်ပြောရန် အားယူနေသောကြောင့် ကျွန်မက စောင့်ဆိုင်းနေလိုက်သည်။

"ပြီးတော့ . . . မနှင်းအေးဖြူကို စိတ်ချမ်းသာစေချင်ပါတယ်၊ တတ်နိုင်သမျှ ကျွန်တော် ကူညီမှာပါဗျာ"

ကိုတက်လူဝင်းက ကျွန်မကို စူးစူးရဲရဲစိုက်ကြည့်ကာ ပြောလိုက်ခြင်း ဖြစ်သည်။ သူ့အကြည့်ကို ရင်မဆိုင်ရဲဘဲ ကျွန်မ မျက်လွှာချလိုက်၏။

"ကျွန်မ ခင်အုနဲ့လည်း တွေ့ချင်ပါသေးတယ် ကိုတက်လူဝင်း၊ ခင်အုကို သွားတွေ့လို့ရမလားဟင်"

"ခင်အုကို ဒီအိမ်ကိုရောက်အောင် ခေါ်ပေးပါ့မယ်၊ ကျွန်တော့်မှာ အတွေးတစ်ခုရှိတယ်လေ၊ ခင်အုကိုသရဲဝင်ပူးတော့ သူတို့ရွာက နေအလာမှာ ဒီနေရာကနေဖြတ်လာရလို့ပဲမနှင်းအေးဖြူ၊ ပူးတဲ့သရဲကလည်း သူ့အလောင်း မီးရထားလမ်းဘေးက အိမ်ပျက်ကြီးထဲမှာရှိတယ်လို့ ပြောခဲ့တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ"

ကျွန်မ ညကမက်ခဲ့သောအိပ်မက်ကို သတိရလိုက်သည်။

"မကျွတ်လွတ်တဲ့ဝိညာဉ်ဟာ ဒီပတ်ဝန်းကျင်မှာပဲရှိနေလို့ ခင်အုနောက်ကို လိုက်လာနိုင်တာလို့ ယူဆမိတယ်၊ ခင်အု ဒီနေရာကိုပဲ နောက်တစ်ခါထပ်လာရင် အရင်ပူးခဲ့တဲ့ဝိညာဉ်က ထပ်ပြီးပူးလာမလား လို့မျှော်လင့်မိတယ် မနှင်းအေးဖြူ"

"ဖြစ်နိုင်ပါတယ်၊ ကျွန်မလည်း ညက အိပ်မက်လိုလိုနဲ့ ခေါ်သံ တွေကြားမိတယ် ကိုတက်လူဝင်း"

ညက ထားအသံဖြင့် အိပ်မက်ထဲတွင် ကျွန်မနာမည်ကို ခေါ်သည့်အကြောင်းကို ပြန်ပြောပြလိုက်သည်။

"ခင်အုကို ခေါ်ပေးပါ့မယ်၊ ဒီအိပ်မှာပဲ အိပ်ရိုင်းမယ်၊ ကျွန်တော် တို့ စမ်းသပ်ကြည့်ကြတာပေါ့၊ မနက်ဖန်ကျွန်တော် မန္တလေးကိုသွားမယ်၊ ဘူတာကြီးမှာ ကျွန်တော့်မိတ်ဆွေ အရာရှိတစ်ယောက်ရှိပါတယ်၊ စုံစမ်း ကြည့်ရကောင်းပါရဲ့၊ မထားထားအေး ရန်ကုန်ပြန်တဲ့နေ့အတိအကျကို ကျွန်တော့်ကို ပြန်ပြောပါဦး"

"နိုဝင်ဘာလ (၁၀) ရက်၊ တနင်္လာနေ့ပါ၊ ညကိုးနာရီလေးဆယ့် ငါးထွက်တဲ့ အထူးအမြန်ရထားပါတဲ့ကိုတက်လူဝင်း။ ပလိပ်ကနေ ထား ကျွန်မဆီ ရေးခဲ့တဲ့စာတွေလည်း ယူသွားပါဦး။ ထားစာတွေ ဖတ်ကြည့်ပြီး သဲလွန်စရှာပေးပါဦး ကိုတက်လူဝင်းရယ်"

☼

ယနေ့ညတွင် ဘွားဘွားဒေါ်သန့်ဇင် ဗီဒီယိုမကြည့်ပါ။ ရှစ်ပါး သီလယူထားသောကြောင့် ဘုရားစင်ရှေ့မှာပင် ပုတီးစိပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တီဗီကို သတင်းလောက်ပဲဖွင့်ကြည့်ကာ ပြန်ပိတ်ခိုင်းလိုက်ပါသည်။

ကျွန်မက ဘွားဘွားအတွက် သင့်တော်မည့်အချိုရည်ကို စီစဉ်ပေးပြီး ဘွားဘွားအနားမှာပင် ထိုင်နေလိုက်သည်။

ဘွားဘွားက ပုတီးပတ်ပြည့်သွားလို့ထင်သည်။ ပုတီးကို လက်မှာပတ်လိုက်ပြီး ကျွန်မနှင့်စကားတွေ ပြောပါတော့သည်။ ဗီဒီယိုမကြည့်ရ၍ စကားတွေသာ အမျှင်မပြတ် ပြောနေတော့၏။ ကျွန်မအကြောင်းများကိုလည်း မေးပါသည်။

"နှင်းအေးဖြူကလည်း တစ်ဦးတည်းသော သမီးကို။ သားသမီးရယ်လို့ ကိုယ်တစ်ယောက်တည်း ရှိတာကိုကွယ်၊ မိဘတွေပစ်ပြီးများ တောမြို့လေးကို လာအလုပ်လုပ်ရသလား"

ကျွန်မက ကိုယ့်အကြောင်းနဲ့ကိုယ်မို့ ဘာမှပြန်မဖြေမိပါ။

"တစ်ဦးတည်းသော သားသမီးဖြစ်ရတာ ကောင်းတော့မကောင်းဘူးဟေ့၊ အရေးရယ်အကြောင်းရယ်ဆိုရင် တိုင်ပင်ရမယ့် ညီအစ်ကိုမောင်နှမ မရှိတော့ အားငယ်ရတယ်ကွဲ့၊ ဘွားဘွားကလည်း တစ်ဦးတည်းသော သမီး၊ ဘိုးဘိုးကလည်း တစ်ဦးတည်းသော သားလေဟော ... ကလေးမွေးလာတော့လည်း မောင်လုဝင်းတစ်ယောက်တည်း မောင်လုဝင်းကလည်း တစ်ဦးတည်းသောသမီး ညွန့်ညွန့်နဲ့ ညားတယ် လူလူတစ်ယောက်တည်းပဲမွေးတယ်၊ ခုလည်း တစ်ဦးတည်းသော သမီးနဲ့တွေ့ရပြန်ပြီ၊ လူလူအိမ်ထောင်ကျရင်တော့ ကလေးများများ ယူရမယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးက ဘူမဗေါ်ငယ်ဘဝအကြောင်းများ၊ သွားလေသူ ခင်ပွန်းအကြောင်းများကို ပြောနေပြန်သည်။ အသက်ကြီးသူတို့ထုံးစံ အတိုင်း နားထောင်မည့်သူရှိ၍ ရောက်တတ်ရာရာ ပြောဆိုနေခြင်း ဖြစ်ပါသည်။

ကျွန်မက မအိပ်မီ ဘွားဘွားကို သွေးပေါင်ချိန်တိုင်းပေးပြီး ဘွားဘွားသောက်ရမည့်ဆေးများကို တိုက်လိုက်သည်။

"ဒီနေ့တော့ စောစောအိပ်လိုက်တော့နော် ဘွားဘွား"

☼

ထိုညကလည်း ကျွန်မ အိပ်မက်မက်ပါသည်။

ပထမနေ့ကလိုပင် ထားဇေါ်ခေါ်သံကို ကြားရခြင်းဖြစ်သည်။

ဆောင်း . . . ဆောင်း . . . ဆိုသောခေါ်သံကို အိပ်မက်ထဲတွင် ကြားရသလို . . . အိပ်မက်မှလန့်နိုးသည့်တိုင် ကြားနေရဆဲ ဖြစ်သည်။

ကျွန်မသည် အသံထွက်ပေါ်လာသည်ဟု ယူဆရသော ခြံ နောက်ဘက်ထောင့်ကို ထကြည့်မိပြန်၏။

ခြံနောက်ဘက်ရှိ ရထားလမ်းနှင့် တစ်ဘက်ခြံမှအိမ်ပျက်ကြီး ၏ ချောက်ချားဖွယ်ရှုခင်းများက လရောင်နှင့်နှင်းလွှာထုအောက်ဝယ် သိတ်ဆိတ်စွာ ရှိနေပေသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

နောက်တစ်နေ့တွင် ... တစ်နေ့လုံး ကိုတက်လူဝင်းပေါ်မလာ
ခဲ့ပါ။ သူ မန္တလေးဘူတာကြီးကိုသွား၍ စုံစမ်းနေပြီထင်သည်။

နေ့လယ်စာစားပြီးချိန်တွင် ကျွန်မက ခြံထဲဆင်း လမ်းလျှော
ရင်းမှ ပန်းပင်များရေလောင်းနေသော ဦးကြန့်ကြီးကို တွေ့လိုက်၍ စကား
ပြောရင်း တစ်ဘက်ခြံအကြောင်းကို မေးကြည့်မိပါသည်။

"ဟိုတက်ခြံက သရဲချောက်တယ်ဆိုတာ တကယ်ပဲလားဟင်
အဘ"

"ခြံထဲက လူမနေတာကြာပြီ၊ အရင်တုန်းကနေသွားတဲ့ လင်
မယားက မသင့်မြတ်ကြလို့ လင်ကမယားကို သတ်ပစ်လိုက်တယ်
ပြောတာပဲ ဆရာမလေး။ သူတို့သရဲဖြစ်ပြီးချောက်လှန့်နေကြတာ
ပြောတယ်၊ ဒါပေမဲ့ ဒါတွေကကြာပါပြီ၊ အဘတို့တောင် မမီပါဘူး။ အဘ
တွေ့တာကတော့ တလောလေးကမှ မကြာသေးဘူး"

"ရှင် ဘာတွေ့တာလဲ၊ သရဲတွေ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"လူမနေတဲ့အိမ်ဝင်းထဲမှာ အရိပ်အယောင်တွေ့ရတာဆိုတော့ ရုံပဲနေမှာပေါ့ ဆရာမလေးရယ်"

"အို ... သရဲက ယောကျ်ားလား မိန်းမလားဟင်"

"အဘမြင်ရတာတော့ မိန်းမအရိပ်ပဲ"

"ဟင် ... ဘယ်လို မြင်ရတာလဲ"

"ဟောဟိုက ဂိုဒေါင်လိုအိမ်လေးနားမှာ လျှောက်သွားနေတာပဲ ဆရာမလေး"

"နှစ်တွေလည်းကြာပြီ၊ ဘွားဘွားတို့အိမ်ထောင်ကျစကဆို နှစ်ငါးဆယ်လောက်တောင်ရှိပြီ၊ ဒီမိန်းမက ခုထိမကျွတ်သေးလို့ပေါ့နော်၊ သူ့ယောကျ်ားကရော ခြောက်တယ်လို့ ကြားသလားအဘ"

"အဘတို့ဒီရောက်စကတော့ အိမ်နီးချင်းတွေပြောတာ ကြားဖူးတယ်၊ ယောကျ်ားက မိန်းမကို လင်ငယ်နဲ့မိလို့ လင်ငယ်ရော မိန်းမကိုပါ သတ်ပစ်လိုက်တာတဲ့၊ ပြီးတော့ ယောကျ်ားက အရက်မူးအောင်သောက်ပြီး ရထားလမ်းပေါ် သွားအိပ်နေသတဲ့၊ ရထားလာတော့ အကြိတ်ခံလိုက်ရတာ ခေါင်းတစ်ခြားကိုယ်တစ်ခြား ဖြစ်သွားတယ်တဲ့"

"အမလေး ..."

"သေသွားတဲ့ ယောကျ်ားကလည်း ခြောက်တယ်လို့ပြောတယ်၊ ညည ရထားလမ်းပေါ်မှာ ခေါင်းပြတ်နဲ့လူတစ်ယောက် ခေါက်တုံ့ခေါက်ပြန်လျှောက်နေတာ မြင်ရတယ်တဲ့၊ သူ့ခေါင်းပြတ်ကြီးကို ရင်ခွင်ထဲမှာ ပိုက်ထားတယ်တဲ့"

"အဘမြင်ဖူးသလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဘတို့ မမြင်ဖူးပါဘူး။ အဖြစ်က ကြာပြီပဲဟာကို၊ အဘက ကျွတ်သွားလောက်ပြီထင်တာ၊ အခုမှ မိန်းမပုံရိပ်ကို ပြန်မြင်ရတာ"

ဦးကြွန်ကြီးမြင်ရသော မိန်းမဝိညာဉ်ရိပ်သည် အတိတ်ကာလက အသတ်ခံခဲ့ရသော အိမ်ရှင်မိန်းမပင်လား။ သို့မဟုတ် ...

ကျွန်မ ဆက်မတွေးရဲတော့ပါ။

☼

နေ့လယ်ပိုင်းတွင် ဘွားဘွားက တစ်နေ့ကကြည့်ရန်ကျန်သော ဗီဒီယိုကားများကို ပြန်ကြည့်နေသည်။ ကျွန်မက ဘွားဘွားသောက်ရမည့်ဆေးများကို တိုက်လိုက်သည်။ နေ့လယ်ပိုင်းတစ်ချိန် သွေးပေါင်ချိန်ပေးပါသည်။

ဘွားဘွားကတော့ နေ့လယ်ခင်းတရေးပင်မမှေးပဲ ဇာတ်ကားထဲ သည်းသည်းရဲကားကို စိတ်ဝင်တစား ကြည့်နေလေ၏။

နေအေးသွားချိန်တွင် ကျွန်မက ဘွားဘွားထံ ခွင့်တောင်းလိုက်သည်။

"ဘွားဘွား၊ သမီး အိမ်နောက်ဖေးမီးရထားလမ်းဖက်ကို ခဏလျှောက်ကြည့်ပါရစေ"

"သွားလေ၊ မိုးမိုးကို ခေါ်သွား။ အိမ်နောက်ဖေးခြံစည်းရိုးမှာ တံခါးပေါက်ရှိတယ်၊ အဲဒီကထွက်၊ ကိုကြွန်ကြီးကို ဖွင့်ခိုင်း။ သော့သူ့ဆီမှာ"

"ဟုတ်ကဲ့ပါ ဘွားဘွား"

ဘွားဘွားဆီက ခွင့်ပြုချက်ရလိုက်၍ ကျွန်မမှာ မိုးမိုးကိုခေါ်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးမိုး အခွေတွေ သွားအပ်ရဦးမှာနော်၊ သရဲကားက ပြီးတော့မယ်၊ အချိန်မီလည်း ပြန်လာဦး။ အဝေးကြီး မလျှောက်ကြနဲ့နော်"

ဘွားဘွားက ကျွန်မတို့ ထွက်မသွားမချင်း အလျှင်မပြတ်ပြောကြားနေပါ၍ ကျွန်မက မိုးမိုးလက်ကိုဆွဲကာ အောက်ထပ်သို့ဆင်းလာခဲ့လေသည်။

ဦးကြန်ကြီးကိုပြောပြီး နောက်ဖေးတံခါးကို ဖွင့်ခိုင်းလိုက်၏။

ဒေါ်စန်းရီက သော့တွဲယူပြီး နောက်ဖေးခြံစည်းရိုးတံခါးကို ဖွင့်ပေးသည်။

အိမ်နောက်ဘက်မှ မီးရထားသံလမ်းတွင် လမ်းလျှောက်ရသည်မှာ စိတ်ကြည်နူးဖွယ် ကောင်းလှပါသည်။ ရထားလမ်းကို မြေဖို့ပြီးအမှုအမြင့်ဖြစ်အောင် ပြုလုပ်ထား၍ ရထားလမ်းသည် ကုန်းမြင့်အဖြစ်ရှိနေပါသည်။ ရထားလမ်းပေါ်မှကြည့်လျှင် ခြံကျယ်ကြီးများမှ အိမ်မြင့်မြင့်ကြီးများကို နောက်ကျောဘက်မှ မြင်နေရပေ၏။

အိမ်တိုင်း၏ နောက်ဘက်ခြံစည်းရိုးတွင် ရထားလမ်းဘက်သို့ထွက်နိုင်သည့် တံခါးပေါက်များ ဖောက်ထားသည်ကို တွေ့ရသည်။

ကျွန်မနှင့်မိုးမိုးသည် ရထားသံလမ်းပေါ်မှ ဇလီဖားတုံးများကိုနင်းကာ လျှောက်လာကြသည်။ ခြေရင်းခြံကြီး နောက်တည့်တည့်အရောက်တွင် ကျွန်မက ခြံထဲသို့ မျှော်ကြည့်လိုက်သည်။ ထိုခြံကြီး၏နောက်ဘက်ခြံစည်းရိုးများမှာ ပြိုပျက်ပြီးယိုင်ကျနေပါသည်။ အိမ်အိုကြီးသည်လည်း ယိုင်နေပြီ။ နောက်ဘက်မှ ဂိုဒေါင်လေးတစ်ခုသာ တည့်တည့်မတ်မတ် ရှိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက မိန်းမပဝိညာဉ်ရိုပ်ကို မြင်ရသည်ဆိုသော ဦးကြန်ကြီး စကားကိုကြားယောင်ကာ ပခုံးကိုတွန့်လိုက်မိသည်။ ကျွန်မကိုယ်တိုင် လည်း လူရိပ်သဏ္ဍာန်ယောင်ယောင်ကို အဝေးမှမှိန်ပျပျဖြင့် လှမ်းမြင် ခဲ့ရသည် မဟုတ်ပါလား။

"ဆရာမ ကျွန်မတို့ ဟိုဘက်ကို ပြန်လျှောက်ကြရအောင် ဒီအိမ်နောက်ဖေးက ကြောက်စရာကြီး"

"ဘာကို ကြောက်တာလဲ မိုးမိုးရဲ့"

"သရဲခြောက်တယ်ဆိုလို့ပါ၊ ကြည့်ပါလား၊ အိမ်ကြီးကိုကြ ရတာကိုက ကျက်သရေမရှိဘူး။ လာပါဆရာမရယ်၊ ဟိုဘက်နားလျှော ပြီး ပြန်ကြရအောင်ပါ၊ ကျွန်မ အခွေတွေသွားအပ်ဖို့ ရှိသေးတယ်"

ကျွန်မက ရထားလမ်းတလျှောက်မျှော်ကြည့်လိုက်ရာ မီးရထ သံလမ်းသည် မိုးကုပ်စက်ဝိုင်းအစွန်ထိ မြုပ်ဝင်သွားသည်ကို တွေ့ ရလေ၏။

ဤနေရာတွင် ရထားသံလမ်းသည် တစ်လမ်းတည်းဖြစ် အပြိုင်သံလမ်းမရှိပါ။ တစ်ချိန်တည်းတွင် ရထားတစ်စီးတည်း အစုန်ဖြစ်စေ၊ အဆန်ဖြစ်စေ ဖြတ်သန်းလို့ ရပေမည်။

ကျွန်မက ခြံပျက်ကြီးဆီ တစ်ချက်လှည့်ကြည့်ခဲ့ပြီး မိုးမိုး အတူ ပြန်လာခဲ့လိုက်လေသည်။

☼

ညပိုင်းတွင် ကိုတက်လူဝင်းက ဖုန်းဆက်ပြီးပြောပါသည်

"ကျွန်တော် မန္တလေးကပြန်လာပြီ၊ ဘာတာမှာစုံစမ်းခဲ့ အဆင်ပြေတယ် မနှင်းအေးဖြူ၊ ချက်ချင်းတော့ မသိခဲ့ရသေး

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိတ်ဆွေက နိုဝင်ဘာ ၁၀ ရက်မှာ ရထားစီးတဲ့ခရီးသည်တွေတို့ ပြန်စီစစ်ပေးမယ် ပြောတယ်၊ အဲဒီနေ့က အိပ်ခန်းတွဲတွေ ရောင်းထားတဲ့ဇယားကိုလည်း ပြန်ရှာပေးမယ်လို့ပြောတယ် မနှင်းအေးဖြူ တစ်ရက်နှစ်ရက်နေရင်တော့ သိရမှာပါ''

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

ယနေ့သည် ကျွန်မ ဤအိမ်ကြီးသို့ရောက်ရှိသည်မှာ လေး ရက်မြောက်နေ့ ဖြစ်ပါသည်။ လေးရက်ရှိသည့်အချိန်တွင် ကျွန်မအနေဖြင့် ဤအိမ်တွင် နေသားကျခဲ့ပါပြီ။ အိမ်သားများနှင့်လည်း ရင်းနှီးခဲ့ပါပြီ။

အထူးသဖြင့် ... ဘွားဘွား၏ ယုံကြည်အားကိုးမှုကို ခံယူခဲ့ရ ခြင်းမှာ ကျွန်မလိုသူနာပြုတစ်ယောက်အတွက် ဂုဏ်ယူဖွယ်ဖြစ်ပါသည်။ ဘွားဘွားသည်လည်း စကားပြောရာတွင် ရှင်းရှင်းဘွင်းဘွင်းနှင့် တဲ့တိုးပြောတတ်ပြီး စိတ်ထားကောင်းမွန်သော အဘွားကြီးတစ်ဦး ဖြစ်မှန်း ကျွန်မသိခဲ့ရပါပြီ။

ထိုနေ့က နေ့လယ်ပိုင်းတွင် ကိုတက်လူဝင်းက ကျွန်မထံ ဖုန်းဆက်ကာ သူလာခေါ်မည်ဖြစ်ကြောင်း၊ သူတို့အိမ်သို့ ခဏလိုက်ခဲ့ရန် ပြောပါသည်။ မည်သည့်အတွက်ကြောင့်ဟု မပြောသည့်အတွက် ကျွန်မမှာ ရင်ခုန်စွာဖြင့်စောင့်မျှော် နေရတော့သည်။ ထားနှင့်ပတ်သက်သည့် အချက်အလက်များ စုံစမ်းရခဲ့လို့လား။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ် ၂ နာရီ အချိန်လောက်တွင် ကိုတက်လူဝင်း မော်တော်ဆိုင်ကယ်ဖြင့် ရောက်လာလေသည်။

သူက ဘွားဘွားထံခွင့်တောင်းကာ ကျွန်မကို ပွဲရုံဖွင့်ထားသည့် သူတို့တိုက်သို့ ခေါ်သွားပါ၏။

ဟိုကိုရောက်မှ သူခေါ်လာသည့်အကြောင်းရင်းကို ကျွန်မအား ရှင်းပြောပါသည်။

"မထားထားအေးနဲ့ ကိုညဏ်မိုးနဲ့တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ ကျွန်တော်ရလာတယ် မနှင်းအေးဖြူ"

"ရှင် ..."

ကိုတက်လူဝင်းသည် ဓာတ်ပုံများကူးရန်အတွက် ယနေ့မနက် ကျောက်ဆည်သို့ သွားခဲ့သည်။ ကျောက်ဆည်မှ ကူးနေကျဓာတ်ပုံဆိုင်တွင် သူပိုင် ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ထားသောဓာတ်ပုံများကို ကူးသည်။ ဓာတ်ပုံများမှာ ပွဲရုံအဆောက်အအုံ၊ တရုတ်စုလမ်းမှ လက်ရှိနေသောတိုက်အိမ်နှင့် ဘွားဘွားဒေါ်သန့်ဖင်နေသော တိုက်အိမ်ပုံများဖြစ်ပါသည်။

ကိုတက်လူဝင်းတို့က ဘဏ်မှချေးငွေရယူရန်အတွက် အပေါင်ထားမည့်အဆောက်အအုံများပုံကိုတင်ပြရန် ရိုက်ကူးထားခြင်းပဲ ဖြစ်ပါသည်။

ယခုခေတ် ဒစ်ဂျစ်တယ်နည်းပညာများ ခေတ်စားလာသည့်အခါတွင် ဓာတ်ပုံကို ဖလင်လိပ်ဖြင့် မရိုက်တော့ပါ။ ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးခြင်းက ဖလင်ဆေးရသက်သာသည်။ ဓာတ်ပုံကို ကင်မရာ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှရယူပြီး ဓာတ်ပုံကူးစက်ဖြင့် ချက်ချင်းကူးယူနိုင်သည့်အတွက် အချိန်ကုန်လည်း သက်သာပါသည်။

ကိုတက်လူဝင်းက ကျောက်ဆည်မှ သူငယ်ချင်းဓာတ်ပုံဆိုင်တွင် ရိုက်ကူးထားသော အဆောက်အအုံပုံများကို ယနေ့မနက် သွားအပ်လိုက်သည်။ ပုံများကို ချက်ချင်းစောင့်ယူခဲ့ပါသည်။

ဓာတ်ပုံကူးသည့်နေရာတွင် ဒစ်ဂျစ်တယ်ကင်မရာထဲမှ ပုံများကို ပုံနှိပ်ထုတ်ယူနိုင်ရန်အတွက် ကွန်ပြူတာထဲသို့ တစ်ဆင့်ထည့်သွင်းရ ပါသည်။ ကိုတက်လူဝင်းက သူ့ကင်မရာနှင့် ဆိုင်မှကွန်ပြူတာကို ဆက် သွယ်ကာ ဓာတ်ပုံများကို ကွန်ပြူတာထဲသို့ သွင်းပေးလိုက်သည်။ ခင်မင် နေသောသူငယ်ချင်းဆိုင်ဖြစ်၍ ကိုယ်တိုင်ကူညီလုပ်ပေးနေခြင်း ဖြစ်သည်။

ဓာတ်ပုံများ ထွက်လာအောင်စောင့်နေစဉ်တွင် ကိုတက်လူဝင်း က ကွန်ပြူတာထဲမှ ရိုက်နှိပ်ပြီးဓာတ်ပုံများကို အပျင်းပြေကြည့်နေမိပါသည်။ ဓာတ်ပုံဆိုင်တွင် လာအပ်ထားသောပုံများကို ကွန်ပြူတာထဲ၌ Save လုပ်ထားပေးသည်။ ကူးပြီးဓာတ်ပုံများကို နောင်ထပ်မံကူးယူလိုလျှင် လွယ်ကူစေရန် Save လုပ်ထားလေ့ရှိပါ၏။

ကိုတက်လူဝင်းသည် ဓာတ်ပုံဖိုင်များကို တစ်ဖိုင်ပြီးတစ်ဖိုင် ဖွင့်ကာ အပျင်းပြေ လျှောက်ကြည့်နေမိသည်။ ဓာတ်ပုံဖိုင်များကို အပ်နှံ သည့်လအလိုက် အစဉ်အတိုင်း Save လုပ်ထားပါသည်။ အပ်နှံသည့် သူ့အမည်ကိုလည်း ဖိုင်နာမည်အဖြစ် ရေးမှတ်ထားသည်။

၂၀၀၈ ခုနှစ် ဇူလိုင်လဟု ရေးထားသောဖိုင်တွဲကို အလွတ်မထင် ဖွင့်လိုက်မိသည်။ ထိုဖိုင်အောက်မှ Nyan Moe ဟုရေးထားသောဖိုင်ကို ဖွင့်ကြည့်လိုက်သည့်အခါ ...



www.burmeseclassic.com

www.burmeseclassic.com



သူသိမြင်ရင်းနှီးဖူးသော ယောကျ်ားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ အတူတွဲရိုက်ထားသော ဓာတ်ပုံများကို တွေ့လိုက်ရလေသည်။

ကိုတက်လူဝင်းသည် ပထမတော့ အမျိုးသားနှင့်အမျိုးသမီးပုံတို့ကြည့်ကာ မြင်ဖူးပါတယ်လို့ပဲ ထင်မိသည်။ ဘယ်သူဘယ်ဝါဆိုတာ မမှတ်မိ။ နောက်မှ ဖိုင်နာမည်ကို ပြန်ဖတ်တော့ Nyan Moe ညာဏ်မိုး ဆိုသည့်အင်္ဂလိပ်စာလုံးကို ဖတ်မိပြီး မှတ်မိသွားတော့သည်။

ပလိပ်က ကိုညာဏ်မိုးပါလား။

တစ်ဆက်တည်းပင် ကိုညာဏ်မိုးနှင့် တွဲရိုက်ထားသော အမျိုးသမီးကိုပါ သိရှိလိုက်လေသည်။ သူမသည် ပျောက်ဆုံးနေသော မထားထားအေးပါကလား။ ကိုတက်လူဝင်းထံ၌ ကျွန်ုပ်မပေးထားသော စာများနှင့်အတူ ထား၏ဓာတ်ပုံလည်း ပါရှိပါသဖြင့် ထားကို မှတ်မိလိုက်ခြင်းဖြစ်လေသည်။

"ဒါနဲ့ ကျွန်တော်လည်း အဲဒီဖိုင်တစ်ခုလုံးကို ကျွန်တော့်မှာပါတဲ့ Memory Stick ထဲကို ကူးထည့်ခဲ့လိုက်တယ် မနှင်းအေးဖြူ။ မနှင်းအေးဖြူကို ပြချင်လို့ပါ၊ ကွန်ပြူတာနဲ့ ဂျိုင်းပြီးပြမှ ကြည့်လို့ရမှာလေ၊ အဲဒါကြောင့် အိမ်ကိုခေါ်လာတာပါ၊ လာ မနှင်းအေးဖြူ စာကြည့်ခန်းထဲက ကျွန်တော့်ကွန်ပြူတာထဲမှာ ဖွင့်ပြမယ်"

ကိုတက်လူဝင်းက Memory Stick ခေါ် ကွန်ပြူတာတစ်လုံးမှ အချက်အလက်များကို အခြားကွန်ပြူတာတွင် ပြန်ဖွင့်ကြည့်နိုင်သည့် လက်ညှိုးအရွယ်ခန့်သာရှိသည့် ကိရိယာလေးနှင့် ကွန်ပြူတာကိုဆက်သွယ်လိုက်သည်။ ပြီး ဓာတ်ပုံများကို ဖွင့်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပြူတာ၏ မော်နီတာဖန်သားပြင်တွင် ပေါ်လာသောပုံများကိုမြင်လိုက်ရသည့်တွင်တော့ ကျွန်မသည် အသက်ရှူရပ်မတတ်ဖြစ်သွားရလေတော့၏။

ကျွန်မ၏ အချစ်ဆုံးသူငယ်ချင်း ထားထားအေးပါကလား။

ထားထားအေးနှင့်ကိုညဏ်မိုးတို့သည် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ယုယစွာရှိနေကြသည်။ ကျွန်မသူငယ်ချင်း၏ မျက်လုံးထဲ၌ ကျွန်မ မတွေ့ဖူးသော ချစ်ခြင်းမေတ္တာ၏ အရိပ်သဏ္ဍာန်များကို ရုပ်သေဓာတ်ပုံထဲမှာပင် မြင်တွေ့နေရပါသည်။

ဩော် ... ချစ်သူတွေ့နေပြီဆိုတာ ကိုညဏ်မိုးကို ဆိုလိုခြင်းပါတကား။

ဓာတ်ပုံများက အတော်ပင်များလှသည်။

ဦးပိန်တံတားနောက်ခံနှင့်ပုံများ၊ မယ်နုအုတ်ကျောင်းနောက်ခံနှင့်ပုံများ၊ စစ်ကိုင်းတံတားနောက်ခံနှင့်ပုံများ၊ စစ်ကိုင်းတောင်ပေါ်ရှခင်းများနှင့်ပုံများ၊ ကောင်းမှုတော်ဘုရားရှေ့မှပုံများ၊ နှစ်ယောက်တွဲပုံများပါသလို ထားတစ်ယောက်တည်းကို အလှရိုက်ပေးထားသည့်ပုံများလည်းပါလေသည်။ ထားသည် ဓာတ်ပုံတိုင်းတွင် ကြည်နူးနှစ်သိမ့်နေဟန်များ ပေါ်လွင်နေပေ၏။

"ဒီပုံတွေကိုကြည့်ရင် သူတို့နှစ်ယောက် ချစ်သူတွေဖြစ်ခဲ့ကြတယ်ဆိုတာ ရှင်းပြီမဟုတ်လား မနှင်းအေးဖြူ"

"ဟုတ်ကဲ့"

"ဓာတ်ပုံတွေရဲ့ အောက်ဘက်ထောင့်မှာ ဓာတ်ပုံရိုက်တဲ့ရက်စွဲပါတယ် မနှင်းအေးဖြူ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဓာတ်ပုံထောင့်များကိုကြည့်လိုက်ရာ 17 JUL 2008 ဟုဖော်ပြထားသော ရက်စွဲအမှတ်အသားကို တွေ့လိုက်ရလေ၏။

"ဇူလိုင်လ ၁၇ ရက်နေ့က သူတို့နှစ်ယောက် အမရပူရနဲ့ စစ်ကိုင်းကိုသွားလည်ကြရင်း ရိုက်ထားတဲ့ပုံတွေပေါ့နော် ကိုတက်လူဝင်း"

"ဟုတ်ပါတယ်"

"ကိုညဏ်မိုးနဲ့ခင်မိမိကြိုင် မင်္ဂလာဆောင်တာ တစ်လမပြည့်သေးဘူးဆိုတော့ ဒီပုံရိုက်တာ တော်တော်စောတာပဲ"

"သူတို့နှစ်ယောက် ချစ်သူဖြစ်သွားတာ သကြင်္န်အပြီးမှာလေ၊ နှင်းအေးဖြူပေးလိုက်တဲ့ မထားထားအေးစာထဲမှာ အဲဒီအကြောင်းရေးထားတာပါတယ်"

"ဟုတ်သားပဲ၊ ဒါဖြင့် ကိုညဏ်မိုးနဲ့ထားတို့ဟာ ဒီနှစ်သကြင်္န်အပြီးကတည်းက ချစ်သူတွေဖြစ်ခဲ့ကြတယ်၊ ဒီကြားထဲမှာ ကိုညဏ်မိုးက ခင်မိမိကြိုင်ကို လက်ထပ်လိုက်တယ်ဆိုတော့ ကိုညဏ်မိုးက သစ္စာဖောက်သွားတာပေါ့နော်"

"ရှင်းနေပြီပဲ မနှင်းအေးဖြူ"

"ထားပျောက်နေတဲ့ကိစ္စမှာ ကိုညဏ်မိုးပယောဂ ပါတယ်လို့ ယူဆသလားဟင်"

"မပြောနိုင်ဘူးပေါ့၊ ခုပုံအတိုင်းဆိုရင်တော့ ကိုညဏ်မိုးဆိုတဲ့ လူကို သံသယစာရင်းမှာ ထိပ်ဆုံးကထည့်ရတော့မှာပဲ"

ဩော် . . . ထား . . . ထား . . ။ ကိုယ့်ချစ်သူက ကိုယ့်ရှေ့မှာ အခြားတစ်ယောက်နဲ့လက်ထပ်သွားတာ မြင်နေရတော့ ဘယ်လောက်များ စိတ်ဆင်းရဲခဲ့မှာပါလိမ့်။ ဖြစ်ရလေထားရယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တစ်နေ့လုံး ကျွန်မစိတ်များ ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေပါတော့သည်။

ညပိုင်းတွင်လည်း အိပ်မက်ထဲတွင် ထားကို တွေ့ရပြန်သည်။ သည်တစ်ခါတော့ ကျွန်မနာမည်ကိုခေါ်သည့်အသံကြားရရုံသာမက ထား၏ ရုပ်သဏ္ဍာန်ကိုပါ မြင်မက်ခြင်း ဖြစ်ပါသည်။

ထားက ကျွန်မကို သူရှိရာသို့လာရောက်ရန် ခေါ်ယူလျက်ရှိသည်။

"ဆောင်း ... ထားဆီကို လာခဲ့ပါကွယ်၊ ထားကိုကယ်ပါ ဆောင်း။ ထား ဒုက္ခရောက်နေတယ်၊ ထားကို ကယ်လှည့်ပါ ဆောင်းရယ်"

ထားသည် လက်နှစ်ဖက်ကိုမြှောက်ကာ ကျွန်မကို ခေါ်ငင်လျက်ရှိသည်။ အိပ်မက်ထဲ၌ ထားသည် ကျွန်မထက် နိမ့်ပါးသောအရပ်တွင် ရောက်နေပြီး ထားကို ရေးရေးသာမြင်ရလေသည်။ ကျွန်မက ထားကို အပေါ်စီးနေရာမှ စီးမြင်နေရခြင်းဖြစ်သည်။ ကျွန်မသည် ထားရှိရာသို့ သွားရန်ကြိုးစားသော်လည်း ကိုယ်ကိုလှုပ်မရ၊ ခြေထောက်များက မြေတွင်စွဲ၍ ခိုင်နေသည်။

ကျွန်မက ထားအမည်ကို မချင့်မရဲ အော်ခေါ်လိုက်သည်။

"ထား ... ထား ..."

ကျွန်မအစ်သံက အပြင်ပအထိ ထွက်ပေါ်လာကာ အိပ်မက်မှ လန့်နိုးသွားတော့၏။ အိပ်ရာမှနိုးအလာတွင် ကျွန်မအာခေါင်များ ခြောက်ကပ်နေခဲ့သည်။

ကျွန်မအိပ်ရာမှ ထထိုင်လိုက်ချိန်တွင် ကျွန်မနာမည်အား အော်ခေါ်သံကို ကြားလိုက်ရပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း ... ဆောင်း ..."

ကျွန်မ ကြက်သီးမွေးညှင်း ထသွားမိသည်။ ထားအသံပါလား။ အိမ်နောက်ဘက်ထောင့်ဆီမှ ထွက်ပေါ်လာခြင်းပင် ဖြစ်ပါသည်။ ကျွန်မ စိတ်ထင်လို့များလား။ နေ့လယ်က ထားဓာတ်ပုံတွေကို ကြည့်ထား၍ ထားကို စိတ်စွဲလမ်းပြီး ထင်ယောင်မှားခြင်းများလား။

ကျွန်မက အိပ်ရာမှထခဲ့ကာ နောက်ဘက်မှန်ပြတင်းပေါက်သို့ လျှောက်လာခဲ့မိပြန်သည်။

ကျွန်မသည် မှန်ပြတင်းပေါက်တွင်ရပ်ကာ အသံထွက်ပေါ်လာသည်ဟုထင်သော ခြံထောင့်ဘက်ဆီသို့ လှမ်းကြည့်လိုက်၏။

အို ...။

မိန်းမတစ်ယောက်၏ အရိပ်သဏ္ဍာန်ကို ကျွန်မ မြင်လိုက်ရလေသည်။ မိန်းမသဏ္ဍာန်တစ်ခုက ခြေရင်းခြံနှင့် ကျွန်မတို့ခြံ ပိုင်းခြားထားသောခြံစည်းရိုးပေါက်တွင် ရပ်နေသည်။ သူမသည် တစ်ဖက်ခြံထဲတွင် ရပ်နေခြင်းဖြစ်ကာ ကျွန်မရှိရာဆီသို့ မျှော်ကြည့်နေခြင်း ဖြစ်လေသည်။ အိပ်မက်ထဲက မြင်ကွင်းအတိုင်းပါလား။

ကျွန်မက ပြတင်းတံခါးကို အလျှင်အမြန်ဖွင့်ကာ ထိုနေရာသို့ မာတ်မီးနှင့် ထိုးကြည့်လိုက်လေသည်။

ဘာမျှမရှိပါကလား။ ဟာလာဟင်းလင်း ...။

အခုန ... ကျွန်မမြင်ခဲ့ရသော မြင်ကွင်းသည် ကျွန်မစိတ် ထင်ယောင်မှားခြင်းလား။ အိပ်မက်ကိုစွဲလမ်းပြီး ထင်မိထင်ရာထင်ခြင်းလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဖွင့်ထားသောခတ်မီးကို မပိတ်ဘဲ ထိုနေရာကို ခပ်ကြာကြာ ထိုးကြည့်နေမိသည်။ ထိုနေရာတွင်ရော၊ ထိုနေရာပတ်ဝန်းကျင်မှာရော ဘာမျှရှိမနေပါ။ လူလည်းမရှိ လူနှင့်အမှတ်များလောက်သည် သစ်ပင်ချုံပုတ်များလည်း မရှိပါ။

"ဆရာမလေးလား၊ ဘာလုပ်နေတာလဲ"

အောက်ဘက်ခြံထဲဆီမှ ခတ်မီးရောင်နှင့်အတူ ထွက်ပေါ်လာသော ဦးကြန်ကြီး၏အသံ ဖြစ်ပါသည်။ ကျွန်မ ခတ်မီးရောင်ကြောင့် သူနိုးလာခြင်း ဖြစ်မည်။ ကျွန်မ ငုံ့ကြည့်လိုက်တော့ အပေါ်မော့ကြည့်နေသော ဦးကြန်ကြီးကို တွေ့လိုက်ရသည်။

"ဩော် ... အဘ၊ အိမ်သာထသွားရင်း ဟိုဖက်မှာလူရိပ်လို မြင်မိလို့ ခတ်မီးနဲ့ထိုးကြည့်နေတာ အဘ၊ သူခိုးကပ်တာဖြစ်မှာစိုးလို့ပါ"

ဦးကြန်ကြီးက ကျွန်မကြည့်သောနေရာများကို သူ့ခတ်မီးနှင့် ထိုးကာ အသေအချာ စစ်ဆေးပေးသည်။

"ဘာမျှမရှိပါဘူး ဆရာမ"

"ဟုတ်ကဲ့၊ ကျွန်မ စိတ်ထင်လို့ဖြစ်မှာပါ"

"စိတ်ချလက်ချအိပ်ပါ ဆရာမလေး၊ ကျွန်တော် တစ်ခြံလုံးကို မကြာခဏ လှည့်ပတ်ကြည့်နေပါတယ်"

"ဟုတ်ကဲ့ပါ အဘရယ်"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

နောက်တစ်နေ့ညနေပိုင်းတွင် ကိုတက်လူဝင်း ရောက်လာ ခဲ့သည်။

"မီးရထားကိစ္စသိခဲ့ရပြီ မနှင်းအေးဖြူ။ ကျွန်တော့်သူငယ်ချင်း က ကျွန်တော့်ကို အခုပဲဖုန်းဆက်ပြောတယ်၊ ကျွန်တော်တို့ တစ်နေရာမှာ အေးအေးဆေးဆေး စကားသွားပြောရအောင်"

"အရေးကြီးလို့လား ကိုတက်လူဝင်း"

"စဉ်းစားစရာအချက်တွေ အများကြီးရှိနေတယ်"

"ဒါဖြင့် ကျွန်မတို့နောက်ဖေးက သံလမ်းပေါ်မှာ သွားပြောကြ ရအောင်လေ၊ ကျွန်မ ဘွားဘွားကို ခွင့်တောင်းလိုက်ဦးမယ်နော်"

ကျွန်မက ဘွားဘွားကို အောက်ထပ်ခဏဆင်းခွင့်ပြုဖို့ ခွင့်တောင်းလိုက်သည်။ ထုံးစံအတိုင်း ဘွားဘွားက ဗီဒီယိုထိုင်ကြည့်နေ ပါသည်။ ကျွန်မလည်း ဘွားဘွားကို တိုက်စရာဆေးများ တိုက်ပြီးပြီ။

"လူလူရောက်နေသလား၊ အသံကြားတယ်"

"ဟုတ်ကဲ့ ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ခုတလော ဒီအိမ်ကို လာလှချည်လား။ အရင်က ဒါလောက်မလာပါဘူး။ သွား ... သွား။ ငါ့အတွက် ဘာမှမလိုဘူး မိုးမိုးကိုသာ ငါ့အနားလာနေဖို့လွှတ်လိုက်"

ဘွားဘွားခွင့်ပြုလိုက်၍ ကျွန်မက အောက်ထပ်ပြန်ဆင်းခဲ့သည်။ မိုးမိုးကိုလည်း ဘွားဘွားအနားသွားနေဖို့ လွှတ်လိုက်ပါ၏။

ထို့နောက် ကျွန်မနှင့်ကိုတက်လူဝင်းသည် ခြံနောက်ဖေးတံခါးကို သော့ဖွင့်ကာ မီးရထားသံလမ်းပေါ်သို့ လာခဲ့ကြလေသည်။

သံလမ်းတစ်လျှောက် ရှင်းလင်းနေ၍ ကျွန်မက ရထားသံလမ်းပေါင်ပေါ်မှာပင် ထိုင်ချလိုက်ပါသည်။

"ပြောပါဦး ကိုတက်လူဝင်း၊ ဘာတွေထူးခြားလို့လဲ"

"နို့ဝင်ဘာ ၁၀ ရက်က မထားထားအေးစီးသွားတဲ့ အိပ်ခန်းတွဲမှာပါတဲ့လူစာရင်းကိုသိရပြီ မနှင်းအေးဖြူ"

"ထားရယ်၊ အပျိုကြီးအဘွားကြီးနှစ်ယောက်ရယ်၊ နောက်တစ်ယောက်ကလူစိမ်း။ လူစိမ်းတစ်ယောက်က ဘယ်သူလဲ ကိုတက်လူဝင်း"

"နောက်တစ်ယောက်က လူစိမ်းမဟုတ်ပါဘူး မနှင်းအေးဖြူ ခင်မိမိကြိုင်တဲ့"

"ဘာ ..."

"ဟုတ်တယ်၊ ခင်မိမိကြိုင်အတွက်ပါ ရထားလက်မှတ်ဝယ်ထားတာကို တွေ့ရတယ်၊ အိပ်ခန်းတွဲတစ်တွဲလုံးအတွက် လူတစ်ယောက်တည်းက လေးယောက်စာလက်မှတ် ဖြတ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"လက်မှတ်သွားဝယ်ပေးတာကတော့ ကိုဉာဏ်မိုးလေ၊ ကိုဉာဏ်မိုးကိုယ်တိုင်က ထားအတွက် လက်မှတ်ရော၊ အပျိုကြီးနှစ်ယောက်အတွက်ပါ သူကိုယ်တိုင်ဝယ်ပေးခဲ့တာလို့ ဝန်ခံခဲ့တယ်၊ ခင်မိမိကြိုင်တယ်ဆိုတာတော့ ခုမှသိရတယ်၊ ကိုဉာဏ်မိုးက သူ့မိန်းမကို ထားနဲ့အားတစ်တွဲတည်းမှာ ဘာလို့ထည့်လွှတ်လိုက်ရတာပါလိမ့်"

"အဲဒါထက် ပိုဆန်းပြားတာရှိပါသေးတယ် မနှင်းအေးဖြူ။ အဲဒီ အိပ်ခန်းတွဲထဲမှာ ရန်ကုန်ရောက်တဲ့အထိ ခရီးသည်တစ်ယောက်မျှ ပါလာခဲ့ဘူးတဲ့"

"ရှင် ..."

ကျွန်မသည် အံ့သြလွန်း၍ ထိုင်နေရာမှ ဆတ်ခနဲထရပ်လိုက်မိသည်။

"ကျွန်တော့်သူငယ်ချင်းက သေသေချာချာ စစ်ဆေးမေးမြန်းပြီးပါပြီ၊ လက်မှတ်စစ်တွေ လက်မှတ်စစ်ဖို့ အခန်းထဲဝင်သွားတော့ လူတစ်ယောက်မျှ မတွေ့ရဘူးတဲ့၊ လက်မှတ်စစ်တွေက လမ်းဘူတာကတက်မယ့်ခရီးသည်တွေများ ဖြစ်နေမလားလို့ စောင့်ကြည့်နေကြသေးတယ်တဲ့၊ ဒီလိုလေ ရထားလက်မှတ်ကို သာစည်တို့ နေပြည်တော်၊ တောင်ငူတို့လို ဘူတာတွေမှာလည်း ကြိုပြီးရောင်းတာကိုး၊ ဒါပေမဲ့ အကန့်အသတ်နဲ့ ရောင်းတာ၊ ကန့်သတ်ထားတဲ့လက်မှတ်ထက် လိုက်မယ့်ခရီးသည်ကပိုနေရင် လက်မှတ်ရဖို့ အခက်အခဲရှိတတ်တယ်၊ ဒီတော့ သာစည်လို ဘူတာက တက်လိုက်မယ့်ခရီးသည်တချို့က သေချာအောင် လက်မှတ်ကို မန္တလေးဘူတာအထိ ကြိုတင်ပြီးလာဝယ်ကြတာမျိုးရှိတယ်၊ အိပ်ခန်းတွဲထဲမှာ လူတစ်ယောက်မျှပါမလာတော့ အဲဒီလိုမျိုး သာစည်



www.burmeseclassic.com

www.burmeseclassic.com



ဘူတာကျမှ ခရီးသည်တွေ တက်လာလိမ့်မယ်လို့ လက်မှတ်စစ်တွေက ထင်ခဲ့ကြတာ"

"အင်း ... အဲဒီတော့ ..."

"သာစည်ဘူတာမှာလည်း လူတစ်ယောက်မှ တက်မလာဘူး ရန်ကုန်ဘူတာအထိ အဲဒီအိပ်ခန်းတွဲမှာ လူမပါပဲရောက်သွားခဲ့တယ်တဲ့ မနှင်းအေးဖြူ၊ ကျွန်တော် စုံစမ်းခိုင်းလိုက်တော့ ထူးခြားတဲ့ဖြစ်စဉ်မို့လို့ အဲဒီနေ့က တာဝန်ကျတဲ့လက်မှတ်စစ်တွေက သေချာမှတ်မိနေပြီး ပြန် ပြောနိုင်တာပဲ မနှင်းအေးဖြူ"

"ကိုတက်လူဝင်း ကျွန်မနဲ့နှယ်နှယ် ပလိပ်ကိုရောက်တုန်းက ထားကို ဘူတာအထိလိုက်ပို့ခဲ့တဲ့ ဒရိုင်ဘာကို တွေ့ခဲ့ရတယ်၊ ကိုရဲဝင်းတဲ့ ကိုရဲဝင်းက ထားကို ရထားတွဲပေါ်အထိ တင်ပေးခဲ့တယ်တဲ့၊ ထားက ပြန်ခိုင်းလို့ ရထားမထွက်ခင် ပြန်လာခဲ့တယ်တဲ့၊ ဒီပုံအတိုင်းဆိုရင် ကိုရဲဝင်း လိမ်ပြောတာဖြစ်နိုင်မလား"

"လိမ်ပြောတာဖြစ်ရင်ဖြစ်၊ ဒီလိုမှမဟုတ်ရင် ကိုရဲဝင်းပြန်သွား ပြီးနောက်ပိုင်းမှ တစ်ခုခုဖြစ်ထာမျိုးလည်း ဖြစ်နိုင်တာပဲ"

"ဘာကို ဆိုလိုတာလဲဟင်"

"မထားထားအေးကို တစ်ယောက်ယောက်က လာခေါ်သွား တာမျိုးပေါ့"

"အို ..."

"ဖမ်းဆီးချုပ်နှောင်ပြီး အကျပ်ကိုင်ခေါ်ဆောင်သွားတာ မျိုးတော့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘူတာထဲမှာ လူတွေအများ ကြီးရှိနေချိန်မို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရထားတွဲပေါ် တင်ပေးလိုက်တယ်ဆိုတာက ဒရိုင်ဘာကိုရဲဝင်း စကားကို၊ ကျွန်မတို့ကိုလိမ်ပြောဖို့ နဂိုကတည်းက ဇာတ်တိုက်ထား တဲ့လဲဖြစ်နိုင်တာပဲဟာ၊ ရထားဝန်ထမ်းတွေ ပြောတဲ့စကားက ပိုပြီး ယုံကြည်လောက်ပါတယ် ကိုတက်လူဝင်း၊ ကိုညဏ်မိုးတို့က ထားကို ယုံကြည်အောင် ရထားလက်မှတ်ဝယ်ပေးထားပြီးမှ အဲဒီနေ့မှာ ထွက်တာကိုလိုက်ပို့သလိုလိုနဲ့ တစ်နေရာရာခေါ်သွားပြီး ဖျောက်ဖျက်ပစ် လိုက်တာမျိုးဆိုရင်ကော"

"မနှင်းအေးဖြူတွေးတာလည်း ဖြစ်နိုင်ပါတယ်၊ ရထား လက်မှတ်ဝယ်တဲ့အထဲမှာ ခင်မိမိကြိုင်အတွက် ထည့်ဝယ်ထားတာကို လည်း စဉ်းစားဖို့လိုသေးတယ်"

"အို ... ရှုပ်နေတာပါလား၊ ကျွန်မသူငယ်ချင်းတော့ ဒုက္ခ ကြီးအကျယ် တွေ့ခဲ့ပြီးပြီထင်ပါရဲ့ ကိုတက်လူဝင်းရယ်"

"စိတ်ဓာတ်မကျပါနဲ့ဦး၊ ဒေါ်တင့်တင့်နဲ့ ဒေါ်မြင့်မြင့်အပျိုကြီး နှစ်ယောက် ရှိပါသေးတယ်၊ ရထားတွဲထဲမှာ လူတစ်ယောက်မျှ မပါဘဲ အပျိုကြီးညီအစ်မကတော့ ရန်ကုန်ကို ဘယ်နည်းနဲ့ရောက်သွားတာလဲ စဉ်းစားဖို့လိုပြန်ရော"

"အပျိုကြီးညီအစ်မ ရန်ကုန်မှာရောက်နေတာရော သေချာရဲ့ လား ကိုတက်လူဝင်း"

"ဒါတော့ သေချာပါတယ်၊ သူတို့အမျိုးတွေကို မေးပြီးပြီ ဘုရားဖူးသွားဖို့စီစဉ်နေတာတဲ့၊ သူတို့တည်းတဲ့ ရန်ကုန် လိပ်စာကိုလည်း ကျွန်တော် ယူထားပြီးပြီလေ၊ လိုအပ်ရင် ရန်ကုန်ထိ ကျွန်တော် လိုက်သွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပျိုကြီးညီအစ်မကရော ဒီကိစ္စထဲမှာကြံရာပါ ဖြစ်နိုင်သလ
ကိုတက်လှုဝင်း"

"မဖြစ်နိုင်ဘူးထင်တယ်၊ သူတို့က ရိုးရိုးကြီးတွေ၊ ကြော
လည်း ကြောက်တတ်တဲ့ အပျိုကြီးတွေ၊ နောက်ပြီး ဘာသိဘာ
အေးအေးနေတတ်တဲ့ စရိုက်ရှိတယ်၊ မထားထားအေးကိစ္စနဲ့ ဘာမျှမ
လောက်ဘူး"

"ရထားလက်မှတ်ဝယ်ထားပြီးမှ တွဲထဲမှာတက်မလိုက်မသွား
ကရော ကိုတက်လှုဝင်းရယ်"

"ဒါတော့ လွဲချော်မှုတစ်ခုခု ကြားထဲမှာရှိနေပါလိမ့်
မနှင်းအေးဖြူ၊ စဉ်းစားကြည့်ရင် ဒီဖြစ်ရပ်ထဲမှာ အဓိကချယ်လှ
နိုင်တာက ကိုဉာဏ်မိုးပဲ၊ သူပဲ အားလုံးအတွက် ရထားလက်မှတ်
ပေးတယ်၊ ဒီခရီးစဉ်ထဲမှာ ခင်မိမိကြိုင် ပါနေတယ်ဆိုတာကို ကျွန်
အခုလိုစုံစမ်းမှ သိလိုက်ရတာလေ၊ ခင်မိမိကြိုင်ပါတာကို ကိုဉာဏ်မိုး
ထည့်မပြောခဲ့ဘူး မဟုတ်လား၊ မထားထားအေးကို ရထားပေါ်တင်
လိုက်ပါတယ်လို့ သက်သေခံတဲ့ဒရိုင်ဘာကလည်း သူ့လူပဲ၊ ပြဿနာတ
လုံးရဲ့အခရာဟာ ကိုဉာဏ်မိုးဖြစ်နေပါပြီ မနှင်းအေးဖြူ"

"အားလုံးလက်လွန်ကုန်ပြီထင်ပါရဲ့ ကိုတက်လှုဝင်းရယ်"

ကျွန်မကပြောရင်း အသံများတုန်ခိုက်ကာ မျက်ရည်မျ
လာလေသည်။

"စိတ်ဓာတ်မကျပါနဲ့ မနှင်းအေးဖြူ၊ မထားထားအေး
သေပြီဆိုရင်တောင် သူ့ကိုသတ်တဲ့လူကို အပြစ်ရအောင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရမှာပေါ့ဗျာ၊ ကျွန်တော်တစ်ယောက်လုံး ရှိပါသေးတယ်၊ အမှုမှန် ပေါ်တဲ့အထိ ကျွန်တော်ကူညီပါ့မယ် ဆောင်း"

ကိုတက်လူဝင်းက ကျွန်မလက်ကို ခပ်ဖွဖွဆုပ်ကိုင်ရင်းပြော လိုက်သည်။ ဆောင်းဆိုသည့်အခေါ်အဝေါ်ကြောင့် ကျွန်မက သူ့ကို မော်ကြည့်လိုက်မိ၏။

"မထားထားအေးစာတွေထဲမှာ မနှင်းအေးဖြူကို သူက ဆောင်း လို့ပဲ ခေါ်ခဲ့တယ်နော်"

"ဆောင်းဆိုတာ ကျွန်မအိမ်နာမည်ပါ ကိုတက်လူဝင်း။ မိဘ နှစ်ပါးကလွဲလို့ ကျွန်မကို ဆောင်းလို့ခေါ်တဲ့သူဟာ ဒီကမ္ဘာမှာ ထား တစ်ယောက်ပဲ ရှိပါတော့တယ်"

"ကျွန်တော်ကလည်း ဆောင်းလို့ပဲခေါ်ပါရစေတော့ မနှင်းအေး ဖြူရယ်၊ ဆောင်းဆိုတဲ့နာမည်လေးက ခေါ်လို့ကောင်းသလို ရင်ထဲမှာ အေးသွားတဲ့ နာမည်လေးပါ၊ ကျွန်တော့်ကို ဆောင်းလို့ ခေါ်ခွင့်ပြုပါနော်"

"ရပါတယ် ကိုတက်လူဝင်း။ ခေါ်ပါရှင်"

"ဆောင်းရယ် ... ဆောင်းကြုံနေရတဲ့သောကတွေ ပြေ ပျောက်တဲ့အထိ ကျွန်တော်ဆောင်ရွက်ပေးမှာပါဗျာ၊ ဆောင်းငိုနေတာ မြင်ရတော့ ကျွန်တော့်ရင်ထဲမှာ ခံစားရတယ်၊ ဆောင်း ..."

"ရှင် ..."

"အရေးထဲအရာပေါ်တယ်လို့ မထင်ပါနဲ့ဗျာ၊ ကျွန်တော် ... ကျွန်တော် ... ဆောင်းကို ချစ်နေမိပြီ၊ ကျွန်တော့် အချစ်အတွက် စဉ်းစားပေးပါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတက်လူဝင်းရယ်၊ ပဟေဠိပေါင်းစုံ၊ ပြဿနာမျိုးစုံ သောကများနေရတဲ့အချိန်ပါရှင်၊ အချစ်တွေ အသည်းနှလုံးတွေကို ခေါက်ထားလိုက်စမ်းပါဦး။ ကျွန်မ ... ကျွန်မလည်း ဒီလိုကာလမျိုးမှာ ဒါကို ဦးစားပေးပြီး မစဉ်းစားနိုင်သေးပါဘူးရှင်ရယ်"

"ဦးစားပေးမစဉ်းစားနိုင်သေးပေမယ့် ဆောင်းရဲ့နှလုံးသားထဲမှာတော့ ကျွန်တော်တောင်းဆိုထားတဲ့အချစ်ကို မှတ်သားထားပေးပါဗျာ"

"ကိုတက်လူဝင်း ရှင်ဟာ ကျွန်မကိုကူညီပေးနေတဲ့ ကျေးဇူးရှင်တစ်ယောက်ပါ။ ကျွန်မ မမေ့ပါဘူး။ ကျွန်မမှာလည်း ချစ်သူရည်းစား မရှိပါဘူး။ ကျွန်မတို့ဟာ ငယ်ရွယ်တဲ့သူတွေလည်း မဟုတ်ကြတော့ဘူးလေ၊ ပြဿနာအားလုံး ပြေလည်သွားတဲ့အချိန်ကျ ဒါတွေကို ဆွေးနွေးကြတာပေါ့၊ ခုတော့ ကျွန်မကို ကူညီလက်စနဲ့ ထားဝိညာဉ်ဝင်ပူးခဲ့တဲ့ ခင်အုဆိုတဲ့ မိန်းကလေးကို ခေါ်ပေးပါဦးရှင်၊ ခင်အုရောက်လာရင် ပြဿနာရဲ့အဖြေ တစ်ခုမဟုတ်တစ်ခုကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျွန်မ ယုံကြည်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော်မနက်ဖြန်ပဲ ခင်အုကို သွားခေါ်ပေးပါ့မယ်"

"ခင်အုကို တစ်ညအိပ်လောက် ခေါ်ထားချင်တယ် ကိုတက်လူဝင်း။ ဖြစ်ပါ့မလား။ ဘွားဘွားက ခွင့်ပြုပါ့မလား"

"ရပါတယ်၊ ခင်အုအဒေါ် မသိန်းတင်ကိုပါ ခေါ်လာခဲ့မှာပါ။ သူတို့နေတဲ့လက်ဝဲရွာက ဘိုးဘိုးရဲ့ဇာတိလေ။ တစ်ရွာလုံးက ဆွေမျိုးမရိုးမကင်းကြဘူး။ ပွဲလမ်းသဘင်အလှူရှိရင် ရွာကလူတွေ လာနေကျပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ပြန်ကြစို့ ကိုတက်လူဝင်း။ ကြာနေရင် ဘွားဘွားက ပြောနေလိမ့်မယ်"

"ဘွားဘွားနဲ့ အဆင်ပြေတယ်မဟုတ်လား ဆောင်း"

"ပြေပါတယ် ကိုတက်လူဝင်း"

"ကျွန်တော့်ကိုလည်း ကိုတက်လူဝင်းဆိုတဲ့ အခေါ်အဝေါ်ကြီးကို ပြင်ခေါ်ဦးလေ၊ နာမည်အပြည့်အစုံခေါ်ရတာ မပင်ပန်းဘူးလား"

"ဟင် ••• ဘယ်လို ခေါ်ရမှာလဲ၊ ကိုတက်လူဝင်းနာမည်က"

"ဟုတ်ပါရဲ့၊ ကျွန်တော့်နာမည်ကလည်း တစ်လုံးချင်းအဖျား ဆွတ်ခေါ်ဖို့ မကောင်းဘူး။ ကိုတက်ဆိုလည်း မကောင်း။ ကိုလူဆိုတော့လည်း တစ်မျိုးကြီး။ ဟား ဟား ဟား •••"

"ကိုဝင်းဆိုတော့လည်း ရှိုးတယ်လေ၊ ကဲပါလေ အခေါ်အဝေါ်ဆိုတာ သူ့အလိုလိုရင်ထဲက ဖြစ်လာတာကောင်းပါတယ်၊ ကိုတက်လူဝင်းကိုခေါ်ရမယ့်အခေါ်အဝေါ်ကလည်း သူ့အလိုလို ရလာပါလိမ့်မယ်"

ကျွန်မတို့က ရထားသံလမ်းပေါ်မှဆင်းခဲ့ကာ အိမ်သို့ပြန်လာခဲ့ကြလေသည်။

"ဩော် ••• ကိုတက်လူဝင်း။ ဟိုဘက်ခြံကြီးကို ကြည့်လိုက်စမ်း။ ကိုတက်လူဝင်းစိတ်ထဲမှာ ဘယ်လိုခံစားရလဲ"

"ဒီခြံက လူမနေတာကြာပြီဆောင်း။ သရဲခြောက်တယ်ဆိုလို့ ဝယ်မယ့်လူ မရှိဘူး။ အမွေဆက်ခံမယ့်အမျိုးတွေတော့ ကျောက်ဆည်မှာ ရှိကြတယ် ပြောတယ်၊ ဘာဖြစ်လို့လဲ ဆောင်း"

"ကျွန်မ အိပ်မက်တိုင်းမှာ ထားအသံက အဲဒီခြံဝင်းထဲက ထွက်လာတာလို့ ထင်မိတယ်လေ၊ ဦးကြန့်ကြီးကလည်း ခုတလော မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



အရိပ်တစ်ခု ခြံထဲမှာ မြင်မြင်နေရတယ်တဲ့၊ ကျွန်မ မနေ့ညကမက်တဲ့ အိပ်မက်ထဲမှာ ထားက အဲဒီခြံထဲကနေ ကျွန်မကို လှမ်းကြည့်နေတယ်လို့ မက်တယ်"

"ဒါတွေက မထားထားအေးကို ဆောင်းစိတ်စွဲနေလို့ပါလေ၊ ဦးကြန်ကြီး မြင်တယ်ဆိုတာလည်း စိတ်ထင်လို့ဖြစ်မှာပါ။ မထားထားအေး ပြဿနာနဲ့ဒီခြံနဲ့ ဆက်စပ်မှုတော့ မရှိဘူး။ တခြားစီပဲ၊ ဒါတွေတော့ စိတ်ထဲထားမနေပါနဲ့ ဆောင်းရယ်"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၄ )

နောက်တစ်နေ့နေ့လယ်တွင် ခင်အုနှင့်သူ့အဒေါ်မသိန်းတင်တို့ ရောက်လာကြပါသည်။ ကိုတက်လူဝင်းက လက်ဝဲရွာအထိ ကားနှင့် သွားခေါ်လာခြင်းဖြစ်၏။ ခင်အုတို့ကို ပို့ထားခဲ့ပြီး ကိုတက်လူဝင်း ပြန်သွားပါသည်။

ခင်အုမှာ အသက် ၁၂နှစ် အရွယ်ဆိုသော်လည်း ညှက်လှပေသည်။ မည်းမည်းပိန်ပိန်နှင့် ကြောက်တတ်ပုံရသောကလေးမလေး ဖြစ်ပေ၏။ သည်လိုကလေးမလေးကိုမှ သရဲက ဝင်ပူးခဲ့ပေသည်။

မသိန်းတင်နှင့်ခင်အုက ရောက်ရောက်ချင်း ဘွားဘွား ဒေါ်သန့် ခင်ကို ဝင်ကန်တော့ကြသည်။ လက်ဝဲရွာမှလူများမှာ သည်လိုပဲ မကြာ ခဏလာလည်ကြပုံရပါသည်။ ဘွားဘွားက ရွာအကြောင်းအနည်းငယ် မေးပြီး ဘာလာလုပ်သလဲဆိုတာ စပ်စုခြင်းမရှိပေ။

မသိန်းတင်က ဘွားဘွားကို ကန်တော့ပြီးသည်နှင့် အောက် ထပ်ကိုဆင်းကာ မဆိတ်တင်နှင့်စကားသွားပြောနေသည်။ ဘွားဘွား ဗီဒီယိုကြည့်နေစဉ် ကျွန်မက အိမ်အောက်ထပ်သို့ ဆင်းခဲ့လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မဆိတ်တင်နှင့်မသိန်းတင်ဘေးတွင်ထိုင်နေသော ခင်အုကို ကျွန်မက ရင်းနှီးအောင် စကားစပြောလိုက်သည်။

"ခင်အုက ဘယ်နှစ်တန်း ရောက်နေပြီလဲကွဲ့"

ကျွန်မအမေးကို ခင်အုက ပြန်မဖြေပါ။ ကြောက်ရွံ့သလိုပုံစံဖြင့် ကျွန်မကို ပြန်ကြည့်နေသည်။

"သူက လေးတန်းနဲ့ကျောင်းထွက်ထားတာ ဆရာမ"

ကျွန်မမေးခွန်းကို မသိန်းတင်က ဝင်ဖြေပေးလိုက်သည်။

"ဪ . . . ကျောင်းမနေတော့ဘူးလား။ ဘာဖြစ်လို့လဲဟင်"

"သူက ဉာဏ်ထိုင်းတယ် ဆရာမရေ့၊ စာဆက်သင်လို့မရ တော့လို့ ကျောင်းထုတ်ထားလိုက်ရတာ"

"ဟိုတလောက ဝင်ပူးတယ်ဆိုတာ ခင်အုကို မဟုတ်လား ဟင်၊ အဲဒါတွေ ခင်အုမှတ်မိသေးလား"

ကျွန်မက ခင်အုကိုပင် တိုက်ရိုက်ဦးတည်မေးလိုက်ပါသည်။ ခင်အုက ခေါင်းကိုသာခါပြသည်။ ပြန်မဖြေပါ။

"သူကအပူးခံရတဲ့လူ၊ ဘယ်မှတ်မိမလဲဆရာမ၊ လူကြီးတွေတောင် သရဲအပူးခံရရင် ပူးနေတုန်းမှာ ပြောတာဆိုတာတွေ မမှတ်မိကြဘူးလေ၊ သရဲက ဝင်ပူးပြီးပြောတာဆိုတာမျိုးကို၊ အပူးခံရတဲ့လူက ဘာမျှအသိမရှိတော့ဘူး"

"အဲဒီတုန်းက မသိန်းတင်အနားမှာ ရှိတယ်နော်"

"ဟုတ်ကဲ့ဆရာမ"

"ကျွန်မကို ပြန်ပြောပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



မသိန်းတင်က ထိုနေ့ကအကြောင်းကို ပြန်ပြောပြသည်။ ကိုတက်လူဝင်းတို့ပြောသည်နှင့် တစ်ထပ်တည်းပင်ဖြစ်ပါ၏။

"မသိန်းတင်ရော အဲဒီလိုသရဲပူးတာတွေ မကြာခဏကြုံဖူးလားဟင်"

"ရွာမှာတော့ တစ်ခါတစ်လေ တွေ့ဖူးပါတယ်ဆရာမ"

"ခင်အုကရော အဲဒါမျိုး မကြာခဏဖြစ်တတ်သလား"

"ဟင့်အင်း၊ မဖြစ်ဖူးပါဘူး၊ အဲဒီတစ်ခါပဲ"

"ခင်အုကို ဘာလို့သရဲဝင်ပူးတယ်လို့ မသိန်းတင်ထင်သလဲဟင်"

"အဲဒီနေ့က ကျွန်မတို့က နေဝင်ရီတရောကြီး ရွာကနေ လမ်းလျှောက်လာတာလေ၊ ရထားလမ်းဘေးက ဖြတ်လာရတယ်၊ အဲဒီမှာသရဲက ခင်အုနဲ့ကပ်ပါလာတာနေမှာပေါ့"

ခင်အုနှင့်ပတ်သက်၍ သံသယရှင်းပေပြီ။

ကျွန်မက သရဲပူးသည့်ကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံလည်းမရှိ၊ ယုံကြည်ဖို့လည်းခက်ခဲပါသဖြင့် ခင်အုပရိယာယ်ဆင်တာမျိုးဖြစ်မည်ကို စိုးရိမ်မိခြင်းဖြစ်သည်။ ခင်အုကိုလက်တွေ့မြင်လိုက်တော့ ညာလည်းသိပ်မတတ်၊ လူရည်လည်းသိပ်မလည်၊ ကြောက်လည်းကြောက်တတ်တာကို တွေ့ရသည်။ ခင်အုလိမ်ညာခြင်းမဟုတ်တာတော့ သေချာပါပြီ။

ခင်အုကို ပူးခဲ့သောသရဲသည် သည်တစ်ခါခင်အုကိုတွေ့လျှင်တော့ ဝင်ပူးပါဦးမည်လား။ ကျွန်မက လက်တွေ့စမ်းသပ်ကြည့်ချင်၍ ခင်အုကို မြို့အရောက်ဖိတ်ခေါ်ခဲ့ခြင်းပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းတွင် ကျွန်မက ခင်အုကိုခေါ်၍ ရထားလမ်းပေါ်သို့ လမ်းလျှောက်ထွက်ခဲ့လေသည်။ ခင်အုမှာ တွန့်ဆုတ်ဆုတ်ဖြင့်ပြင် ကျွန်မနှင့်လိုက်ပါလာခဲ့သည်။

ကျွန်မတို့သည် အိမ်နောက်ဖေးခြံစည်းရိုးပေါက်မှ ထွက်ကာ မီးရထားလမ်းပေါ် တက်ခဲ့ကြလေသည်။

ကျွန်မက ခင်အုကို စကားများပြောပြီး အရောတဝင်နေသော်လည်း ခင်အုက သိပ်ပြန်မပြောပါ။ မေးတစ်ခွန်းဖြေတစ်ခွန်းသာ ပြောခဲ့ပါသည်။

ခင်အုမှာ ဆင်းရဲသော တောသူမလေးများ၏ထုံးစံအတိုင်း လူစောမတိုးရဲခြင်း ဖြစ်ပါသည်။ ကျွန်မကိုလည်း ဆရာမဆို၍ ဘာဆရာမမှန်းမသိပဲ "ရှိန်"နေပုံရသည်။

ကျွန်မတို့ ရထားသံလမ်းတစ်လျှောက်တွင် ဆယ်မိနစ်လောက် လမ်းလျှောက်ကြပြီးနောက် ပြန်လာခဲ့ကြပါသည်။

အပြန်တွင် အိမ်နောက်ဖေးပေါက်သော့ချောင်းကို သော့တွဲထဲမှ ကျွန်မဖြုတ်ယူထားလိုက်ပါသည်။ နောက်ဖေးပေါက်ကို ဘယ်သူမျှ အသုံးပြုခြင်းမရှိပါ။ ကျွန်မအတွက်သာ လိုအပ်ကောင်းလိုအပ်လာမည် ဖြစ်၍ ဖြုတ်ယူထားလိုက်ခြင်း ဖြစ်ပါသည်။

☼

ညစာ စားပြီးချိန်အထိ ဘာမျှထူးခြားမှုမရှိသေးချေ။

မသိန်းတင်နှင့်ခင်အုက အပေါ်ထပ်တက်လာကာ ဘွဲ့ဘွား ဘေးတွင်ထိုင်ရင်း ဘွားဘွားကြည့်သည့် မြန်မာဗီဒီယိုကားကို ထိုင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ခဏနေတော့ မိုးမိုးပါအပေါ်တက်လာကာ ဗီဒီယိုဝင်ကြည့်နေပြန်၏။

ဘွားဘွားဒေါ်သန့်ဇင်က တစ်ချက်တစ်ချက် ရွာအကြောင်းများကို မသိန်းတင်ကို လှည့်မေးနေသည်။

ထိုစဉ် မြန်မာဇာတ်ကားစီဒီမှာ ပထမတစ်ချပ်ကုန်သွားလေပြီ။

"ဟဲ့ ... မိုးမိုး၊ နောက်တစ်ချပ်လဲလိုက်စမ်း"

မိုးမိုးက ပထမစီဒီချပ်ကိုထုတ်ကာ ဒုတိယအချပ်ကို ဗီစီဒီစက်ထဲ ထည့်လိုက်သည်။

ထိုစဉ်မှာပင် ...

ခင်အုထံမှ "ဂစ် ... ဂစ်"ဆိုသောအသံများထွက်လာကာ တစ်ကိုယ်လုံး ဆန့်ငင် ဆန့်ငင်ဖြင့် တွန့်တွန့်သွားသည်ကို တွေ့လိုက်ရလေသည်။

"ဟဲ့ ဟိုသူငယ်မ ဘာဖြစ်တာတုံး"

ခင်အုအဖြစ်ကို မြင်လိုက်ရသောဘွားဘွားက အလန့်တကြားအော်လိုက်လေသည်။

"အို ... ခင်အု"

မသိန်းတင်က ခင်အုကိုဖက်ထားလိုက်၏။

"ဟဲ့ ... ခင်အု၊ ခင်အု"

"ဘာဖြစ်တာလဲဟဲ့၊ တက်တာလား။ နှင်းဒေါ်အေးဖြူ၊ ကောင်မလေးကို ကြည့်ပါဦးဟဲ့"

"တက်တာမဟုတ်ဘူး ဘွားသန့်ဇင်၊ ပူးတာ၊ ဟိုတစ်ခါလို ပူးတာပဲဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"သရဲပူးတာပါ၊ တစ်ခါကလည်း မမညွန့်တို့အိမ်မှာ ဖြစ်ဖူးပြီးပြီ ဟဲ့ ... ခင်အု၊ ခင်အု"

ကျွန်မက အသက်မရှူမိဘဲ ခင်အုအခြေအနေကို စောင့်ကြည့်နေမိသည်။

မိုးမိုးက ဗီစီဒီစက်ကိုပစ်ထားခဲ့ကာ အနားကိုပြေးလာသည်။

ခင်အုမှာ တဆတ်ဆတ်တုန်ရင်းမှ မျက်ဖြူလန်သလို ဖြစ်သွားသည်။ မျက်လုံးအတွင်းဝယ် မျက်နက်အိမ်မရှိတော့ဘဲ မျက်ဖြူသားချည်း ဖြစ်နေသည်။ ပါးစပ်မှလည်း သွားရေများစီးကျလာ၏။

"ခင်အု"

ခင်အုက မသိန်းတင်လက်ထဲမှ ရုန်းဖယ်ထွက်လိုက်သည်။

ခင်အုအကြည့်က ကျွန်မဆီကို ရောက်လာလေ၏။

ကျွန်မကိုလက်ညှိုးကြီးဖြင့်ထိုးရင်း ဗလုံးဗထွေးအော်လိုက်လေသည်။ ဘာအော်လိုက်သည်ကို ပီပီသသမကြားရပေ။

ခင်အုသည် ကြမ်းပြင်မှအားယူထလိုက်၏။ သို့ရာတွင် တစ်ကိုယ်လုံးတဆတ်ဆတ်တုန်နေသောကြောင့် ပြန်လဲကျသွားလေသည်။

ကျွန်မအနားကို လာချင်သည်ဟုယူဆကာ ကျွန်မကပင် ခင်အုအနားသို့တိုးသွားလိုက်၏။

"ဘယ်သူလဲဟင်၊ ဘယ်သူလဲဟင်၊ ဘာပြောချင်လို့လဲဟင်"

ကျွန်မသည် ဝင်ပူးသောဝိညာဉ်ကို ထားလို့ပဲယူဆကာ ခင်အုပခုံးကိုကိုင်လှုပ်ရင်း မေးလိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်အုသည် ကျွန်မလက်နှစ်ဖက်ကို သူ့လက်များဖြင့် ဆုပ်ကိုင်ကာ ရှိုက်ကြီးတငင်ငိုပါလေတော့သည်။

"ဘာယ်သူလဲဟင်၊ ဘာပြောချင်လို့လဲ၊ ပြောပါ"

ကျွန်မက ခင်အုထံမှ စကားသံထွက်လာအောင် ထပ်မေးလိုက်သည်။

"ဆောင်း . . . ဆောင်း . . ."

"အို . . ."

ဆောင်းလို့ခေါ်လိုက်သည့်အသံမှာ ပီပီသသမဟုတ်ပါ။ အာလုပ်သံကြီးနှင့်ဖြစ်သည်။ "အောင်း"ဆိုသော အသံမျိုးပေါ်ထွက်လာ၏။

"ထားလားဟင်၊ ထားလား"

ခင်အုထံမှ ဘာစကားမျှထပ်ထွက်မလာ၊ ငိုရှိုက်၍သာနေသည်။

"ထားလား၊ ဘာပြောချင်လို့လဲ၊ ပြောပါ"

ခင်အုက လက်ညှိုးဖြင့် အိမ်ခြေရင်းဘက်သို့ ထိုးပြလိုက်ပြန်၏။

"ဟဲ့ . . . မိုးမိုး၊ ဘုရားစင်ပေါ်မှာ ပရိတ်ရေပုလင်းရှိတယ်၊ သွားယူစမ်း၊ ရေသန့်ဘူးနဲ့ထည့်ထားတာ ပရိတ်ရေပဲ၊ မြန်မြန် သွားယူချေ"

"ဟုတ်ကဲ့ ဘွားဘွား"

ဘွားဘွားခိုင်းလိုက်သောကြောင့် မိုးမိုးက ဘုရားခန်းထဲ အပြေးဝင်သွားလေသည်။

မိုးမိုးပြန်ထွက်အလာတွင် ပရိတ်ရေပုလင်းပါလာသည်။

ဘွားဘွားက ဒရင်းဘက်ပေါ်မှကြုံးထကာ မိုးမိုးလက်ထဲမှ ပရိတ်ရေပုလင်းကို ယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘွားဘွား၊ နေပါဦး"

ကျွန်မ ဟန့်တားသော်လည်း မမီလိုက်တော့ပါ။ ဘွားဘွားက ပရိတ်ရေပုလင်းကို အဖုံးဖွင့်ကာ ခင်အုကိုယ်ပေါ်သို့ တစ်ပုလင်းလုံး သောင်းချလိုက်လေသည်။

ခင်အု စူးစူးဝါးဝါး တစ်ချက်အော်လိုက်သည်။

ပြီးနောက် ... ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားလေတော့သည်။

"ထွက်သွားပြီ၊ ထွက်သွားပြီ"

မသိန်းတင်က အော်လိုက်သည်။

ပရိတ်ရေတန်ခိုးကြောင့် ဝင်ပူးနေသောဝိညာဉ်မှာ ထွက်ပြေးသွားပါပြီ။

"အမလေးဟဲ့ တော်ပါသေးရဲ့"

ဘွားဘွားက သက်ပြင်းကြီးချရင်း စိတ်ကိုလျှော့ချလိုက်ရာ ပရိတ်ရေပုလင်းမှာ လက်ထဲမှလွတ်ကျသွားလေ၏။

ကျွန်မက ဘွားဘွားကိုယ်ကို ထိန်းပေးထားလိုက်ရသည်။

"လန့်လိုက်တာအေရယ်၊ ရင်တုန်လိုက်တာ၊ အမလေး"

"အိပ်ရာထဲမှာ မှိန်းနေလိုက်နော် ဘွားဘွား"

ကျွန်မက ဘွားဘွားကိုခုတင်ပေါ်လိုက်ပို့ပေးပြီး သွေးပေါင်ချိန် တိုင်းခြင်း၊ နှလုံးခုန်စမ်းသပ်ခြင်းများကို ပြုလုပ်ပေးရပါသည်။

ခင်အုသရဲဝင်ပူးတာကို မြင်လိုက်ရသည့်အတွက် ဘွားဘွား သွေးတွေတိုးနေပါသည်။

✡

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မောလျှစွာသက်ပြင်းချလိုက်မိလေသည်။ ခဲလေသမျှ သဲရေကျခဲ့သလို ဖြစ်ရလေပြီ။

ကျွန်မစမ်းသပ်မှုသည် အောင်မြင်ခဲ့သည်။ ကျွန်မထင်သလို ခင် မကျွတ်လွတ်သေးသောဝိညာဉ်သည် ခင်အုကို ဝင်ပူးခဲ့သည်။ ခင်အုမှာ ယခင်က သရဲအပူးခံထားရဖူး၍ ခင်အုကိုယ်ထဲကို ပြင်ပဝိညာဉ်ဝင် ပူးဖို့လွယ်မည်ဟုယူဆကာ ကျွန်မက စမ်းသပ်ကြည့်ခြင်းပင် ဖြစ်ပါ သည်။

ကျွန်မစမ်းသပ်မှု အောင်မြင်ခဲ့ပါသည်။

သို့သော် ... ပရိတ်ရေတန်ခိုးကြောင့် ဝိညာဉ်မှာ ကြာကြာမနေ နိုင်ပဲ ထွက်ပြေးသွားခဲ့လေပြီ။

မည်သို့ဆိုစေ ဝင်ပူးခဲ့သောဝိညာဉ်မှာ ထားဒေါ်ဝိညာဉ်ဟု ယူဆ စရာအချက်ကိုတော့ တွေ့ခဲ့ပါသည်။ ခင်အုနှုတ်မှ "ဆောင်း"ဆိုသည့် ကျွန်မအမည်ကို မပီမသဖြင့် ရွတ်ဆိုခဲ့သည်မဟုတ်ပါလား။

ထားဒေါ်ဝိညာဉ်သည် သူတစ်ကြိမ်ဝင်ပူးဖူးသော ခင်အုထံကိုပင် နောက်တစ်ကြိမ်ဝင်ပူးခဲ့ခြင်း ဖြစ်ပါ၏။

ထားဝိညာဉ်နှင့် အပြန်အလှန်စကားပြောဖို့ကြိုးစားခဲ့သည့် ကျွန်မအကြံကတော့ မအောင်မြင်ခဲ့ပါ။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

နောက်တစ်နေ့၌ ကိုတက်လူဝင်းက မသိန်းတင်နှင့်ခင်အ
ရှာပြန်ပို့ပေးဖို့ရောက်လာသည်။

ကျွန်မက ညကအတွေ့အကြုံကို ပြောပြလိုက်၏။ ခင်အ
ခေါ်ခိုင်းခြင်းမှာ ဤအနီးအနားတွင် ထားစိညာဉ်ရှိနေသည်ဟုယူ
စမ်းသပ်လို၍ ခေါ်ခိုင်းခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သည်။

"ကျွန်မတွေးထင်တာတွေ မှန်တယ်လို့ထင်မိတယ် ကိုတ
ဝင်း။ ခင်အုကိုသရဲဝင်ပူးတော့ ကျွန်မကိုကြည့်ပြီး သူ့ပါးစပ်က ဆော
ဆောင်းလို့အော်တယ်၊ ဘွားဘွားပရိတ်ရေနဲ့ ပက်လိုက်လို့ ထားစိ
ထွက်ပြေးသွားရတာ၊ ပြီးတော့ ကျွန်မသိသယဝင်နေတဲ့ ခြေရင်း
ဟာလည်း ထားနဲ့ပတ်သက်နေလိမ့်မယ်လို့ထင်တယ်"

"ဘာဖြစ်လို့လဲ ဆောင်း"

"သရဲဝင်ပူးနေတဲ့အချိန်မှာ ခင်အုက နောက်ဖေးခြံတဲ့ ထ
ညှိုးထိုးပြတယ်လေ၊ ကျွန်မမက်ထားတဲ့ အိပ်မက်ဗေဒနဲ့ဆက်စ
တွေးကြည့်တာပါ၊ ပြီးတော့ ထားရေးတဲ့စာထဲမှာ သူ့အလောင်း မီးရှ



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးက အိမ်ပျက်ကြီးထဲမှာရှိတယ်လို့ပါတယ် မဟုတ်လား၊ အဲဒါ ခြေရင်းခြံထဲက အိမ်ပျက်ကြီးကိုဆိုလိုတာ မဖြစ်နိုင်ဘူးလား ကိုတက်လူဝင်း''

''ကျွန်တော်တော့ အဲဒီခြံနဲ့မထားထားအေးကို မဆက်စပ်မိခဲ့ဘူး၊ ဆောင်းပြောတော့လည်း ဟုတ်သလိုလိုပဲ၊ ကျွန်တော်တို့ အဖြစ်မှန်ပေါ်အောင် ဆက်စုံစမ်းရုံပေါ့လေ''

''ကိုတက်လူဝင်း ဘာဆက်လုပ်မယ် စိတ်ကူးသလဲဟင်''

''ကျွန်တော်တော့ အဖျိုကြီးညီအစ်မပြန်လာတဲ့အထိ မစောင့်ချင်တော့ဘူး၊ ဗုဒ္ဓဂါယာသွားဦးမှာနဲ့ဆိုရင် ပြန်လာဖို့က ကြာဦးမှာလေ၊ ပလိပ်ကို နောက်တစ်ခေါက်သွားမယ်၊ အဘွားကြီးနှစ်ယောက် ဗုဒ္ဓဂါယာထွက်သွားပြီလားဆိုတာ သေချာအောင် သူတို့အမျိုးတွေကို ထပ်မေးမယ်၊ မသွားရသေးဘူးဆိုရင် ရန်ကုန်လိုက်ပြီး မေးကြည့်မယ် ဆောင်း''

''ကိုတက်လူဝင်းရယ် ဘာမှုမဆိုင်ဘဲနဲ့ ကျွန်မအတွက် အလုပ်ရှုပ်ရပြီနော်''

''ဘာဖြစ်လို့မဆိုင်ရမှာလဲ ဆောင်းရယ်၊ ကျွန်တော်က ဆောင်းကိုချစ်နေတာလေ၊ ဆောင်းကို ချစ်ရေးဆိုထားတဲ့လူပဲ၊ ကိုယ်ချစ်တဲ့လူ စိတ်ချမ်းသာအောင် ကူညီရမှာပေါ့ဆောင်းရယ်''

''ဩော် ... ကိုတက်လူဝင်းရယ်''

☼

နေ့လယ်ပိုင်း သွေးပေါင်ချိန်တိုင်းပြီး ဆေးတိုက်ချိန်တွင် ဘွားဘွားက ခင်အုကိုသရဲပူးခဲ့သည့်အကြောင်းနှင့်ဆက်စပ်ပြီးပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြေရင်းခြံက လင်မယားဟာ အသေသဆိုးနဲ့သေခဲ့ကြတယ်၊ မယားက သူ့လင်သတ်လို့ သေတယ်၊ လင်က ရထားလမ်းပေါ်မှာ ရထား အကြိတ်ခံပြီး သေတယ်၊ သူတို့သေခါစက တော်တော်ခြောက်လှန့်ခဲ့တယ်ကွဲ၊ နှစ်ကာလကတော့ ကြာပါပြီ ဘွားဘွားက သူတို့ကို ကျွတ်သွားပြီထင်တာ၊ ခုထိ မကျွတ်သေးဘဲကိုး"

"မကျွတ်သေးဘူး မကျွတ်သေးဘူးလို့ ဘာလို့ပြောနိုင်တာလဲ ဘွားဘွား"

"ညက ခင်အုဆိုတဲ့သူငယ်မကို ဝင်ပူးတဲ့သရဲဟာ ခြေရင်းခြံက သေသွားတဲ့မိန်းမလေ၊ မသောင်းပေါ့"

"ရှင် ..."

"ခင်အုပါးစပ်က သောင်း ... သောင်းလို့အော်လိုက်တာကို ကြားတယ် မဟုတ်လား၊ သေသွားတဲ့မိန်းမနာမည်က မသောင်းတဲ့ အဲဒါသူဟာ မသောင်းဖြစ်ကြောင်း အသိပေးတာပေါ့"

ခင်အုနှုတ်မှ ဗလုံးဗထွေးထွက်လာသောအသံမှာ မပီသပါ။ ကျွန်မက "အောင်း"ဟု ကြားလိုက်ရသောအသံကို ကျွန်မနာမည် "မဆောင်း"ကို ခေါ်တယ်လို့ထင်ခဲ့သည်။ ဘွားဘွားကတော့ တစ်ဖက် အိမ်မှသေသွားတဲ့မိန်းမနာမည် မသောင်းဖြစ်နေ၍ ပူးသောသရဲက သူ့ကိုယ်သူ "မသောင်း" ဖြစ်ကြောင်းပြောတယ်လို့ ထင်နေသည်။

ကျွန်မပဲ ကိုယ်လိုရာဆွဲတွေးမိသလား၊ ဘွားဘွားပြောတာ မှန်လေသလားတော့ မသိနိုင်ပါပေ။

"အဲဒီခြံထဲက လင်မယားက ဘယ်လိုဖြစ်တာလဲ ဘွားဘွား ဦးကြန်ကြီးတို့ မဆိတ်တင်တို့ကတော့ ပြောပြပါတယ်၊ ဒါပေမဲ့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



တ ဒီလူတွေကို မျက်မြင်ကိုယ်တွေ့ တွေ့ဖူးတာမဟုတ်ဘူးလေ၊ ဘွားဘွား သိရင်ပြောပြပါလား”

“သိတာပေါ့အေ၊ အဖြစ်အပျက်တွေအကုန်လုံး ငါတို့ရှေ့တွင် ဖြစ်သွားတာ၊ ကြာတာတော့ကြာပြီ၊ ဘွားဘွားနဲ့ဘိုးဘိုး အိမ်ထောင် ကျခါစကဆိုတော့ အနှစ်ငါးဆယ်လောက်တောင်ရှိပြီ”

“ဩော် ...”

“ဟိုဖက်ခြံမှာနေတဲ့လင်မယားက ကိုအောင်ချင်းနဲ့မသောင်း တဲ့ နှစ်ယောက်စလုံး ဘွားဘွားတို့ထက် အသက်ကြီးတယ်၊ အိမ်ထောင် ကျတာလေးငါးနှစ်ရှိပေမယ့် ကလေးမရကြဘူး။ ကိုအောင်ချင်းက အလုပ် သိပ်လုပ်တဲ့လူ၊ သူ့အလုပ်က မကြာမကြာ ခရီးထွက်ရတယ်၊ မသောင်း ကတော့ အိမ်မှာပဲ အိမ်မှုကိစ္စလုပ်ပေါ့လေ၊ ဒါပေမဲ့ မသောင်းက အကျင့်စာရိတ္တမကောင်းဘူးကွဲ့၊ လင်ကွယ်ရာမှာ ဖောက်ပြန်ခဲ့တယ်”

“ဟင် ...”

“တိုတိုပြောကြပါစို့ရဲ့၊ မသောင်းဖောက်ပြန်တာကို ကိုအောင် ချင်းက သိသွားတယ်၊ သူခရီးထွက်တဲ့အချိန်မှာ လင်ငယ်ကို ညဉ့်အိပ် ညဉ့်နေ အိမ်မှာခေါ်ပြီး ပျော်ပါးတာကိုလည်း သိသွားတယ်။ [illegible] ကျင်ကလည်း ရှိသေးတာကိုး။ မခံချင်တဲ့သူတွေက ပြန်ပြောကြတယ် လေ”

“ဟုတ်ကဲ့ ဘွားဘွား”

“တစ်နေ့တော့ ကိုအောင်ချင်းက ခရီးထွက် [illegible] ပြီး မသောင်းနဲ့သူ့လင်ငယ်ကို ချောင်းဖမ်းပါလေရော [illegible] မိတာမှ ဟိုနှစ်ယောက်ပျော်ပါးနေကြတုန်းမှာ ဝင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သူ့အကောင်နဲ့ အိမ်နောက်ဖေးက ဂိုဒေါင်လေးထဲမှာ ချိန်းတွေ့နေကျလေ၊ အဲဒီဂိုဒေါင်လေးဟာ ခုထိရှိသေးတယ်၊ တွေ့တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ မြင်ပါတယ် ဘွားဘွား"

"ကိုအောင်ချင်းဟာ နဂိုကတည်းက ကြံရွယ်ထားပြီးသား ထင်ပါရဲ့၊ သူ့လက်ထဲမှာ ငှက်ကြီးတောင်ဓားက ပါလာပြီးသားတဲ့၊ တစ်ခါတည်း မသောင်းရော သူ့လင်ငယ်ရော ဂိုဒေါင်ထဲမှာတင် ခုတ်သတ်လိုက်တာ၊ ပွဲချင်းပြီးပဲ"

"အမလေးနော်"

"အဲဒီညတုန်းက မသောင်းတောင်းပန်တဲ့အသံ၊ အရပ်ကို အော်ပြီးအကူအညီတောင်းတဲ့အသံတွေကို ကြားလိုက်ရသေးတယ်၊ ဒါပေမဲ့ ဘယ်သူမှ မသွားရဲဘူး၊ သူများလင်မယားကြားထဲ မဝင်ချင်ကြဘူးလေ၊ ကိုအောင်ချင်းဟာ မသောင်းကို သတ်ပြီးတာနဲ့ အသင့်ပါလာတဲ့အရက်တွေကို မူးအောင်သောက်ပြီး အိမ်နောက်ဖေးက မီးရထားလမ်းပေါ် တက်အိပ်နေတော့တာပဲ၊ ဒါတွေကို အိမ်နီးချင်းတွေက မြင်ပေမယ့် မပြောရဲဘူး၊ မဖျောင့်ဖျရဲဘူး၊ ကိုအောင်ချင်းလက်ထဲမှာ ငှက်ကြီးတောင်ဓားကြီးက ကိုင်ထားတုန်း၊ သူစိတ်ဆိုးနေချိန် မူးနေချိန်ဆိုတော့ ဘယ်သူမှ မကပ်ရဲကြဘူးလေ"

"ဟုတ်တာပေါ့ ဘွားဘွားရယ်"

"ရထားလမ်းပေါ်တက်အိပ်နေတာ တမင်ပဲ စိတ်ညစ်လို့ သေကြောင်းကြံသလား၊ မူးလို့အိပ်တာလားဆိုတာတော့ ဘယ်သူမှ မသိနိုင်ကြတော့ဘူး၊ ရထားလည်းလာရော ကိုအောင်ချင်းကို တက်ကြိတ်သွားတာ ခေါင်းတစ်ခြား၊ ကိုယ်တစ်ခြားဖြစ်သွားတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား၊ ဘုရား"

"ဒီမြင်ကွင်းတွေကို ဘွားဘွားတို့က အိမ်ပေါ်ကနေ မြင်နေတယ်"

"ဟင် ... ဘွားဘွားမြင်ရတယ်"

"ကိုအောင်ချင်းကို ရထားတက်ကြိတ်သွားတဲ့ မြင်ကွင်းလေ၊ ကြောက်စရာကြီးပါကွယ်၊ အဲဒီနောက်ပိုင်း လင်မယားနှစ်ယောက်လုံး ကျွတ်မလွတ်ဖြစ်ပြီး ဒီအနားမှာ ခြောက်လှန့်နေတော့တာပဲ အစိမ်းသ သေကြတာကိုး"

"ဘယ်လို ခြောက်တာလဲဟင် ဘွားဘွား"

"မသောင်းအရိပ်ကိုတော့ ဂိုဒေါင်လေးဘေးမှာ လှည့်ပတ်သွားနေတာတွေ့ရတယ်၊ ကိုအောင်ချင်းတစ္ဆေခြောက်ပုံကတော့ ဆက်တော် ကြောက်စရာကောင်းတယ်ကွဲ့၊ ညညဆို မီးရထားသံလမ်း တစ်လျှောက် ခေါင်းမပါဘဲလျှောက်သွားနေတဲ့ ကိုအောင်ချင်းရဲ့ပုံရိပ်ကို မြင်နေရတယ်၊ ခေါင်းပြတ်သရဲဟာ သူ့အိမ်နောက်ဖေးက သူသေခဲ့တဲ့ ရထားသံလမ်းတစ်ပိုက်မှာ ညတိုင်းလျှောက်သွားနေတတ်တယ်"

"အဲဒါကိုရော ဘွားဘွား မြင်ရသလားဟင်"

"မြင်တာပေါ့၊ ခေါင်းပြတ်သရဲကြီး လျှောက်သွားနေတာ၊ သူ့လက်ထဲမှာလည်း ခပ်လုံးလုံးအရာတစ်ခုကိုကိုင်ထားတယ်၊ အဲဒါ သူ့ရဲ့ပြတ်သွားတဲ့ခေါင်းတဲ့"

"ကြောက်စရာကောင်းလိုက်တာ ဘွားဘွားရယ်"

"ဘွားဘွားတို့ တရုတ်စုလမ်းမှာအိမ်ဝယ်ပြီး ပွဲရုံဖွင့်လို့ ဒီအိမ်ကပြောင်းသွားတဲ့အချိန်ထိ ကိုအောင်ချင်းနဲ့မသောင်းတို့ရဲ့ ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ပြိုင်နေခဲ့ရတယ်၊ သူတို့အိမ်ကြီးဟာလည်း တိတ်ဆိတ်ခြောက် [illegible] ကျက်သီးသွားတော့တယ်၊ ကျောက်ဆည်မှာ ကိုအောင်ချင်းအမျိုး [illegible]ယ့် ဘယ်သူမျှ လာမနေရဲကြဘူး။ သရဲခြောက်တဲ့အိမ်ဆိုတော့ ရောင်းလို့လည်း မရဘူး။ ခုချိန်ထိ ပိုင်ရှင်မဲ့သလိုဖြစ်နေတော့တာပေါ့ ကွယ်"

"ပိုင်ဆိုင်ခွင့်ရှိတဲ့ အမျိုးတွေတော့ ရှိသေးတာပေါ့နော် ဘွားဘွား"

"ကိုအောင်ချင်းဘက်ကအမျိုးတွေ ကျောက်ဆည်မှာ ရှိတယ်လေ၊ ဘွားဘွားက ဒီလောက်နှစ်ပေါင်းများစွာကြာတော့ မသောင်းတို့လင်မယား ကျွတ်လွတ်သွားလောက်ပြီထင်တာ၊ မကျွတ်သေးပါလားကွယ်၊ ခြော် ... ဒုစရိုက်မှုပြုတဲ့သူများ သေပြီးတာတောင် နာနာဘာဝအဖြစ်နဲ့ ဒုက္ခခံပေးဆပ်နေရသေးတယ်နော်၊ တရား ရစရာပဲကွယ်"

"ဘွားဘွားက မသောင်းတို့လင်မယားကို မကျွတ်သေးဘူးလို့ ဘာဖြစ်လို့ထင်ရတာလဲဟင်"

"ဟဲ့ ... ခင်အုကိုဝင်ပူးတဲ့သရဲက ပြောသွားတယ်လေ၊ သူဟာ မသောင်းပါတဲ့၊ ခင်အုဝင်ပူးတာ မသောင်းသရဲမို့ပေါ့ နှင်းအေးဖြူရဲ့"

သရဲပူးပြောသောစကားသံမှာ "ဆောင်း"လား၊ "သောင်း" လား။ ကျွန်မက ဆောင်း ဟု့ထင်ပြီး ဘွားဘွားက သောင်းလို့ ယူဆ[illegible] သည်။

မည်သူ့အထင်က မှန်မည်လဲ မပြောတတ်နိုင်ပါချေ။

"အေး ... အိမ်ထဲထိသရဲလိုက်လာတာကတော့ မကောင်းဘူးဟေ့၊ ငါတို့လည်း ကံနိမ့်လို့ဆုံရတာပဲ၊ ဆရာတော်ဘုရားကြီးပရိတ်



www.burmeseclassic.com

www.burmeseclassic.com



ရေ ရှိပေလို့သာပေါ့၊ မနက်ဖန်တော့ ဘုန်းကြီးကျောင်းရောက်ရင် ပရိတ်ရေ ထပ်တောင်းဖို့ သတိပေးစမ်း နှင်းအေးဖြူ"

"ဟုတ်ကဲ့ ဘွားဘွား၊ ဒြော် ... မနက်ဖန်ဆို ဥပုသ်နေ့ပဲ"

"ညည်းတို့လည်း မနက်ဖန်တော့ ငါးပါးသီလယူပြီး ဥပုသ်လေးဘာလေးစောင့်ကြဦး၊ သိလား"

ကျွန်မ ဤအိမ်ရောက်သည်မှာ ယနေ့ တစ်ပတ်ပင် ပြည့်သွားခဲ့ပေပြီ။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

( ၁၆ )

ယနေ့သည် လပြည့်နေ့ ဥပုသ်နေ့ ဖြစ်ပါသည်။

သည်တစ်ပတ်တော့ ကျွန်မစောစောထကာ မဆိတ်တင်တို့ သားအမိ ချက်ပြုတ်သည်များကို ကူလုပ်ပေးလိုက်သည်။

ဘုန်းကြီးကျောင်းသွားဖို့ ကားရောက်လာပါပြီ။ ကားကို ကိုတက်လူဝင်းမောင်းလာခြင်းဖြစ်၏။ ကိုတက်လူဝင်း လိုက်ပို့မည်ဖြစ်၍ ကျွန်မ ဝမ်းသာသွားလေသည်။

မနက် ၇ နာရီလောက်တွင် မြေ့ဘုရားသို့ ထွက်ခဲ့ကြ၏။

ဘုန်းကြီးကျောင်းရှေ့ရောက်လို့ ကားပေါ်ကအဆင်းတွင် ကိုတက်လူဝင်းက ကျွန်မကို တိုးတိုးကပ်ပြောလိုက်သည်။

"သီလယူပြီးရင် ကျွန်တော်တို့ ပလိပ်ကိုသွားရအောင်ဆောင်း"

"ဘွားဘွားသီလို့ ပြောနေပါဦးမယ်၊ ဖြစ်ပါ့မလား ကိုတက်လူဝင်း"

"ဖြစ်ပါတယ်၊ ဘွားဘွားအလစ်မှာ ထွက်ကြတာပေါ့၊ ကျွန်တော်လည်း သီလဝင်ယူလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သီလယူအပြီးတွင် ဘွားဘွားက အခြားဥပုသ်သည်များနှင့် စကားရေးသွေးနွေးနေသည်။ ကျွန်မက မဆိတ်တင်ကို ဘွားဘွားအနားမှာ နေနေဖို့ပြောခဲ့ကာ ကိုတက်လူဝင်းနှင့်အတူ ပလိပ်သို့ ထွက်လာခဲ့လေ၏။

ပလိပ်က ကိုညာဏ်မိုးနှင့်ခင်မိမိကြိုင်တို့အိမ်ကို ကျွန်မ နောက်တစ်ခါ ထပ်သွားချင်နေခဲ့ပါသည်။ အသစ်ကြားရသော သတင်းများ ကြောင့် သူတို့ကို အကဲခတ်ချင်နေခြင်း ဖြစ်ပါ၏။

"ကိုတက်လူဝင်း၊ ကျွန်မကို ခင်မိမိကြိုင်တို့အိမ်ကို လိုက်ပို့မှာ မဟုတ်လား"

"ပို့ပေးမယ်၊ ကျွန်တော်လည်း အပျိုကြီးနှစ်ယောက် ဗုဒ္ဓဂါယာ ထွက်သွားပလားဆိုတာ စုံစမ်းချင်လို့လာခဲ့တာပဲ ဆောင်း၊ ဒေါ်တင့် ဒေါ်မြင့်တို့အိမ်ကို အရင်ဝင်လိုက်ကြတာပေါ့၊ သူတို့အိမ်က လမ်းထိပ်တင် ဆိုတော့ အရင်ရောက်မှာလေ"

ဒေါ်တင့်တင့်၊ ဒေါ်မြင့်မြင့်တို့အိမ်ရှေ့အရောက်တွင် ကိုတက်လူ ဝင်းက ကျွန်မကို ကားထဲတွင်ပင်ထားခဲ့ပြီး သူတစ်ယောက်တည်း အိမ်ထဲ သို့ဝင်သွား၏။

ခဏနေတော့ ပြန်ထွက်လာသည်။

"အဘွားကြီးတွေ ဗုဒ္ဓဂါယာကို မထွက်ရသေးဘူးတဲ့၊ ဒီဇင်ဘာ လကုန်လောက်မှ သွားဖြစ်မယ်ပြောတယ်၊ ကျွန်တော် ရန်ကုန်သွား မယ်ဆိုတော့ သူတို့က မှာစရာရှိတာတောင် မှာလိုက်သေးတယ် ဆောင်း"

"ဟန်ကျတာပေါ့၊ ကိုတက်လူဝင်းက တကယ်ပဲ ရန်ကုန်သို့ လိုက်မလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အခု ကိုညာဏ်မိုးတို့ဆီကို ကျွန်တော်ပါ လိုက်ခဲ့မယ်လေ၊ သူတို့ အနေအထားကိုစုံစမ်းပြီးမှ ဆုံးဖြတ်တာပေါ့ခေါင်းရယ်"

☼

ယခုတစ်ခေါက်တော့ ကိုညာဏ်မိုးရော ခင်မိမိကြိုင်ကိုပါ အိမ်တွင် အဆင်သင့်တွေ့ရသည်။ အညာမြို့များထုံးစံအတိုင်း ဥပုသ်နေ့ဖြစ်၍ ကိုညာဏ်မိုး အလုပ်နားသည်ထင်ပါသည်။ ဒေါ်ခင်မြိုင်လည်း ရှိနေသည်။

ကျွန်မတို့ဝင်သွားတော့ ဒေါ်ခင်မြိုင်က ကျွန်မကို တအံ့တဩကြည့်ကာ မေးလိုက်သည်။

"ဟင် ... ဆရာမလေး၊ ခုထိ မပြန်ဖြစ်သေးဘူးလား"

"ဟုတ်ကဲ့ ကြီးကြီး၊ မပြန်ဖြစ်သေးပါဘူးရှင်၊ ကျွန်မ စဥ့်ကိုင်က အိမ်တစ်အိမ်မှာ အလုပ်ဝင်နေပါတယ်"

"စဥ့်ကိုင်က ဘယ်အိမ်များပါလိမ့်"

"တက်လှူပွဲရုံပိုင်ရှင် ဒေါ်သန့်ဇင်အိမ်ပါ ကြီးကြီး၊ ဘွားဘွားဒေါ်သန့်ဇင်ကို ပြုစုပေးနေတာပါ"

"ဩော် ... ဒေါ်သန့်ဇင်သိတာပေါ့၊ ဒီသူငယ်က ဒေါ်သန့်ဇင်မြေးမဟုတ်လား"

"ဟုတ်ကဲ့ ကြီးကြီး၊ ကျွန်တော့်ကို သိနေသားပဲ"

"တို့များက စဥ့်ကိုင်ဆက်တွေပဲလေ၊ မြို့ချင်းကလည်း သိပ်မှ မဝေးပဲဟာ၊ မင်းမိဘများကို ရင်းနှီးပါတယ်၊ ကြီးကြီးတို့ခေါင်း မင်းတို့အဘွားခြံဘေးက မြေကြီးကို တလောလေးက ဝယ်လိုက်သေးတယ်"

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီခြံက ရှေးတုန်းကလူသေထားတာ မဟုတ်လားကွယ်၊ သရဲခြောက်တယ်ဆိုပြီး အရောင်းအဝယ်မဖြစ်ခဲ့တဲ့ ခြံလေ၊ အမွေဆက်ခံသူတွေက ကျောက်ဆည်မှာရှိတယ်၊ ကြီးကြီးတို့လည်း ဝယ်ချင်လွန်းလို့ဝယ်လိုက်တာ မဟုတ်ပါဘူး၊ ကျောက်ဆည်ကလူတွေက အမွေခွဲချင်လို့ ဈေးပေါပေါနဲ့ရောင်းတာနဲ့ အားနာပြီး ယူထားလိုက်တာပါ"

"အဟင်း ... အဟင်း ... ဒီလိုပါဗျာ"

ဒေါ်ခင်မြို့စကားကို ပြတ်စေလိုသောသဘောဖြင့် ကိုဉာဏ်မိုးက ချောင်းဟန့်ပြီး ဝင်ပြောလိုက်သည်။

"ကျောက်ဆည်က ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ဒီအိမ်ကိုအမွေရတဲ့အုပ်စုထဲမှာ ပါတယ်လေ၊ သူကတောင်းပန်လို့ ဈေးပေါတာနဲ့ပဲ ကျွန်တော် ယူထားလိုက်တာပါ၊ ခြံက နာမည်ပျက်ရှိတော့နေဖို့ စိတ်ကူးမရှိပါဘူး၊ အဲဒီခြံထဲကို ကျွန်တော်ဖြင့်ရောက်တောင်မရောက်ပါဘူး၊ အဆင်ပြေတဲ့တစ်ချိန်ကျ ပြန်ရောင်းမှာပါ၊ ဪ ... ဒါနဲ့မနှင်းအေးဖြူ မထားထားအေးသတင်းရော စုံစမ်းလို့ရရဲ့လားဟင်၊ သူရန်ကုန် ပြန်ရောက်နေပြီလား"

ကိုဉာဏ်မိုးက အိမ်ကြီးအကြောင်းကို စကားဖြတ်ပစ်လိုက်ကာ ထားအကြောင်းဖက်သို့ စကားလမ်းကြောင်း ပြောင်းလိုက်လေသည်။

"ထား ရန်ကုန်ကို ခုထိပြန်ရောက်မလာပါဘူး ဦးဉာဏ်မိုး၊ ကျွန်မတို့လည်း ဘယ်လိုမှုစဉ်းစားမတတ်အောင် ဖြစ်နေပါတယ်၊ ဒါနဲ့ရှင် ဒီမှာနေတုန်းက ထားမှာ သံယောဇဉ်တွယ်စရာ ချစ်သူရည်းစားများရှိခဲ့သေးလား၊ ဦးဉာဏ်မိုးတို့များ သတိပြုမိမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကိုညာဏ်မိုးကို သတိထားကြည့်ရင်း မေးလိုက်ခြင်း ဖြစ်ရာ ကျွန်မ မေးခွန်းကြောင့် ကိုညာဏ်မိုး မျက်နှာပျက်သွားသည်ကို သတိပြုမိလိုက်လေသည်။

"မရှိ . . . မရှိလောက်ပါဘူး။ ကျွန်တော်လည်း မိမိနဲ့ အိမ် ထောင်ကျမှ ဒီအိမ်ကို ရောက်တာလေ၊ အရင်ကတော့ အလုပ်ထဲမှာ အချိန်ကုန်နေတော့ မထားထားအေးကို သတိမထားမိပါဘူးဗျာ"

"ဆရာမလေးမှာ ချစ်သူရည်းစား မရှိနိုင်ပါဘူးကွယ်၊ သူ့မှာ ကြီးကြီးအစ်ကိုလူနာကြီးကို အချိန်ပြည့်ပြုစုနေရတာကိုး။ ဘယ်မှလည်း ထွက်ဖြစ်တာ မဟုတ်ပါဘူး"

ဒေါ်ခင်မြိုင်က ဝင်ပြောလိုက်သည်။

"ဟဲ့ . . . ဆရာမလေးက ရထားပေါ်က ကျသေသွားပါပြီဆို ဒါပြောပါကော"

တစ်ချိန်လုံး ငြိမ်ထိုင်နေသည့်ခင်မိမိကြိုင်က ဝင်ပြောလိုက် ခြင်းဖြစ်သည်။

"မိမိ ဝင်မပါစမ်းနဲ့"

"အို . . . ကိုကိုကလည်း။ ဟိုဆရာမလေးကို ဒီဆရာမလေး လိုက်ရှာနေလို့ ပြောတာပါ၊ ရှာလို့လည်း တွေ့မှာမဟုတ်ဘူး။ ဆရာမလေး ထား သေပြီ"

"လာ . . . လာ . . . မိမိ၊ မင်းနဲ့တော့ ခက်ပါတယ်ကွာ ကျွန်တော် တောင်းပန်ပါတယ်နော်၊ ခွင့်ပြုပါဦး"

ကိုညာဏ်မိုးက စိတ်နောက်နေသောသူ့မိန်းမကိုတွဲခေါ်ပြီး အိမ် အတွင်းထဲသို့ ဝင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှင့်ဒေါ်ခင်မြိုင် စကားအနည်းငယ် ပြောဆိုပြီးနောက် နှုတ်ဆက်၍ ပြန်လာခဲ့လေ၏။

☼

"ကျွန်တော်တော့ ရန်ကုန်ကိုလိုက်သွားဖို့ ဆုံးဖြတ်လိုက်ပြီ ဆောင်း။ ဒီနေ့ညပဲ လိုက်သွားတော့မယ်"

"ကိုညဏ်မိုးအမူအရာတွေကို ကျွန်မ အကဲမရဘူး။ ခင်မိမိကြိုင်ကိုလည်း သံသယဝင်မိတယ်၊ သူက ထားသေပြီဆိုတာကို ကံသေကံမဘာလို့ပြောနိုင်နေရတာလဲ"

"ဟုတ်တယ် ဆောင်း။ ပြီးတော့ ဘွားဘွားတို့ခြေရင်းခြံကြီးကို သူတို့ဝယ်ထားတယ်ဆိုတာ ခုမှသိရတယ်၊ ဘာပဲဖြစ်ဖြစ် ကိုညဏ်မိုးသာ ဒီကိစ္စမှာ အဓိကတရားခံဖြစ်ခဲ့ရင် သူ ဆောင်းကို ခုကွေပေးလာမှာ စိုးမိတယ်၊ ဆောင်းမေးလိုက်တဲ့ မေးခွန်းတွေအရ သူနဲ့မထားထားအေး အကြောင်းကို ကျွန်တော်တို့ သိထားတယ်ဆိုတာ ရိပ်မိသွားလောက်တယ်"

"ဟိုဘက်ခြံကြီးကို ကျွန်မ သံသယဝင်ခဲ့တာ ပိုပြီးခိုင်မြဲသွားပြီပေါ့၊ ထားအလောင်းဟာ တကယ်ပဲ ဟိုဘက်ခြံထဲမှာ ရှိနေပြီလား မသိဘူးနော်"

"ကျွန်တော် အခုညပဲ ရန်ကုန်ကိုရထားနဲ့ လိုက်သွားမယ်လေ၊ အခုပဲ မန္တလေးတစ်ခါတည်းသွားပြီး ရထားလက်မှတ်ဝယ်လိုက်မယ် ဆောင်း"

"ဟင် ... ကျွန်မတို့ကြာနေလို့ ဘွားဘွားက ပြောနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးနဲ့ဒီကို ကားနဲ့သွားတာ အသွားအပြန်တစ်နာရီ ကြာပါတယ် ဆောင်း။ စိတ်မပူပါနဲ့"

ဘူတာကြီးတွင် ကိုတက်လူဝင်းမိတ်ဆွေအရာရှိ ဆောင်ရွက်ပေးမှုဖြင့် ယနေ့ညအတွက် ရထားလက်မှတ်တစ်စောင် ရခဲ့ပါသည်။

"အိပ်ခန်းတွဲက ယူခဲ့တယ်ဆောင်း။ ရထားကလည်း မထားထားအအေးစီးသွားတဲ့ ညကိုးနာရီလေးဆယ့်ငါး အထွေးအမြန်ရထား။ ဒီရထားနဲ့လိုက်တာ တခြားကြောင့် မဟုတ်ဘူး။ မထားထားအအေးတွေကြုံရမယ့် အတွေ့အကြုံတွေကို လက်တွေ့လေ့လာချင်လို့ပါ"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၇ )

ဥပုသ်နေ့ညမှာပင် ကိုတက်လူဝင်း ရထားဖြင့် ရန်ကုန်သို့ ထွက်ခွာသွားပါသည်။

ညပိုင်း ၁၁ နာရီထိုးတွင် ကိုတက်လူဝင်းပါသွားသော အထူးအမြန်ရထားကြီးက ကျွန်မတို့အိမ်နောက်ဖေးသံလမ်းပေါ်မှ ဖြတ်သန်းသွားလေသည်။

ကျွန်မသည် ရထားကြီးကိုကြည့်ရင်း ကိုတက်လူဝင်းသွားရောက်စုံစမ်းသောကိစ္စ အောင်မြင်ပါစေဟု ဆုတောင်းမိပေသည်။

☼

ထိုနေ့က ဘွားဘွားဆန္ဒအရ ကျွန်မ ဥပုသ်စောင့်လိုက်ပါသည်။ ဥပုသ်ရသောကြောင့် ဘွားဘွားရော ကျွန်မပါ စောစောအိပ်လိုက်ကြသည်။

ထိုညက ထားကို အိပ်မက်မက်ပြန်ပါသည်။ ယခင်အိပ်မက်များအတိုင်းပင် ထားသည် တစ်ဘက်ခြံစည်းရိုးအစပ်မှနေ၍ ကျွန်မနှင့်ညီတို့ လှမ်းခေါ်နေသည်ဟု မြင်မက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း ... ဆောင်း ..."

ထားဓါခေါ်သံ၊ ခြိစည်းရိုးဘေးတွင် ရပ်နေသောထား၏ ရုပ်သွင်ကို အိပ်မက်ထဲတွင်မြင်ရပြီး ကျွန်မအိပ်မက်မှ လန့်နိုးလာခဲ့သည်။

စောစောအိပ်ခဲ့၍ အတော်အတန် အိပ်ရေးဝနေပါသည်။ လန့်လန့်ဆန်းဆန်းပင် အိပ်ရာမှနိုးလာခဲ့၏။

ပတ်ဝန်းကျင်တစ်ခုလုံးက ထူးထူးခြားခြားပင် တိတ်ဆိတ်နေလေ၏။ တိတ်ဆိတ်နေသော အမှောင်ထုထဲတွင် အသံတစ်သံကို ကျွန်မကြားနေရသည်။ အသံက ခြေရင်းဘက်ခြံထဲမှ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

"ဒုတ် ဒုတ်" ဟုစည်းချက်ညီစွာ ထွက်ပေါ်လာသောအသံမှာ မည်သည့်အသံဖြစ်ကြောင်း ဝေခွဲရခက်ပါသည်။ ထိုအသံသည် စည်းချက်ညီစွာပင် အတော်ကြာကြာ ထွက်ပေါ်နေလေ၏။

အတန်ကြာသည့်အခါ ထိုအသံကို ကျွန်မက ဝေခွဲတတ်လာသည်။ ထိုအသံသည် မြေကြီးကို ပေါက်တူး(သို့မဟုတ်)ပေါက်ချွန်းဖြင့် ပေါက်ရာမှ ထွက်ပေါ်လာသောအသံပင် ဖြစ်လေသည်။ မည်သူသည် ညကြီးမင်းကြီးအချိန်တွင် မြေကြီးကို တူးဆွနေပါသနည်း။

ကျွန်မက အိပ်ရာမှထလိုက်သည်။ စားပွဲတင်နာရီကို ဓာတ်မီးဖြင့်ထိုးကြည့်လိုက်တော့ မနက်လေးနာရီ ခွဲနေပေပြီ။

ဓာတ်မီးကိုယူကာ အိမ်နောက်ဘက်သို့ ထွက်လာခဲ့လေ၏။ အိမ်အပေါ်ထပ်ပြတင်းပေါက်မှ တစ်ဘက်ခြံဆီသို့ ငေးကြည့်နေမိသည်။ လပြည့်ညဖြစ်၍ တစ်ဖက်ခြံရှုခင်းကို လရောင်အောက်တွင် ရှင်းရှင်းလင်းလင်း မြင်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မှန်ပြတင်းဘောင်၌ရပ်လိုက်ချိန်တွင် မြေကိုတူးဆွသံမှာ ရပ်သွားပါပြီ။ ညသည် ပကတိတိတ်ဆိတ်နေပေ၏။

ကျွန်မက အသံများထွက်ပေါ်လာသော တစ်ဖက်ခြံမှ ဂိုဒေါင်လေးဆီသို့ မျှော်ကြည့်နေမိသည်။

ခဏအကြာတွင် ဂိုဒေါင်လေးဆီမှ ထွက်ပေါ်လာသော လူရိပ်တစ်ခုကို မြင်လိုက်ရသည်။ လူရိပ်မှာ အတော်ပင်အရပ်မြင့်ပြီး ဂိုဒေါင်လေးကို ကျောခိုင်းကာ မြံစည်းရိုးအပျက်ကို ဖြတ်သန်း၍ ရထားသံလမ်းရှိသောကမူပေါ်သို့ တက်သွားလေ၏။ သွားပုံလာပုံအရ ယောကျ်ားတစ်ယောက်ဖြစ်မည်ဟု ခန့်မှန်းရပါသည်။

သံလမ်းကမူပေါ်သို့အရောက်တွင် လရောင်အောက်၌ လူရိပ်ကို ကောင်းစွာမြင်လိုက်ရပါပြီ။

လူရိပ်ကို ပီပီသသမြင်လိုက်ရချိန်၌ ကျွန်မသည် ကြက်သီးမွေးညင်းထကာ ထိတ်လန့်တုန်လှုပ်သွားရပါတော့သည်။

အရပ်မြင့်မားလှသော ထိုလူကြီးတွင် ဦးခေါင်းမပါပါကလား။ ဦးခေါင်းမပါသောလူရိပ်သည် လက်ထဲ၌ လုံးဝန်းသောအရာတစ်ခုကို ကိုင်ထားလေသည်။

သူသည် လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ခန့်ကသေဆုံးခဲ့သော တစ်ဖက်ခြံမှ ဦးအောင်ချင်းတစ္ဆေပင် ဖြစ်ပါတော့သည်။

ခေါင်းပြတ်သရဲကြီးသည် သံလမ်းအတိုင်း ကျွန်မတို့အိမ်ဘက်ဆီသို့ လျှောက်လာလေသည်။ သူသည် ကျွန်မတို့ အိမ်နောက်ဘက်တည့်တည့်၌ အတန်ကြာရပ်နေလေသည်။ သရဲကြီး၏ကိုယ်က ကျွန်မရှိရာဘက်သို့ လှည့်ထားသည်။ အမှောင်ထုထဲတွင်ရပ်နေသော ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပြုတ်သရဲကြီး မြင်နိုင်မည်မဟုတ်ပါ။ သို့သော် သူသည် ကျွန်မ
မြင်နေရသကဲ့သို့ ရှိသည်။ ကျွန်မကို စိုက်ကြည့်နေသည့်သဖွယ် ခံစား
ရသည်။

ခေါင်းပြုတ်သရဲကြီး၏လက်ထဲရှိ လုံးဝန်းသောအရာ
သူ၏ခေါင်းပြုတ်ကြီးပင် ဖြစ်ပေသည်။ ခေါင်းပြုတ်ကြီးဆီမှ နီနီရဲရဲအ
နှစ်ခုက အရောင်တလက်လက် တောက်နေပေသည်။ ထိုအရာနှစ်ခု
ခေါင်းပြုတ်ကြီးမှ မျက်လုံးများပင် ဖြစ်ပေလိမ့်မည်။ ထိုမျက်လုံးများ
ကျွန်မကို စိုက်ကြည့်နေသယောင်ပါတကား။

ကျွန်မသည် ကြောက်ကြောက်ဖြင့် နေရာမရွေ့ရပ်နေ
လေ၏။ ကျွန်မ၏ဒူးများက တဆတ်ဆတ်တုန်နေသည်။ ကျွန်မ လက်
က ပြတင်းပေါက်သံတိုင်များကို ဆုပ်ကိုင်ထားရလေသည်။

ထိုစဉ် ဥဩဆွဲသံနှင့်အတူ ရထားတစ်စီးခုတ်မောင်းလာသံ
ကြားလိုက်ရလေသည်။ ခဏချင်းပင် ရထားခေါင်းတွဲမှ မီးမောင်းကြီး
အလင်းရောင်က ရထားလမ်းပေါ်သို့ တရွေ့ရွေ့ လျှင်မြန်စွာထွက်
လာလေသည်။

ထိုရထားမှာ ရန်ကုန်ဘူတာမှ မနေ့ကညနေခင်းအ
ထွက်လာသော အမြန်ရထားတစ်စီးပင် ဖြစ်ပါသည်။ နေ့စဉ် သည်လို
ဝေလင်းအချိန်တိုင်း ကျွန်မတို့အိမ်နောက်ဖေးမှ ဖြတ်သန်းနေကျ
သည်။ မန္တလေးဘူတာကြီးသို့ နံနက်ခြောက်နာရီတွင် ဆိုက်ရောက်
ရထား ဖြစ်ပါသည်။

ရထား၏မီးရောင်က ခေါင်းပြုတ်သရဲကြီးရပ်နေရာသို့ တဖြ
ဖြည်းနီးကပ်လာပေပြီ၊ ရထားခေါင်းတွဲမှ စူးရှသောမီးရောင်ကြော
ကျွန်မသည် ခေါင်းပြုတ်သရဲကြီးကို ထင်ရှားစွာမြင်လိုက်ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ဦးခေါင်းကြီးမှာ တုံးတိကြီးဖြတ်နေပြီး ပခုံးပြင်အထက် လည်ပင်းငုတ်တိုလေးသာ ရှိနေသည်။ သရဲကြီးက မီးရထားလာရာသို့ ဦးလှည့်လိုက်လေ၏။

မီးရထားက အရှိန်ပြင်းစွာ ခုတ်မောင်းလာလေသည်။ သရဲကြီးက ရထားလမ်းအလယ်ခေါင်တွင် ရပ်နေဆဲ။

သရဲကြီးကို မီးရထားက ဝင်တိုက်မိတော့မည်။

ကျွန်မက ဆက်မကြည့်ရဲဘဲ မျက်လုံးအစုံကို မှိတ်ထားလိုက် [illegible]

မီးရထား "ဝေါ"ခနဲ ဖြတ်သန်းခုတ်မောင်းသွားသံကိုကြားလိုက်ရသည်။

ကျွန်မ မျက်လုံးပြန်ဖွင့်ချိန်အထိ ရှည်လျားသော ရထားကြီးက ဖြတ်သန်းနေဆဲ။ ရထားတွဲများပေါ်မှ မီးရောင်များကို ရိပ်ခနဲ–ရိပ်ခနဲ မြင်လိုက်ရလေသည်။

ရထားတွဲ ဆုံးသွားပါပြီ။

မီးရထားလမ်းတစ်လျှောက် ရှင်းလင်း၍ကျန်ခဲ့သည်။

လရောင်အောက်တွင် ရထားသံလမ်းကြီးက ပကတိရှင်းလင်း တိတ်ဆိတ်လို့။ ခေါင်းပြတ်သရဲကြီးကို မမြင်ရတော့ပါ။ ပျောက်ကွယ်သွားပါပြီ။

ပြတင်းပေါက်သံတိုင်ကို ကိုင်ထားသောလက်များကို ဖြည်ချလိုက်သည်နှင့် ကျွန်မသည် ဒူးများပျော့ခွေကာ ကြမ်းပြင်ပေါ်သို့ ညွတ်ကျသွားပါလေတော့၏။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

( ၁၈ )

နောက်တစ်နေ့ နေ့လယ်ခင်းတွင် ရန်ကုန်ရောက်နေသော ကို တက်လူဝင်းထံမှ ကျွန်မဆီသို့ ဖုန်းဝင်လာလေသည်။ သူ ရန်ကုန်မှ လှမ်းဆက်လိုက်ခြင်း ဖြစ်ပါသည်။

"ဆောင်း၊ မထင်မှတ်တာတွေကတော့ ရှုပ်ယှက်ကို ခတ်နေ တာပဲ ဆောင်းရေ"

"ဒေါ်မြင့်မြင့်တို့ ဒေါ်တင့်တင့်တို့နဲ့ တွေ့ပြီးပြီလား ကိုတက် လူဝင်း"

"တွေ့ပြီးပြီ၊ အခုပဲ သူတို့ဆီက ပြန်လာတာ၊ ကျွန်တော် အခုညနေထွက်တဲ့ကားနဲ့ ပြန်လာခဲ့မယ်၊ အခု ကျွန်တော်က ဆက်နေတာ"

"ခရီးပန်းလိုက်တာ ကိုတက်လူဝင်းရယ်၊ အပျိုကြီးတွေဆီက ဘာတွေ သိခဲ့ရလဲဟင်"

"အံ့ဩစရာပဲ ဆောင်း၊ အပျိုကြီးနှစ်ယောက် ရန်ကုန်သွား တဲ့ရက်နဲ့ မထားထားအေး ရန်ကုန်ပြန်တဲ့ရက်ဟာ တစ်ရက်ထဲ ဖြစ်နေ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"အပျိုကြီးညီအစ်မကို ရန်ကုန်ရောက်ရောက်ချင်းပဲ သူတို့ တည်းခိုတဲ့အိမ်ကို သွားတွေ့လိုက်ပါတယ်"

ရန်ကုန်မှ အပျိုကြီးညီအစ်မတည်းခိုသော သူတို့တူမအိမ်ကို အရောက်တွင် ဒေါ်မြင့်မြင့်နှင့်ဒေါ်တင့်တင့်ကို အဆင်သင့်ပင် တွေ့ရသည်။

"ကျွန်တော်က စဥ့်ကိုင်က ဒေါ်သန့်ဖင်ရဲ့မြေးပါ၊ ဦးလှဝင်း ဒေါ်ညွှန့်ညွှန့်သားပါ အန်တီတို့"

"ဪ ... ဒါ့ကြောင့် မြင်ဖူးတယ်လို့ထင်သား။ ဘာကိစ္စများ ရှိလို့လဲ မောင်ရင်"

"အန်တီတို့ ရန်ကုန်လာတုန်းက အန်တီတို့နဲ့ တစ်တွဲတည်း စီးလာတဲ့ သူနာပြုဆရာမလေး မထားထားအေးအကြောင်းကို မေးချင်လို့ပါ အန်တီ"

"ဟေ ... တို့ရန်ကုန်လာတော့ ထားထားအေးနဲ့အတူတူ မဟုတ်ပါဘူး။ ထားထားအေးဆိုတာ တို့အိမ်နားက ဦးမောင်ကြိုင်ကို ပြုစုပေးခဲ့တဲ့ စပါယ်ရှယ်နာ့စ်ကိုပြောတာ မဟုတ်လား"

"ဟုတ်ပါတယ် အန်တီ"

"သူနဲ့တို့နဲ့ အတူတူရထားစီးလာတာမှ မဟုတ်ပဲကွဲ"

"ဗျာ ... ကျွန်တော်သိထားတာက အန်တီတို့အတွက် ရထား လက်မှတ်ကို ကိုညာဏ်မိုးက ဝယ်ပေးခဲ့တယ်လို့ သိထားလို့ပါ"

"ဟုတ်တယ်၊ ရထားလက်မှတ်ကိုတော့ မောင်ညာဏ်မိုး ဝယ်ပေးတာပဲ၊ ထားထားအေး အပြန်အတွက် ရထားလက်မှတ်ဝယ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးသွားမယ်ဆိုတော့ အန်တီတို့လည်း အန်တီတို့အတွက်ပါ ဝယ်ပေးဖို့ မှာလိုက်တာလေ၊ မောင်ဉာဏ်မိုးက အိပ်ခန်းတွဲလက်မှတ်ကို ဝယ်ပေးခဲ့ပါတယ်"

"အန်တီတို့ အဲဒီရထားကို စီးဖြစ်တယ်ပေါ့"

"စီးဖြစ်တာပေါ့ကွဲ့၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် သိထားတာက အန်တီတို့နှစ်ယောက်ရယ်၊ မထားထားအေးရယ်၊ မခင်မိမိကြိုင်ရယ် အိပ်ခန်းတွဲတစ်တွဲတည်းမှာ အတူစီးသွားတယ်လို့သိရလို့ပါ"

"ကြဲကြဲဖန်ဖန်ကွယ်၊ ခင်မိမိကြိုင်က ဘယ်လိုပါလို့ရမှာလဲ၊ သူက ရှုးနေတာကို၊ သူ့အိမ်က ဘယ်လွှတ်လိမ့်မလဲကွဲ့"

"ဒါဖြင့် ... အန်တီတို့ရထားစီးလာတော့ တွဲထဲမှာ ဘယ်သူတွေပါသေးလဲ အန်တီ"

"မင်္ဂလာဆောင်ပြီးခါစ စုံတွဲတစ်တွဲပါတယ်လေ၊ ကဲသလား မမေးနဲ့ အမလေး ... တို့ဖြင့်မျက်စိရှက်လိုက်တာကွယ်"

အပျိုကြီးများအပြောကြောင့် ကိုတက်လူဝင်း မျက်စိလည်သွားရလေသည်။ သူသိထားသည်များနှင့် တခြားစီဖြစ်နေသည် မဟုတ်ပါလား။

"ဒါဖြင့် ... အန်တီတို့ ရန်ကုန်ကိုရထားစီးလာတာ ဘယ်ရက်က ပါလဲခင်ဗျာ"

"နေပါဦး မောင်ရင်၊ မောင်ရင်က ဒါတွေကိုဘာလို့ လာမေးနေရတာလဲကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ အန်တီတို့ရယ်၊ မထားထားအေးဟာ ရန်ကုန်ကို ရထားစီးပြန်လာပေမယ့် အခုအချိန်အထိ သူ့အိမ်ကို ပြန်ရောက်မလာ ပါဘူး။ လမ်းခရီးမှာစွင် ပျောက်ဆုံးနေပါတယ်၊ အန်တီတို့နဲ့ ရထား တစ်တွဲတည်းစီးပြီး ပြန်သွားတယ်လို့သိရလို့ လာစုံစမ်းတာပါဗျာ"

"အမလေး ... ဘုရားရေ ဘယ်လိုဖြစ်တာလဲ"

"မထားထားအေးအတွက်လက်မှတ်ကို ကိုညာထ်မိုးက ဖြတ် ပေးခဲ့တယ်၊ ကျွန်တော်ဘူတာမှာ စုံစမ်းတော့ အိပ်ခန်းတွဲအတွက် လက် မှတ်လေးစောင်လုံးကို အန်တီတို့နှစ်ယောက်ရယ်၊ မထားထားအေးရယ်၊ ခင်မိမိကြိုင်နာမည်နဲ့ရယ် စာရင်းသွင်းထားတာ တွေ့လို့ပါ"

"ဘုရားရေ မဖြစ်နိုင်ဘူး။ ဆို့လာတော့ တွဲထဲမှာ လေးယောက် အပြည့်ပဲ၊ တို့နှစ်ယောက်ရယ်၊ ဟိုစုံတွဲရယ်ပဲ၊ ထားထားအေးလည်း မပါဘူး၊ ခင်မိမိကြိုင်လည်း မပါဘူး"

"အန်တီတို့ ရန်ကုန်လာတဲ့ရက်ကလေး သိပါရစေခင်ဗျာ"

"တနင်္လာနေ့ပဲဟေ့၊ ရက်စွဲအတိအကျတော့ ... မတင့် ... ညည်း မှတ်မိသလား"

ဒေါ်မြင့်က ဒေါ်တင့်ကို လှည့်မေးလိုက်သည်။

"တန်ဆောင်မုန်းလဆန်း(၁၂)ရက်လေ၊ တို့ကတော့ မြန်မာ လိုပဲ မှတ်တတ်တယ်"

တန်ဆောင်မုန်းလဆန်း(၁၂)ရက်မှာ အင်္ဂလိပ်ရက်အနေဖြင့် မည်သည့်ရက်ဖြစ်သည်ကို ပြက္ခဒိန်တွင် ပြန်ကြည့်ရလေသည်။

ထိုနေ့ကား နိုဝင်ဘာလ(၉)ရက်နေ့ ဖြစ်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထားထားအေး ရန်ကုန်ပြန်သည့်နေ့မှာ နိုဝင်ဘာလ(၁၀)ရက်၊ တနင်္လာနေ့ ဖြစ်ပါသည်။ တစ်ရက်လုံးလုံး လွဲနေခြင်းပင် ဖြစ်ပါ၏။

"အန်တီတို့ ရထားစီးလာတဲ့ရက်က တန်ဆောင်မုန်းလဆန်း (၁၂)ရက် သေချာပါတယ်နော်"

"သေချာပါတော်၊ ၁၂ ရက်နေ့ စီးလာတော့ ဒီကို လဆန်း ၁၃ ရက်မနက် ရောက်တယ်၊ ၁၄ ရက် တစ်ရက်နားပြီးတော့ နောက်တစ်နေ့က လပြည့်နေ့ပဲ၊ တန်ဆောင်မုန်းလပြည့်နေ့မို့လို့ ငါ့တူမက ငါတို့ကို ရွှေတိဂုံဘုရားတောင် လိုက်ပို့လိုက်သေး။ ဟုတ်တယ်မဟုတ်လား သမီးရယ်"

ဒေါ်တင့်က အနီးတွင်ထိုင်နေသော တူမဖြစ်သူကိုမေးလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ အန်တီတို့ ရောက်လာတာ လပြည့်နေ့ မတိုင်ခင်နှစ်ရက်ပါ၊ ရထားစီးလာတာ လဆန်း၁၂ ရက် မှန်ပါတယ်၊ နိုဝင်ဘာ(၉)ရက်နေ့ပါ၊ နိုဝင်ဘာ ၁၀ ရက်နေ့မှာ ကျွန်မကိုယ်တိုင် ဘုတာသွားကြိုပေးတာပါ"

"အဲဒါပဲ ဆောင်း၊ အန်တီမြင့်တို့ အန်တီတင့်တို့နဲ့တွေ့လိုက်မှ ကိုညဏ်မိုးလှည့်စားထားတာတွေ ပေါ်တော့တယ်"

ကျွန်မက ကိုတက်လူဝင်း တယ်လီဖုန်းထဲမှ ပြောသည်များကို နားထောင်ရင်း ရင်ခုန်မြန်လာသည်။

"ကိုညဏ်မိုးက ဘယ်လိုလှည့်စားထားတာလဲဟင်"

"ဆောင်း ခုထိမရိပ်မိသေးဘူးလား"

"ပြောပါဦး ကိုတက်လူဝင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဉာဏ်မိုးမှာ မထားထားအေးအပြန် ရထားတွဲပေါ်လိုက်သွားပြီး တစ်ခုခုလုပ်ဖို့ အကြံအစည် ရှိလိမ့်မယ်၊ အဲဒါကြောင့်သာ မထားထားအေးကို တစ်တွဲတည်းမှာ လမ်းထိပ်ကအပျိုကြီးနှစ်ယောက် ပါတယ်လို့ အယုံသွင်းထားတာပေါ့"

"သူက အပျိုကြီးနှစ်ယောက်အတွက် အတူတူဝယ်ထားတဲ့ လက်မှတ်တွေကို ပြခဲ့သေးတယ်တဲ့"

"ဟုတ်တယ်လေ၊ ဒီလို ...၊ ရထားလက်မှတ်က သုံးရက်ကြိုဝယ်လို့ရတာ မဟုတ်လား။ ကိုဉာဏ်မိုးဟာ ပထမတစ်ခါတန်းစီပြီး အပျိုကြီး ညီအစ်မအတွက် နိုဝင်ဘာ ၉ ရက် ရထားကို အိပ်ခန်းတွဲ လက်မှတ်နှစ်စောင် ဝယ်လိုက်တယ်၊ နောက်တစ်ခါထပ်တန်းစီပြီး မထားထားအေးအတွက် လက်မှတ်ဝယ်တဲ့အခါမှာ အပျိုကြီးနှစ်ယောက်ရဲ့ မှတ်ပုံတင်နဲ့ နိုဝင်ဘာ ၁၀ ရက်အတွက် ရထားတွဲမှာ တစ်ခါထပ်ဝယ်တယ်၊ မထားထားအေးယုံကြည်အောင် တစ်နေ့တည်းအတွက်ဝယ်ထားတဲ့ အပျိုကြီးတွေရဲ့လက်မှတ်ကို ပြခဲ့တာပဲ၊ အပျိုကြီးတွေကိုတော့ (၉)ရက်နေ့ လက်မှတ်ကိုပဲ ပေးလိုက်မယ်လေ၊ လက်မှတ်နှစ်စောင်ဖိုးရင်းပြီး မထားထားအေးကို လှည့်စားခဲ့တာပေါ့၊ ကျွန်တော်တော့ အဲဒီလိုပဲ တွေးလို့ရတယ်"

"အင်း ...ဖြစ်နိုင်ပါတယ် ကိုတက်လူဝင်း။ ခင်မိမိကြိုင်ပါနေတာကရော"

"ခင်မိမိကြိုင်မှတ်ပုံတင်ကိုယူသွားပြီး အိပ်ခန်းတွဲတစ်တွဲလုံး ရအောင် ဝယ်ခဲ့တာပဲပေါ့၊ အိပ်ခန်းတွဲမှာက အိပ်စင်လေးစင်ပါတော့ကို။ တစ်တွဲလုံးကို အပိုင်စီးထားလို့ရအောင် ကြံထားတာပဲ၊ ရထားတွဲထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ခင်မိမိကြိုင် တကယ်လိုက်,မလိုက်တော့ မသိနိုင်သေးဘူး၊ ခင်မိမိကြိုင်ကို မထားထားအေးနဲ့ရန်တိုက်ပေးပြီး တစ်ခုခုကြံစည်နိုင်းတာဖြစ်နိုင်သလို သူကိုယ်တိုင် ရထားပေါ်လိုက်သွားတာလဲ ဖြစ်နိုင်တယ်လေ"

"ကိုညာဏ်မိုး အကြံက တော်တော်အကွက်စေ့တာပဲနော်"

"အန်တီမြင့်တို့နဲ့သာ မတွေ့ရရင် ဒါတွေကို မသိနိုင်ဘူးဆောင်း"

"ဟုတ်တာပေါ့၊ ဒါနဲ့ ၁၀ ရက်နေ့ရထားက ထားတို့စီးသွားတဲ့တွဲမှာ လူတစ်ယောက်မှ မပါဘူးဆိုတာကော"

"ဒါလည်း ကျွန်တော်တွေးလို့ရပါပြီ၊ ကိုညာဏ်မိုးအိမ်က ဒရိုင်ဘာက မထားထားအေးကို ရထားပေါ်အထိတင်ပေးပြီး ရထားမထွက်ခင်ပြန်လာတယ်လို့ ပြောလိုက်တယ် မဟုတ်လား။ အဲဒါဟာ အမှန်ဖြစ်နိုင်တယ် ဆောင်း။ ရထားပေါ်မှာလူမပါတာက လက်မှတ်စစ်တွေဖက်က အမြင်လေ၊ မနေ့က ကျွန်တော်ကိုယ်တိုင် အဲဒီရထားကို စီးလာတော့ လက်မှတ်စစ်တွေဟာ ကျောက်ဆည်ဘူတာကျော်မှ အိပ်ခန်းတွဲကို လက်မှတ်စစ်ဖို့ ရောက်လာတယ်"

"ရှင် ..."

"နေ့စဉ် အဲဒီအချိန်ဇယားအတိုင်း လုပ်ဆောင်နေတာဖြစ်မှာပဲ ဆောင်း စဉ်းစားကြည့်၊ အိပ်ခန်းတွဲထဲမှာ မထားထားအေးလိုက်လာခဲ့ရင်မှာ ကျောက်ဆည်ဘူတာမရောက်ခင်စပ်ကြား ... မထားထားအေးကို တစ်ခုခုကြံစည်လိုက်တယ် ထားပါတော့၊ သတ်ပစ်လိုက်တယ်ပဲ ထားပါတော့၊ လမ်းမှာ ရထားပေါ်က တွန်းချပစ်ခဲ့မယ်၊ လူသတ်သမားက



www.burmeseclassic.com

www.burmeseclassic.com



လည်း ခုန်ဆင်းသွားမယ်ဆိုရင် လက်မှတ်စစ်တွေ ရောက်လာတဲ့အခါ တွဲထဲမှာ လူမတွေ့နိုင်တော့ဘူးပေါ့"

"ဘုရားရေ ... ဒါဖြင့် ..."

"ကျောက်ဆည်မရောက်ခင် ကြားမှာ လူသတ်သမား ဆင်းမယ်ဆိုရင် ဆင်းလို့ရနိုင်တဲ့နေရာတွေရှိနေတယ် ဆောင်း၊ ဘူးဘွားအိမ်နဲ့ မလှမ်းမကမ်းမှာပဲ ဇလီဖားတုံးတွေအသစ်ခင်းနေလို့ ရထားကို အရှိန်လျှော့ပြီးမောင်းရတယ်လေ၊ ရထားအရှိန်လျှော့တုန်းမှာ အလွယ်တကူ ခုန်ဆင်းသွားလို့ ရနိုင်တယ်လေ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မ လာတုံးကလည်း ရထားလမ်း ပြုပြင်နေတဲ့နေရာတွေမှာ ရထားအရှိန်လျှော့တာ ကြုံခဲ့ဖူးတယ်၊ ကိုတက်လူဝင်းရယ်၊ ဒီလိုဆိုရင် ထားကာကြမ္မာက မတွေးရဲစရာပါလားရှင်"

"မထားထားအေးကို အသက်နဲ့ပြန်တွေ့ဖို့တော့ မမျှော်လင့်ပါနဲ့တော့ ဆောင်းရယ်"

"လူသတ်သမားက ဘယ်သူဖြစ်နိုင်လဲဟင်"

"ကိုဉာဏ်မိုးကိုယ်တိုင်လည်း ဖြစ်ရင်ဖြစ်မယ်၊ ရှူးနေတဲ့ ခင်မိမိကြိုင်ကို မြှောက်ပေးပြီးခိုင်းတာလည်း ဖြစ်နိုင်တယ်၊ နောက်ဆုံး အခကြေးငွေပေးပြီး လူသတ်သမားငှားသတ်ခိုင်းရင်လည်း ဖြစ်နိုင်တာပဲလေ"

ကျွန်မရင်ထဲတွင် တင်းကျပ်လာပြီး ငိုရှိုက်မိပါလေပြီ။

"ဆောင်း ... ဆောင်း"

"- - - - - - -"

"ဆောင်း ငိုနေသလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ... ကျွန်မ ... ထားအတွက် ဝမ်းနည်းလွန်းလို့ပါ ကိုတက်လူဝင်းရယ်"

"မငိုပါနဲ့ ဆောင်းရယ်၊ မထားထားအေးအသက်ကို မကယ်တင်နိုင်ပေမယ့် ... ဒါတွေဟာ ကိုညဏ်မိုးပယောဂဆိုတာ ထင်ရှားနေပြီပဲ၊ ကျွန်တော်တို့မှာ သက်သေတွေရှိနေပြီ၊ အနံတီတင့်တို့လည်း ရှိတယ်၊ မီးရထားဌာနက လက်မှတ်ရောင်းတဲ့ ထိုင်ခုံဇယားတွေမှာလည်း ပေါ်လွင်နေတာပဲ၊ ဒါတွေကိုဖော်ထုတ်လိုက်ရင် ကိုညဏ်မိုးလုပ်ရပ်တွေ ပေါ်လာမှာပါ၊ ကျွန်တော် ပြန်ရောက်တာနဲ့ ဒီအချက်တွေ ရဲစခန်းကို တင်ပြပြီး မထားထားအေးအတွက် လူပျောက်မှုတိုင်ချက်ဖွင့်တာပေါ့ ဆောင်းရယ်၊ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး၊ အဖြစ်မှန်ပေါ်ရမှာပါ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ကျွန်မရဲ့သူငယ်ချင်းကတော့"

"ဆောင်း ... မငိုပါနဲ့တော့ဗျာ၊ ဒါနဲ့ ... အဲဒီဘက်မှာရော ဘာထူးသေးလဲ"

ကျွန်မက ညကကြုံရသော ခေါင်းပြတ်သရဲအကြောင်းကို ပြောပြလိုက်သည်။

"ကိုယ်ပြန်လာနေပါပြီ ဆောင်း၊ အစစအရာရာ ဆောင်းရှေ့မှာ ကိုယ်ရှိပါတယ် ဆောင်းရယ်၊ ကိုယ် ညနေလေးနာရီထွက်မယ့် ကားလက်မှတ် ဝယ်ထားတယ်၊ ရန်ကုန်က လေးနာရီထွက်ရင် စဥ့်ကိုင်ကို မနက်လေးနာရီမှာ ရောက်တယ် ဆောင်း၊ ကိုယ်ပြန်လာပြီ၊ ဘာမှ စိတ်မပူနဲ့တော့နော်"

ကိုတက်လူဝင်းက နှုတ်ဆက်ပြီး ဖုန်းချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ထားကိစ္စမှာ ကိုတက်လူဝင်း အပင်ပန်းခံကူညီပေးသည့်အတွက် ကျေးဇူးတင်မိပါသည်။ သို့သော် ... ကျွန်မ သူငယ်ချင်း ထားကတော့ ရေတိမ်နစ်ခဲ့သည်မှာ သေချာနေပါပြီ။

ထားရယ် ... မင်း ဘယ်လိုဒုက္ခတွေနဲ့ တွေ့ခဲ့ရသလဲ။ မင်းကို သတ်ခဲ့တဲ့ လူသတ်သမားကို အပြစ်ရတဲ့အထိ ကိုယ်ဖော်ထုတ်ပါ့မယ် သူငယ်ချင်းရယ် ...

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၉ )

နောက်တစ်နေ့တွင်လည်း ကျွန်မသည် ဝေလီဝေလင်း အချိန်ကြီးတွင် အိပ်ရာမှလန့်နိုးခဲ့ပါသည်။ အိပ်မက်ထဲတွင် ထားက ကျွန်မကို အကူအညီ တောင်းနေခဲ့သည်။

"ဆောင်း ... ထားကိုကယ်ပါ ဆောင်း။ ထားကို လာကယ်လှည့်ပါ"

အိပ်မက်ထဲတွင် ထားက သူ့ကိုကယ်ဖို့ တစာစာပြောနေသည်။ ထားအသွင်မှာ သနားစရာကောင်းလှပေသည်။ ကျွန်မသည် အိပ်ရာမှ လန့်နိုးသည်အထိ အိပ်မက်ထဲမှထား၏ သနားစရာအသွင်ကို မြင်ယောင်နေမိပါသည်။

ထိုစဉ် ... ကျွန်မနားထဲ၌ မနေ့ကကြားခဲ့ရသော မြေကိုတူးဆွသည့်အသံကို ကြားလိုက်ရပြန်လေသည်။ ကျွန်မက နာရီကို ကြည့်လိုက်သည်။ လေးနာရီခွဲ။ မနေ့ကအချိန်အတိုင်းပင် ဖြစ်ပါသည်။

ကျွန်မသည် ခေါင်းပြတ်သရဲကြီးကိုမြင်ရမှာစိုးထိတ်မိသော်လည်း အိပ်မက်ထဲမှထား၏ အကူအညီတောင်းခံသံကြောင့် အိပ်ရာမှ ထကာ နောက်ဖေးပြတင်းပေါက်သို့ သွားမိပြန်လေသည်။

မြေတူးဆွသံက တစ်ဘက်ခြံဆီမှ ထွက်ပေါ်နေဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်တစ်ရက်နေ့ဖြစ်၍ လရောင်က ပြည့်ဝစွာသာ
နေဆဲ ဖြစ်ပါသည်။

ကျွန်မက မှန်ပြတင်းပေါက်တွင်ရပ်ကာ တစ်ဘက်ခြံဆီသို့ ကြည့်
လိုက်သည်။

ထိုအခါ ခြံစည်းရိုးအစပ်တွင် မတ်တပ်ရပ်၍ ကျွန်မရှိရာ
ပြတင်းဆီသို့ မော်ကြည့်နေသော မိန်းမတစ်ယောက်၏ပုံရိပ်ကို တွေ့မြင်
လိုက်ရလေသည်။ မိန်းမပုံရိပ်ကို လရောင်ကြောင့်မြင်နေရသလို နှင်းထု
ကြောင့်လည်း မသဲမကွဲ ဖြစ်နေပါသည်။

ကျွန်မ ကြည့်နေစဉ်တွင် မိန်းမပုံရိပ်မှာ နှင်းများသဖွယ် တစ်စ
စွဲကာ ကွယ်ပျောက်သွားလေသည်။

မိန်းမပုံရိပ်ဟာ ဘယ်သူလဲ၊ တစ်ချိန်က လင်ယောက်ျား သတ်
၍ အစိမ်းသေ သေဆုံးခဲ့သော မသောင်းလား။ သို့မဟုတ် ကျွန်မ
စိတ်ထင်ယောင်ချင်းထားပင်လား။

ကျွန်မသည် သိချင်စိတ်ကို မမျိုသိပ်နိုင်တော့ပေ။

ကျွန်မက ပြတင်းပေါက်မှ ခွာခဲ့သည်။ တစ်ဘက်ခြံကို အနီး
ကပ်လေ့လာကြည့်ဖို့ ဆုံးဖြတ်လိုက်ပါသည်။ အိပ်မက်ထဲမှာ အကူအညီ
တောင်းခဲ့သော ထားသွင်ပြင်က ကျွန်မအား ကြောက်ရွံ့စိတ်များကို
လျော့စေခဲ့ပါသည်။

မြေတူးသည့်အသံကို ကြားနေရဆဲ။

ကျွန်မက ကျွန်မကြိုတင်ရယူထားသော နောက်ဖေးတံခါးပေါက်
ချိတ်သည့် သော့ချောင်းလေးအား အခန်းထဲသို့ဝင်ယူလိုက်သည်။

မြေကို တူးဆွသည့်အသံကတော့ ထွက်ပေါ်နေဆဲသာ။

ကျွန်မက ဘွားဘွားအခန်းထဲကို လိုက်ကာကိုလှပ်၍ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘွားဘွားက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပါသည်။

ကျွန်မသည် ခြေကိုဖော့နင်းကာ အိမ်အောက်ထပ်သို့ဆ

ခဲ့သည်။ တံခါးမကြီးကို အသံမမြည်အောင် ဖွင့်သည်။ ထို့နောက် 

နောက်ဖေးဘက်သို့ လျှောက်လာခဲ့ပါသည်။

နောက်ဘက်ခြံစည်းရိုးဆီသို့ လျှောက်သွားကာ တံခါးပေါက်

သော့ဖြင့် ဖွင့်လိုက်သည်။ တံခါးကိုလှပ်ကာ အပြင်သို့ထွက်လိုက်

ထိုအချိန်၌ တစ်ဖက်ခြံမှ မြေကိုတူးဆွနေသည့် အသံ

မကြားရတော့ပါ။

ကျွန်မသည် မီးရထားသံလမ်းရှိသည့် ကမူပေါ်သို့ တ

လေသည်။

မြေတူးသံမကြားရတော့သည့်အတွက် ပတ်ဝန်းကျင်တစ်

တိတ်ဆိတ်နေလေသည်။

ကျွန်မက သံလမ်းအတိုင်းလျှောက်ကာ ခြေရင်းဘက်ခြံ

နောက်ဘက်တည့်တည့်ဆီသို့ လာခဲ့လေ၏။ ခြံထဲမှဂိုဒေါင်လေးဆီ 

မျှော်ကြည့်လိုက်သည်။ ဂိုဒေါင်လေးအနီးတွင် အရိပ်များထိုးက

သောကြောင့် မှောင်မဲနေပါသည်။

ကျွန်မက ရှင်းလင်းစွာမြင်ရစေရန် ဂိုဒေါင်ပတ်ဝန်းကျ

မာတ်မီးနှင့် ထိုးကြည့်လိုက်သည်။

ကျွန်မ ကြည့်နေစဉ်တွင် ဂိုဒေါင်ဘေးမှ လှုပ်ရှားမှုတစ်

ရိပ်ခနဲ မြင်လိုက်ရလေသည်။

လူတစ်ယောက်။ လူတစ်ယောက်က ဂိုဒေါင်၏အမှောင်

ထွက်လာလေသည်။ သူဘယ်သူလဲ၊ မကြာခင်က ကျွန်မ မြင်ခဲ့ရ

မိန်းမပုံရိပ်လေလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကြည့်နေဆဲမှာပင် ကျွန်မတွက်ကိန်းမှားသွားကြောင်း သိလိုက်ရလေပြီ။

ထွက်လာသူမှာ လူတစ်ယောက်မဟုတ်။ အရုပ်မြင့်မြင့်မားမား ကြီးဖြင့် ဦးခေါင်းမပါသော ခေါင်းပြတ်သရဲကြီး ဖြစ်နေပါသည်။ ခေါင်း မပါသော ကိုယ်လုံးကြီးက ပခုံးအထက်မှပြတ်ကာ ငုံးတိကြီးဖြင့် ရထား သံလမ်းကမူပေါ်သို့ ဦးတည်လျှောက်လာနေသည်။ ခေါင်းပြတ်သရဲကြီး ကျွန်မ ရပ်နေသည့်နေရာကို လာနေပါပြီ။

သရဲကြီးက သူ၏ဦးခေါင်းပြတ်ကြီးကို လက်နှစ်ဖက်ဖြင့်ပိုက် ထားသည်။ ဦးခေါင်းပြတ်ကြီးဆီမှ မျက်လုံးနှစ်လုံး၏အရောင်က ညတွင် ရဲရဲတောက်ပနေလေသည်။

ကျွန်မသည် သရဲကြီးကိုကြည့်ရင်း မင်တက်မိကာ ဇောချွေး များ ပျံလာလေသည်။

ခေါင်းပြတ်သရဲကြီးက ကမူပေါ်သို့ တက်လာနေပါပြီ။

ထိုအခါမှ ကျွန်မသည် ပြေးရန်သတိရကာ လာလမ်းအတိုင်း လှည့်ပြေးခဲ့ပါတော့သည်။ ဓာတ်မီးလေးသည် ကျွန်မလက်ထဲမှ လွတ် ကျ ကျန်ခဲ့သည်။

ကျွန်မ ပြေးနေသလို ခေါင်းပြတ်သရဲကြီးကလည်း ကျွန်မ နောက်ကို ပြေးလိုက်လာလေသည်။

ကျွန်မက သံလမ်းဇလီဖားတုံးများကို ကျော်လွှားကာ အလျင် အမြန်ပြေးခဲ့ပါသည်။ တစ်နေရာအရောက်တွင် ဇလီဖားတုံးတစ်တုံးကို ခလုတ်တိုက်ကာ ကျွန်မ လဲကျသွားလေတော့သည်။

ကျွန်မသည် လဲနေရာမှ နောက်ကို လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပြတ်သရဲကြီးက ဇလီဖားတုံးများကို ကျော်လွှားဖြတ် သန်းကာ ကျွန်ုမဆီသို့ အပြေးလာနေပါပြီ။

ကျွန်ုမသည် အားတင်း၍ ရုန်းထလိုက်သည်။ ဆက်ပြေးခဲ့သည် သရဲကြီးက ကျွန်မကို မီလုပါပြီ။

ထိုစဉ် ရထားဥသြဆွဲသံကို ကြားလိုက်ရလေသည်။ နေ့ည နံနက်ငါးနာရီအချိန်ခန့်မှာ ဖြတ်သန်းနေကျ အမြန်ရထားပင် ဖြစ်ေ သည်။

ရထား၏မီးရောင်က သံလမ်းပေါ်သို့ကျလာပါပြီ။

ကျွန်မက အိမ်ရှိရာဘက်သို့ ဆက်ပြေးခဲ့သည်။

ကျွန်မထက် ပို၍လျင်မြန်သောသရဲကြီးသည် ကျွန်မနှင့်နီးနီး လာပြီကို နောက်မှခြေသံများကြောင့် ကျွန်မသိနေပါသည်။

ကျွန်မက ရထားသံလမ်းပေါ်မှ ခုန်ဆင်းလိုက်သည်။ သရ ကြီးနောက်မှာ နီးကပ်လာပြီဖြစ်သလို မီးရထားသည်လည်း ကျွန်မတ နှင့်မဝေးလှသောနေရာသို့ ရောက်နေပါပြီ။

ထိုစဉ် ကျွန်မ၏လည်ကုပ်အား အေးစက်သောလက်ကြီးဖြင့် အကိုင်ခံလိုက်ရသည်။

ကျွန်မက အသံကုန်ဟစ်၍ အော်လိုက်လေသည်။

"ကယ်တော်မူကြပါ"

ခေါင်းပြတ်သရဲကြီးက ကျွန်မကို ပိုင်ပိုင်နိုင်နိုင်ဖမ်းမိသွားပါ ပြီ။

သရဲကြီးသည် ကျွန်မကို မြေပေါ်သို့လဲကျအောင် တွန်းချလိုက် ၏။ ကျွန်မ လဲကျသွားပါသည်။

www.burmeseclassic.com



သရဲကြီးက ကျွန်မကိုဒရွတ်ဆွဲကာ ရထားသံလမ်းပေါ်သို့ တင်လိုက်လေသည်။ ပြီး ... ကျွန်မကို ပက်လက်လှန်ကာ ရထားသံလမ်းပေါ်သို့ ကျွန်မဦးခေါင်းကို တင်လိုက်လေ၏။

ပက်လက်အနေအထားဖြစ်သွား၍ ကျွန်မသည် ခေါင်းပြတ်သရဲကြီးကို ထင်ရှားစွာမြင်လိုက်ရလေပြီ။ ခေါင်းမပါသော ခန္ဓာကိုယ်ကြီးသည် ကျွန်မကိုပခုံးမှဖိကာ သံလမ်းနှင့်ဖိကပ်ဖို့ကြိုးစားနေ၏။

ရထားကလည်း ခုတ်မောင်းလာနေပါပြီ။ သည်ပုံအတိုင်းဆိုလျှင် ကျွန်မသည် ရထားအကြိတ်ခံရပြီး ခေါင်းပြတ်သေဖွယ်ရာသာရှိပါတော့၏။

"ကယ်ကြပါအုံးကြပါ"

ကျွန်မက နောက်တစ်ကြိမ်သံကုန်ဟစ်၍ အော်မိပြန်ပါသည်။ သရဲကြီးလက်မှလည်း ရုန်းကန်နေမိသည်။

သူ့လက်များက ကျွန်မကို ချုပ်ကိုင်ထားသောကြောင့် ... သရဲကြီး၏ ခေါင်းပြတ်ကြီးသည် ရထားသံလမ်းနှစ်ခုကြားတွင် ကျနေသည်။ မြေပေါ်တွင် တစောင်းကျကာ ကျွန်မကို စိုက်ကြည့်နေသကဲ့သို့ ရှိပေ၏။

မီးရထားက အရှိန်ပြင်းစွာဖြင့် ခုတ်မောင်းလာနေပါပြီ။

သရဲကြီးသည် ကျွန်မပခုံးနှစ်ဖက်ကိုရော၊ ဦးခေါင်းကိုပါ ဖိနှိပ်ပြီး ရထားအကြိတ်ခံရအောင် ကြိုးစားလျက်ရှိပေသည်။

ရထားက အလွန်နီးကပ်လာပြီ။ ရထားခေါင်းတွဲမှ ဆလိုက်မီးသည် ကျွန်မမျက်လုံးများကို ပြာဝေသွားစေပါသည်။

ထိုအခိုက်မှာပင် ကျွန်မကိုဖိနှိပ်အုပ်မိုးထားသော သရဲကြီးခန္ဓာကိုယ်သည် နောက်သို့လန်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် သရဲကြီးလက်မှ လွတ်ထွက်သွားလေ၏။

ကျွန်မလက်ကို တစ်စုံတစ်ယောက်က ဆွဲယူလိုက်သည်။

ကျွန်မ မြေပေါ်သို့ကြွလာချိန်နှင့် မီးရထားဖြတ်သန်းသွားချိန်မှာ တစ်ချိန်တည်း ဖြစ်လေသည်။

မီးရထား၏ သံလမ်းကို ဖိကြိတ်ပွတ်တိုက်ရင်း ဖြတ်သန်းသွားသံက ကျွန်မနားထဲတွင် အူသွားလေသည်။ ရထားမှပူလောင်သော အငွေ့အသက်များက ကျွန်မကိုယ်ပေါ်သို့ဟပ်၍သွားခဲ့သည်။

ကျွန်မက ပြာဝေနေသောမျက်လုံးများကိုပွတ်သပ်ကာ အဖြစ်အပျက်ကို ကြည့်လိုက်သည်။

ခေါင်းပြတ်သရဲကြီးသည် သံလမ်းဘေးတွင် လဲကျနေပေပြီး ကျွန်မကို ဆွဲထူလိုက်သူကို ကြည့်လိုက်သည်။

အို ... ကိုတက်လူဝင်းပါလား။

ထိုအခိုက် လဲကျနေသောသရဲကြီးက မြေကြီးပေါ်မှ ကြုံးထလိုက်လေသည်။

"မင်းလားကွ ... ခေါင်းပြတ်သရဲ"

ကိုတက်လူဝင်းက အသံထွက်ကြုံးဝါးကာ သရဲကြီး၏ကိုယ်လုံးကို ခေါင်းမြင့်ဝင်တိုက်လိုက်လေသည်။

သရဲကြီးသည် နောက်တစ်ဖန် မြေပေါ်ပြန်လဲကျသွားပြန်လေ၏။

ထိုစဉ် လူတစ်ယောက်ပြေးလာကာ အားယူကြုံးထနေသော သရဲကြီးကို သံတုတ်ဖြင့် အားပါးတရရိုက်ချလိုက်လေ၏။ ထိုသူကား ဦးကြန်ကြီးပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဲကြီးသည် မြေပေါ်တွင် ပုံရက်လဲကျသွားလေသည်။

ကျွန်မက အချိန်မီရောက်လာသော ကိုတက်လှဝင်းနှင့် ဦးကြန်ကြီးကိုကြည့်ကာ အံ့အားသင့်နေလေ၏။

"ဟင် ... ကို၊ ကိုတက်လှဝင်း၊ ကိုရယ် ... ကို ... ဘယ်လို ရောက်လာတာလဲဟင်"

"ဆောင်းရယ် ... ဆောင်းရှေ့မှာ ကိုယ်မားမားမတ်မတ် ရပ်တည်နေပါတယ်လို့ ပြောခဲ့သားပဲ"

"ဆောင်းမှာ ... ဆောင်းမှာ ... ကိုပေးတဲ့အသက်ပဲ ရှိပါ တော့တယ်ကို၊ ခေါင်းပြတ်သရဲက ဆောင်းကို ရထားအကြိတ်ခံရအောင် လုပ်နေတုန်း ကိုရောက်လာလို့သာပေါ့"

"သရဲမဟုတ်ပါဘူး ဆောင်း၊ သရဲဆိုရင် ခုအချိန်မှာ ကိုယ် ပျောက်သွားပြီပေါ့၊ ဟိုမှာလေ ... ခေါင်းပြတ်သရဲယောင်ဆောင် ထားတဲ့လူက ဦးကြန်ကြီးလက်ချက်နဲ့ မြေပေါ်မှာလဲနေပြီ ကဲ ... ဦးကြန် ကြီး၊ သူဘယ်သူလဲဆိုတာ သိရအောင် သူ့ကိုယ်ပေါ်က အဆောင် အယောင်တွေကို ဖယ်လိုက်စမ်းပါဗျာ"

ဦးကြန်ကြီးက လဲကျနေသူကို ဆွဲထူကာ ဦးခေါင်းအထက် တွင် စွပ်ထားသောအစွပ်ကြီးကို ဆွဲချွတ်လိုက်လေသည်။

"အို ..."

သူသည် ခြင်းကြားကြီးတစ်လုံးကို ဦးခေါင်းအထက်မှ စွပ် ထားခြင်းပါတကား၊ ခြင်းအထက်ကမှ ကြီးမားသောရှည်လျားသော ဂျာကင်အင်္ကျီကို ဝတ်ဆင်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ခေါင်းမပါ သော ခန္ဓာကိုယ်ကြီးအဖြစ် ထင်မြင်နေရခြင်း ဖြစ်ပါသည်။ သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com


ထားခဲ့သော ဦးခေါင်းအတုကား အုန်းသီးတစ်လုံးပေါ်တွင် လူမျက်နှာ တစ်ခုကို မီးသွေးများဖြင့် ရေးခြယ်ထားခြင်းပါတကား။ ဦးခေါင်းပြတ်အဖြစ် ပြုလုပ်ထားသော အုန်းသီးကြီးကား ရထားသံလမ်းနှစ်ခုကြားတွင် ကျ နေလေသည်။

ခြင်းကြားကြီးက သူ့တစ်ကိုယ်လုံးကို ခေါင်းအထက်မှ စွပ် မိုးထားသောကြောင့် သူ့အရပ်ကို နဂိုရှိသည်ထက်ရှည်လျားစွာ မြင်နေ ရခြင်း ဖြစ်ပါတော့၏။ ခြင်းကြား၏အပေါက်များမှ အပြင်သို့မြင်နိုင်ပြီး ကျွန်မကို ဒုက္ခပေးရန် နောက်မှလိုက်လာခြင်းပင် ဖြစ်တော့သည်။

ဦးကြွန်ကြီးက ခြင်းကြားကြီးကို ဆွဲချွတ်လိုက်သည့်အခါ ထိုသူ သည် သူမည်သူမည်ဝါဆိုတာ သိမှာစိုး၍ပြီး ကျွန်မတို့ကို နောက်ကျော နိုင်းလိုက်လေသည်။

"လုပ်မနေပါနဲ့ကိုယ့်လူ၊ မင်းလုပ်ရပ်တွေ ဘူးပေါ်သလိုပေါ် နေပါပြီ၊ မင်းဘယ်သူဆိုတာ ဒီဘက်လှည့်ပြပါဦး။ ကြာတယ်ဗျာ၊ ဦးကြွန် ကြီး ဒီကောင်ဘယ်သူဆိုတာ သိရအောင် သူ့မျက်နှာကို ကျွန်တော် တို့ဘက် လှည့်လိုက်ပါဦး"

ဦးကြွန်ကြီးက ထိုသူကို ပခုံးမှချုပ်ကိုင်ကာ ကျွန်မတို့ ဘက် သို့ လှည့်ပြလိုက်လေသည်။

"ဟင် ... ဦးညဏ်မိုး"

"ထင်သားပဲ၊ ကျုပ်ထင်တဲ့အတိုင်း ကိုညဏ်မိုးပဲကိုး"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၀ )

ကျွန်မတို့သည် ကိုညာဏ်မိုးအား ဖမ်းဆီးချုပ်နှောင်ကာ ရဲစခန်းသို့ ပို့ဆောင်နိုင်ခဲ့ပါသည်။ ရဲစခန်းသို့မပို့မီ ကိုညာဏ်မိုး၏ ဝန်ခံချက်ဖြင့် ခြံပျက်ကြီး၏ နောက်ဖေးဂိုဒေါင်လေးထဲတွင် ထားအလောင်းရှိနေကြောင်း သိလိုက်ရသည်။

ကျွန်မတို့ ဂိုဒေါင်လေးထဲတွင် ဝင်ရှာသည့်အခါ သံပီပါကြီး တစ်လုံးထဲတွင် ဖွဲများဖြင့်ဖြည့်သိပ်ထားသော ထားအလောင်းကို တွေ့လိုက်ရလေ၏။ သေဆုံးသည်မှာ ရက်ပေါင်းနှစ်ဆယ်ကျော် ကြာပြီဖြစ်၍ ထားအလောင်းမှာ မြင်မကောင်းအောင် ပုပ်ပွနေခဲ့ပါပြီ။ အနံ့ဆိုးများလည်း ထွက်လျက်ရှိသည်။

"ထား ... ထားရေ သူငယ်ချင်း"

"ဆောင်း ... မကြည့်ပါနဲ့တော့၊ မကြည့်ပါနဲ့တော့ကွယ်"

ကိုတက်လူဝင်းက ကျွန်မကို ပခုံးမှပွေ့ဖက်ကာ ဂိုဒေါင်အပြင်သို့ ခေါ်ထုတ်ခဲ့လေသည်။

"ထားရယ် ... ဖြစ်ရလေထားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှိုက်ကြီးတငင် ငိုယိုမိရပါလေပြီ။

ကိုဉာဏ်မိုးသည် ထားအလောင်းကို ဂိုဒေါင်လေးထဲတွင် စိတ်ချလက်ချထားခဲ့ပြီးမှ ကျွန်မနှင့်ကိုတက်လူဝင်း နောက်တစ်ကြိမ် လာစုံစမ်းသည့်တွင် ကျွန်မတို့ရိပ်မိသွားပြီကို သိရှိကာ အလောင်းကို မြေမြှုပ်ဖျောက်ဖျက်ရန်အတွက် ဂိုဒေါင်ဘေးတွင် မြေကြီးကို လာတူးခြင်း ဖြစ်ပါသည်။ မနေ့ကနှင့်ဒီနေ့ နှစ်ရက်ဆက်တိုက် မြေကိုတူးခဲ့သည်။ ကျွန်မတို့အိမ်မှမမြင်ရသော ဂိုဒေါင်၏အခြားဘက်တွင် မြေကိုတူးဆွခြင်းဖြစ်၍ ကျွန်မသည် အသံကိုသာကြားရပြီး မမြင်ရခြင်းဖြစ်ပါသည်။

အကယ်၍ ပတ်ဝန်းကျင်ကရိပ်မိလျှင် ခြံပျက်ကြီးဆီသို့ ရောက်မလာစေရန် ရာဇဝင်ရှိပြီးဖြစ်သော ခေါင်းပြတ်သရဲဟန်ဆောင်၍ ခြောက်လှန့်ခဲ့ခြင်း ဖြစ်ပါသည်။

မြေတူးသံကို ကျွန်မကြားရသလို ဦးကြန်ကြီးလည်း ကြားခဲ့သည်။ ကျွန်မအိမ်ထဲက ထွက်သွားပြီးနောက်ပိုင်း ဦးကြန်ကြီး နိုးလာကာ ခေါင်းပြတ်ကြီးနှင့်ကျွန်မတို့ ရန်းရင်းဆန်ခတ်ဖြစ်နေသည်ကိုမြင်ပြီး အချိန်မီ ပြေးလာနိုင်ခြင်း ဖြစ်ပါ၏။

ကိုတက်လူဝင်းသည်လည်း ရန်ကုန်မှအပြန် ညကားစီးလာရာ စဥ့်ကိုင်ကို မနက်လေးနာရီအချိန်တွင် ကားဝင်လာခဲ့သည်။ ကားပေါ်မှ ဆင်းဆင်းချင်း ပလိပ်မြို့ဘက်ဆီမှ ဆိုင်ကယ်တစ်စီး အပြင်းမောင်းကာ ရထားလမ်းဖက်သို့ ချိုးဝင်သွားသည်ကို မြင်လိုက်ရသည်။ မောင်းသွားသူကိုလည်း ကိုဉာဏ်မိုးဖြစ်ကြောင်း သေချာမြင်လိုက်ရသည်။

သို့ဖြင့် ကိုတက်လူဝင်းသည် အိမ်ကိုဝင်၊ မော်တော်ဆိုင်ကယ်ကိုယူကာ နောက်မှလိုက်လာခဲ့ခြင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ကို ရထားလမ်းဘေးတွင် ထားခဲ့ပြီး ရထားသံလမ်းပေါ်ပြေးတက်အလာတွင် … ကျွန်မကို ရထားအကြိတ်ခံရအောင် ကြိုးစားနေသော ကိုညာဏ်မိုးလက်ထဲမှ လက်မတင်လေးကာယ်တင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဦးကြန်ကြီးက အိမ်မှတယ်လီဖုန်းဖြင့်ဆက်၍ အကြောင်းကြားလိုက်သောကြောင့် ရဲများရောက်လာကာ ကိုညာဏ်မိုးကို ဖမ်းဆီးပြီး စခန်းသို့ ခေါ်ဆောင်သွားခဲ့ပါပြီ။ ကျွန်မတို့လည်း သက်သေအဖြစ် ရဲစခန်းသို့ လိုက်ပါခဲ့ရလေ၏။

ကျွန်မမှာ ထားပျောက်ဆုံးမှုနှင့် အသတ်ခံရမှုများအတွက် တရားလိုလုပ်ကာ အမှုဖွင့်တိုင်ကြားရဦးမည် ဖြစ်သည်။

ရဲစခန်းအရောက်တွင် … ကိုညာဏ်မိုး၏ ဖွင့်ဟဝန်ခံချက်များကို ကြားသိရသည်မှာ လျှို့ဝှက်သည်းဖိုဝတ္ထုတစ်ပုဒ်ကို ဖတ်ရှုရသကဲ့သို့ ရှိပေတော့သည်။

မျက်ရည်များနှင့်အတူ ဖွင့်ဟဝန်ခံခဲ့သော …

အချစ်ဇာတ်လမ်းနှင့် သည်းထိတ်ရင်ဖိုဇာတ်လမ်းကို ပေါင်းစပ်ထားသည့် ကိုညာဏ်မိုး၏ ဖြစ်ရပ်များကား …

☼

ကိုညာဏ်မိုးသည် လူသတ်မှုကျူးလွန်ခဲ့သော်လည်း ဆိုးသွမ်းယုတ်မာသော လူရမ်းကားတစ်ဦးတော့ မဟုတ်ခဲ့ပါပေ။

ကိုညာဏ်မိုးသည် ဆင်းရဲမွဲတေခြင်း၏ ခါးသီးမှုဒဏ်ကို ငယ်စဉ်ကပင် ခံစားခဲ့ရပေသည်။ အရွယ်နှင့်မလိုက်အောင် မိသားစုအပေါ်မှာလည်း တာဝန်ယူစောင့်ရှောက်ခဲ့ရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆည်မြို့ဇာတိဖြစ်သော ကိုညာဏ်မိုးသည် ဘဝကို ခက်ခဲပင်ပန်းစွာ ရုန်းကန်ခဲ့ရပေ၏။ မွေးချင်းငါးယောက်ထဲမှာ ကိုညာဏ်မိုးက အကြီးဆုံး။ ဖခင်က မီးရထားဘူတာရုံတွင် ကုန်ထမ်းအလုပ်သမား တစ်ဦးသာ ဖြစ်သည်။ ကိုညာဏ်မိုး ရှစ်တန်းအရောက်တွင် အငယ်ညီ၊ ညီမများကိုငဲ့ကာ ကျောင်းထွက်လိုက်ရသည်။ ပွဲရုံတစ်ရုံတွင် အကူစာရေး အဖြစ် အလုပ်လုပ်ခဲ့ရလေသည်။ ရသောလစာလေးဖြင့် အငယ်များ ပညာရေးအတွက်လည်း ထောက်ပံ့ရသည်။ မိသားစုစားသောက်ရေး အတွက်လည်း ပံ့ပိုးခဲ့ရသည်။

ကိုညာဏ်မိုးသည် ကျောင်းထွက်လိုက်ရသော်လည်း ပညာလို လားသူဖြစ်၍ ညကျောင်းတက်ကာ ရှစ်တန်းပညာကို ဆက်သင်ခဲ့ပါ သည်။ စာတော်သူတစ်ယောက်ဖြစ်၍ ကျောင်းသက်တမ်းတစ်လျှောက် တစ်နှစ်မှမကျဘဲ ဆယ်တန်းကိုလည်း နှစ်ချင်းပေါက် အောင်မြင်ခဲ့လေ သည်။

ကိုညာဏ်မိုး ဆယ်တန်းအောင်သည့်နှစ်တွင် ဖခင်ကြီးမှာ ကွယ်လွန်သွားခဲ့လေသည်။ မိသားစုတာဝန်က ကိုညာဏ်မိုးပခုံးပေါ်မှာ ပိုပြီးပိလာခဲ့ပြန်လေ၏။

သို့သော် ကိုညာဏ်မိုးက ဘဝကိုအခြေမြင့်အောင် အမြဲကြိုး စည် စိတ်ကူးနေသူဖြစ်သည်။ ပညာစာတတ်ဘွဲ့ရမှသာ ယခုအခြေထက် လူရာဝင်မည်မို့ တက္ကသိုလ်ပညာကို အဝေးသင်ဖြင့် ဆက်လက်တက် ရောက်ခဲ့လေသည်။ အလုပ်ကိုလည်း ရိုးရိုးသားသားနှင့် ကြိုးစားကာ လုပ်ကိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုညာဏ်မိုး ပညာလိုလားပုံ၊ ရိုးသားပုံနှင့် မိသားစုအပေါ် ငဲ့ညှာထောက်ထားပုံများကို တွေ့နေရသော ပွဲရုံပိုင်ရှင်သည် ကိုညာဏ်မိုး ၏ဖွံ့နှင့်လုံ့လဝိရိယကို အသိအမှတ် ပြုလာရလေသည်။

သို့ဖြင့် ပွဲရုံပိုင်ရှင်က သူ့ပွဲရုံမှာထက် အခြေအနေကောင်းသော အလုပ်တစ်ခုတွင် အပ်နှံပေးခဲ့လေသည်။

ပလိပ်မြို့မှ ဆန်စက်ပိုင်ဦးမောင်ကြိုင်က လူယုံတစ်ယောက် လိုအပ်နေခဲ့သည်။ ရိုးသားကြိုးစားသော လူငယ်တစ်ယောက် ရှာပေးရန် ပွဲရုံပိုင်ရှင်ကို အကူအညီတောင်းထားခဲ့သည်။ ပွဲရုံပိုင်ရှင်က သူ့ပွဲရုံ အတွက် ကိုညာဏ်မိုးကို မျက်နှာလွှဲနိုင်နေသော်လည်း ကိုညာဏ်မိုးဘဝ တိုးတက်ရေးကိုငဲ့ကာ ပလိပ်မှဦးမောင်ကြိုင်ထံ ပို့ဆောင်အပ်နှံပေးခဲ့ပါ သည်။

သို့ဖြင့် ကိုညာဏ်မိုးသည် ဦးမောင်ကြိုင်၏ဆန်စက်တွင် အလုပ်ဝင်လုပ်ခဲ့သည်။ ကိုညာဏ်မိုးရိုးသားကြိုးစားမှုကြောင့် ဦးမောင် ကြိုင်က မျက်နှာလွှဲနိုင်သောအခြေအနေသို့ ရောက်လာခဲ့သည်။ ထိုအချိန် တွင် ကိုညာဏ်မိုးလည်း ဘွဲ့ရခဲ့လေပြီ။ ဦးမောင်ကြိုင်က ကိုညာဏ်မိုးကို ဆန်စက်မန်နေဂျာအဖြစ် တာဝန်အားလုံးကို မျက်နှာလွှဲပေးနိုင်သည်ထိ ဖြစ်လာခဲ့၏။

ကိုညာဏ်မိုးကလည်း ဦးမောင်ကြိုင်၏ ဦးဆောင်မှုမပါဘဲ သူ ကိုယ်တိုင်ဦးဆောင်ကာ စီးပွားရေးနယ်ပယ်ကို ဖြန့်ကျက်နိုင်ခဲ့ပါသည်။ ကုန်ကြမ်းဖြစ်သော စပါးဝယ်ယူရေးကိစ္စ၊ ကုန်ချောဖြစ်သော ဆန်များ ရောင်းချရေးကိစ္စများတွင် ဦးမောင်ကြိုင်လက်ထက်ကထက် ကျယ်ပြန့် စွာ ဆောင်ရွက်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စဉ့်ကိုင်မြို့မှ နာမည်ပျက်ရှိသည့်ခြံကြီးကို ဈေးပေါ
ပေါဖြင့်ရသည့်အတွက် ဝယ်ထားလိုကြောင်း ကိုညာဏ်မိုးက တင်ပြသည့်
အခါ ဦးမောင်ကြိုင်က ခွင့်ပြုခဲ့သည်။ တကယ်တော့ . . . ထိုခြံကြီးကို
အမွေဆက်ခံခွင့်ရှိသည့် ကွယ်လွန်သူဦးအောင်ချင်း၏ အမျိုးများမှာ
ကျောက်ဆည်၌ ရှိနေပါသေးသည်။ ထိုအထဲမှတစ်ဦးမှာ ကိုညာဏ်မိုး၏
သူငယ်ချင်းဖြစ်သည်။ ကိုညာဏ်မိုးက နာမည်ပျက်ရှိ၍ ဝယ်သူမရှိသော
ခြံကြီးကို ဈေးသက်သက်သာသာဖြင့် တန်ဖိုးဖြတ်ပေးနိုင်ခဲ့သည်။

တစ်ဘက်အမွေဆိုင်တွေလည်း အမွေရ ဦးမောင်ကြိုင်အတွက်
လည်း ခြံတစ်ခြံကို ဈေးပေါပေါဖြင့် ပိုင်ဆိုင်ခွင့်ရလိုက်သည့် အစီအစဉ်
ဖြစ်ပေ၏။

ယင်းသို့ဖြင့် . . . ဦးမောင်ကြိုင်၏ လူယုံဖြစ်လာခဲ့သော ကိုညာဏ်
မိုးသည် . . .

နောက်ပိုင်း ဦးမောင်ကြိုင်ကျန်းမာရေးချို့တဲ့ကာ အိပ်ရာ
ပေါ်လဲချိန်တွင် ဆန်စက်တစ်ခုလုံးနှင့် အိမ်စီးပွားရေးတစ်ခုလုံးကို
ဦးဆောင် လုပ်ပေးခဲ့ရလေတော့သည်။

ဦးမောင်ကြိုင်မှာက သမီးတစ်ဦးတည်းသာထွန်းကားပြီး ထို
သမီး ခင်မိမိကြိုင်မှာလည်း ဦးနှောက်ကျပ်မပြည့်ရှာသည့် မိန်းကလေး
တစ်ဦးဖြစ်နေသည် မဟုတ်ပါလား။ ဦးမောင်ကြိုင်ကလည်း မကျန်းမာ
ဦးမောင်ကြိုင်၏ညီမ ဒေါ်ခင်မြိုင်ကလည်း အိမ်မှုလုပ်ငန်းသာ ကျွမ်းကျင်
ပြီး စီးပွားရေးလုပ်ငန်းတစ်ခုကို ဦးမဆောင်နိုင်ရှာ၍ ကိုညာဏ်မိုးသည်သာ
ထိုအိမ်တွင် အရေးပါအရာရောက်သော လူတစ်ယောက်ဖြစ်မှန်းမသိ
ဖြစ်လာရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဘဝတိုးတက်ရေးအတွက်သာ ကြိုးစားရုန်းကန်ခဲ့ရသော ကိုညဏ်မိုး၏ဘဝတွင် အချစ်ရေးနှလုံးသားအရေးကို မစဉ်းစားနိုင်ခဲ့ပါ။ သူ့မှာ မိခင်မုဆိုးမကြီးနှင့် ညီ၊ ညီမလေးငယောက် ဘဝပြည့်စုံရေးအတွက် ကြိုးစားရုန်းကန်နေရဆဲ ဖြစ်သည်။ ညီ၊ ညီမများကို ပညာတတ်ဖြစ်စေချင်၍ သူ့တုန်းကလို ကျောင်းထွက်ရသည့်အဖြစ်မျိုးအဖြစ်မခံဘဲ ကျောင်းပညာကို ဆက်လက်သင်စေခဲ့သည်။ ညီ၊ ညီမများပညာရေးအတွက် ကိုညဏ်မိုးကသာ ထောက်ပံ့ကူညီခဲ့ပါသည်။

မိသားစုဘဝ တိုးတက်ရေးအတွက် လုံးပန်းနေခဲ့ရ၍ အချစ်ရေးကို မေ့လျော့နေသောကိုညဏ်မိုးဘဝထဲသို့ သူ့နှလုံးသားကို လှုပ်ခတ်စေသည်အထိ စွဲမက်ဖွယ်ကောင်းသော သူနာပြုဆရာမလေး ထားထားအေး မမျှော်လင့်ဘဲ ရောက်ရှိလာလေသည်။

ဦးမောင်ကြိုင်၏ ကျန်းမာရေးအတွက် သူနာပြုဆရာမ တစ်ယောက်အလိုရှိကြောင်း သတင်းစာမှကြော်ငြာ၍ လျှောက်လွှာခေါ်ယူခဲ့ရာ ရန်ကုန်မှ မထားထားအေးကို ခန့်အပ်ဖြစ်ခဲ့လေသည်။

ထားထားအေးကား သွက်လက်ချက်ချာပြီး လူနာကိုပြုစုစောင့်ရှောက်ရာတွင် အတွေ့အကြုံရှိသူ ဖြစ်သည်။ တာဝန်ကျေမှုသာ မဟုတ်ဘဲ လူနာကို ကရုဏာထား၍ပြုစုစောင့်ရှောက်တတ်သူလည်း ဖြစ်လေသည်။

ကိုညဏ်မိုးနှလုံးသားများသည် ထားထားအေးကို တွေ့စကပင် လှုပ်ရှားခဲ့ရပေ၏။ ဦးမောင်ကြိုင်ကျန်းမာရေးအတွက် မန္တလေးဆေးတိုက်ကြီးသို့ တစ်ပတ်တစ်ခါ သွားရောက်ပြသခြင်း၊ လိုအပ်သောဆေးများ ဝယ်ယူခြင်းများကို ကိုညဏ်မိုးကပင် ကားဖြင့်လိုက်ပါပို့ဆောင်ပေးရမြဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထားထားအေးရောက်လာမှ ကိုညဏ်မိုးသည် ဦးမောင်ကြိုင် နေအိမ်သို့ အလာစိပ်လာခဲ့သည်။ ကိုညဏ်မိုးက ပလိပ်မြို့အစွန်မှ ဦးမောင်ကြိုင်၏ ဆန်စက်ထဲမှာပင် နေထိုင်ရလေသည်။ ယခင်ကတော့ ကိစ္စအထူးအထွေရှိမှသာ ဦးလေးကိုတင်ပြရန် အိမ်သို့ခဏတဖြုတ် ရောက်လာတတ်၏။ ထားထားအေး ရောက်လာပြီးနောက်ပိုင်းတွင် တော့ ... ဦးလေးကျန်းမာရေးကိစ္စမေးမြန်းရန်ဟု အကြောင်းပြကာ ဦးမောင်ကြိုင်အိမ်သို့ မကြာမကြာရောက်ဖြစ်လေတော့သည်။

ထားထားအေးရောက်လာပြီး ခုနစ်လခန့်အကြာတွင်တော့ ကိုညဏ်မိုးက ထားထားအေးကို ချစ်ရေးဆိုဖြစ်ခဲ့ပါလေပြီ။

ထားကလည်း ကိုညဏ်မိုး၏လုပ်ရည်ကိုင်ရည်နှင့် အပြောအဆို ရည်မွန်ချက်ချာပုံ၊ ယောကျ်ားပီသသော ဟန်ပန်များကိုနှစ်သက်ကာ ကိုညဏ်မိုးအချစ်ကို တုံ့ပြန်ခဲ့လေ၏။

ချစ်သူနှစ်ဦးသည် မကြာခင်အချိန်တွင် ဘဝဖော်အဖြစ် လက် တွဲကြရန် ကတိကဝတ်များဖြင့် ပျော်ရွှင်ကြည်နူးခဲ့ကြပေ၏။

ကိုညဏ်မိုး မိသားစုတွင်လည်း ညီ၊ ညီမများက ဘွဲ့ရသူရ၊ ဆယ်တန်းအောင်သူအောင်၊ အလုပ်အကိုင်ရသူရနှင့် ဖြစ်နေကြပြီဖြစ်ရာ ကိုညဏ်မိုးအတွက် တာဝန်ပေါ့ပါးနေပေပြီ။ ဆန်စက်မန်နေဂျာအဖြစ် ရသောလစာမှာလည်း များပြားသည်မို့ အိမ်ထောင်တစ်ခုကို လွတ်လွတ် လပ်လပ်ထူထောင်နိုင်ပါပြီ။

☼

ကိုညဏ်မိုးသည် စိတ်ဖောက်ပြန်နေသော ခင်မောင်ကြိုင်ကို ရှိသည်ဟုပင် မထင်ခဲ့ပါ။ ရူးနေသော သနားစရာမိန်းကလေး တစ်ယောက် အဖြစ်ထက် ပိုပြီးသတိမထားမိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တစ်နေ့သ၌ ဦးလေးဦးမောင်ကြိုင်က သူ့ကိုခေါ်ပြီး သူကွယ်လွန်ပြီးသည့်နောက်ပိုင်း ကျန်ရစ်စေလိုသည့် အစီအစဉ်များကို ပြောပြသည့်အခါတွင်တော့ ကိုဉာဏ်မိုး အံ့သြတုန်လှုပ်ခဲ့ရပေတော့သည်။

ထိုနေ့က ဦးမောင်ကြိုင်၏အခန်းထဲတွင် ဦးမောင်ကြိုင် ညီမ ဒေါ်ခင်မြိုင်လည်း ရောက်ရှိနေခဲ့သည်။ ကိုဉာဏ်မိုး ရောက်အလာတွင် ဦးမောင်ကြိုင်က သူနာပြုဆရာမလေး ထားထားအေးကို အပြင်သို့ ခဏထွက်နိုင်းလိုက်၏။

"ဘဘတို့ မိသားစုအရေးကိစ္စလေး ဆွေးနွေးချင်လို့ ဆရာမလေး အပြင်ခဏထွက်ပေးပါကွယ်"

ထားထားအေးနားလည်မှုရှိစွာ အခန်းအပြင်သို့ ထွက်အသွားတွင် ဦးမောင်ကြိုင်နှင့်ဒေါ်ခင်မြိုင်တို့ ပြောကြားသော အစီအစဉ်များကို ကြားသိလိုက်ရသည့် ကိုဉာဏ်မိုးအဖို့ တုန်လှုပ်ချောက်ချားသွားရလေတော့၏။

အဘိုးကြီးနှင့်အဘွားကြီးက စိတ်နောက်နေသော ခင်မိမိကြိုင်အတွက် စိတ်ချရအောင် သူနှင့်ပေးစားလိုကြောင်း အရေးဆိုလာခြင်းပင် ဖြစ်ပေတော့သည်။

"သိတဲ့အတိုင်း ဦးလေးကလည်း လူ့လောကမှာကြာရှည်နေရတော့မှာ မဟုတ်ဘူး။ သွားရတော့မှာမောင်ဉာဏ်မိုး။ မင်းဒေါ်လေးခင်မြိုင်ဆိုတာကလည်း မိန်းမသားလည်းဖြစ်၊ ရိုးလည်းရိုးတော့ ဦးလေးမရှိရင် စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နိုင်မှာ မဟုတ်ဘူးလေ၊ အဲဒါကြောင့် ဦးလေးက မသေခင် ဦးနှောက်မကောင်းရှာတဲ့သမီးလေးအတွက် စိတ်ချသွားချင်တာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"တုတ်တယ် မောင်ဉာဏ်မိုး၊ အခုလည်း ဒီအိမ်ရဲ့လုပ်ငန်းတွေ အကုန်လုံး မင်းပဲဦးဆောင်နေတာ မဟုတ်လား၊ အသေးစိတ်ကအစ မင်းသိတယ်၊ အစ်ကိုကြီးမျက်နှာလွှဲသွားရင် မင်းပဲဆက်ပြီး ဦးဆောင် စေချင်တယ်၊ ခင်မိမိကြိုင်ဆိုတာလည်း မင်းမျက်စိအောက်တင် ကြီးလာ တာပဲကွယ်၊ ခမျာမှာ ဦးနှောက်မကောင်းရှာပေမယ့် စိတ်ထားဖြူတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ဒေါ်ဒေါ်တူမလေးကို မင်းပဲစောင့်ရှောက်ပါ တော့ကွယ်၊ မင်းမလဲ ရည်ရွယ်ထားတဲ့ချစ်သူရည်းစား မရှိဘူးမဟုတ် လား"

"မောင်ဉာဏ်မိုး၊ တကယ်တော့ ဦးလေးချန်ရစ်ခဲ့မယ့် စည်းစိမ် ဥစ္စာတွေဟာ မနည်းဘူး၊ ဦးလေးကြွယ်ဝချမ်းသာမှုတွေကို မင်းအသုံး ဆုံးပဲ၊ ဦးလေးရဲ့ပိုင်ဆိုင်မှုအားလုံးကို မင်းကိုယုံကြည်စိတ်ချစွာ လွှဲအပ်မယ့် ကိစ္စမှာ ဦးလေးဘက်ကလည်း အများကြီးစဉ်းစားခဲ့ရတယ်၊ မင်းဘက်က လည်း ဦးလေးအနေနဲ့မင်းအပေါ်မှာ ဘယ်လောက်ထိအားကိုးလို့ ခုလို ပုံအပ်ဖို့ ဆုံးဖြတ်ရတယ်ဆိုတာကို ကိုယ်ချင်းစာစဉ်းစားစေချင်တယ် ဦးလေးရှင်းရှင်းပဲ ပြောမယ်၊ ဦးလေးဟာ မင်းဘဝမြင့်မားအောင် အစ အထောက်အကူ ပေးခဲ့ပါတယ်၊ မင်းကိုယ်တိုင်လည်း ကြိုးစားလို့ ခုလို အခြေအနေရောက်လာတာကို ဦးလေးက ကျေနပ်မိပါတယ်၊ တစ်ဦး မေတ္တာတစ်ဦးမှာဆိုသလို မေတ္တာရောင်ပြန်ဟပ်လိမ့်မယ်လို့ ဦးလေးမျှော် လင့်ပါတယ်ကွယ်၊ သေခါနီးကျေးဇူးရှင်တစ်ယောက်ကို ကျေးဇူးဆပ်တဲ့ အနေနဲ့ ဦးလေးအစီအစဉ်ကို မင်းလက်ခံစေချင်တယ်၊ ဒါပါပဲ"

ဦးမောင်ကြိုင် နောက်ဆုံးပြောလိုက်သောစကားက ကိုဉာဏ်မိုး ဘဝင်ကို ထိသွားစေခဲ့ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုညဏ်မိုး စဉ်းစားရပါလေပြီ။

သူ့ကို ခင်မိမိကြိုင်နှင့်ပေးစားမည့်အစီအစဉ်မှာ သူ့အနေနှင့် ထုံးဝပင် မျှော်လင့်မထားသောအဖြစ်ပင် ဖြစ်ပါသည်။ တကယ်တွေးကြည့်တော့ ခင်မိမိကြိုင်နှင့်လက်ထပ်ရခြင်းသည် ခင်မိမိကြိုင်တစ်ယောက်တည်းကို တာဝန်ယူရခြင်းသက်သက် မဟုတ်ပါ။ ဦးမောင်ကြိုင်ပိုင်ဆိုင်သမျှ အမွေအနှစ်ပစ္စည်းအားလုံး သူ့ကိုပုံပေးလိုက်သည့် သဘောပင် ဖြစ်ပါသည်။

ဦးလေးဦးမောင်ကြိုင်တို့အနေဖြင့် အခြားသော အားကိုးဆောက်ဖွယ် ဆွေမျိုးသားချင်းလည်းမရှိပါ၍ သူနှင့်ခင်မိမိကြိုင်ကို ပေးစားပြီး အမွေလွှဲအပ်မည့်အစီအစဉ်မှာ သူ့တို့ဘက်က ကြည့်လျှင် အကောင်းဆုံးအစီအစဉ်ပင် ဖြစ်လေသည်။

သူ့ဘက်ကရော ...။ သူ့ဘက်ကစဉ်းစားလျှင် ငဲ့ကွက်စရာတစ်ချက်သာရှိသည်။ ချစ်ရသောချစ်သူ ထားထားအေးဖြစ်ပါသည်။ ခင်မိမိကြိုင်ကို လက်ထပ်လျှင်ဖြင့် ချစ်သောထားကို လက်လွှတ်ဆုံးရှုံးရပေတော့မည်။

ကိုညဏ်မိုး စဉ်းစားခဲ့သည်။ ထားကိုချစ်သည့်စိတ်ဖြင့် ရလာသော အခွင့်ထူးကြီးကိုရော သူလက်လွှတ်ခံနိုင်ပါသလား။ ဦးမောင်ကြိုင်၏ ချမ်းသာကြွယ်ဝခြင်းမျိုးကို သူ့အနေဖြင့် ဆယ်သက် ဆယ်ဘဝကြိုးစားသည့်တိုင် ရလာစရာအကြောင်း မရှိချေ။ ယခုကြုံလာရသောအဖြစ်မှာ စိုင်ကော်၍ခြုံပေါ်ရောက်ခြင်း ဖြစ်သည်။

ထားဆိုသောချစ်သူ၏ မျက်နှာတစ်ခုတည်းကြောင့် အခွင့်ထူးကြီးကို သူမျက်နှာလွှဲ ငြင်းပယ်ရဲသလား။ ကိုညဏ်မိုးက သူ့ကိုသူမေးခွန်း မေးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုညာဏ်မိုးသည် ဆင်းရဲမွဲတေမှု၏ ခါးသီးသောအဖြစ်ကို လက်တွေ့ကြုံခဲ့ရသူ ဖြစ်သည်။ သူ့ဘဝတစ်လျှောက်လုံးတွင် ဆင်းဆင်းရဲရဲဖြင့် ဘဝကို ရုန်းကန်ဖြတ်သန်းခဲ့ရပါသည်။ ရုန်းကန်လှုပ်ရှားရသော ဘဝကို သူနောက်တစ်ခေါက် ပြန်မသွားချင်တော့ပါ။

ဦးမောင်ကြိုင်ပေးသောအခွင့်အရေးကို လက်လွှတ်ခဲ့လျှင် ထိုအခွင့်အရေးသည် တစ်စုံတစ်ယောက်သောသူဆီသို့ ရောက်သွားပေလိမ့်မည်။ ထိုသူသည် ဦးမောင်ကြိုင်နေရာသို့ ရောက်ရှိလာသည့်အခါ သူ့ကို ဦးမောင်ကြိုင်က ယုံကြည်လွဲအပ်သလို စိတ်ချစွာလွှဲအပ်ပါတော့မည်လား။ အဆုံးစွန်ဆုံးတွေးလျှင် သူ့ကို ဆန်စက်အလုပ်မှပ, ထုတ်လိုက်လျှင်ပင် သူဘာမျှတတ်နိုင်မည် မဟုတ်ပေ။

သည်တော့ မိမိကိုပုံပေးနေသော အခွင့်ထူးကြီးကို အသာလေးရယူလိုက်ခြင်းက သူ့ဘဝကို ခိုင်မြဲအောင်၊ ချမ်းသာကြွယ်ဝအောင် လုပ်ဆောင်ပြီးသားဖြစ်လိမ့်မည် မဟုတ်ပါလား။

ကိုညာဏ်မိုး၏ နှလုံးသားအရေးနှင့်ဘဝအရေး လွန်ဆွဲနေသောအတွေးစဥ်တွင် . . . နောက်ဆုံးတော့ ဘဝတစ်ခုလုံး တိုးတက်ခိုင်မြဲရေး ဆုံးဖြတ်ချက်ကသာ ခိုင်မာသောအဖြေ ဖြစ်လာခဲ့လေသည်။ သူတစ်ယောက်တည်းဘဝအတွက် မဟုတ်ပါ။ သူ့မိသားစု၊ ညီ၊ ညီမများအားလုံး၏ ဘဝ။ ပြီးတော့ . . . ဦးမောင်ကြိုင်ကွယ်လွန်လျှင် အားကိုးရာမဲ့တော့မည့် ခင်မိမိကြိုင်၏ဘဝ။ ဘဝပေါင်းများစွာ၏ အနာဂတ်က သူ့ဆုံးဖြတ်ချက်ပေါ်တွင် မူတည်နေ၍ ကိုညာဏ်မိုးက ဦးမောင်ကြိုင် စီစဥ်သည်ကို နာခံရန် ဆုံးဖြတ်ခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

ကိုကို့ကို ခွင့်လွှတ်ပါတော့ ထားရယ် . . .

☼

www.burmeseclassic.com

www.burmeseclassic.com



ကိုညဏ်မိုးက ထားထားအေးကို ဖွင့်ပြောလိုက်သည်။

"ကိုကို့ကို ခွင့်လွှတ်ပါထား။ ကိုကို့ရဲ့ ကျေးဇူးရှင်စကားကို ယ်ရှားဖို့ ကိုကို့မှာ အခွင့်အရေးမရှိဘူး ထားရယ်၊ ကိုကို ထားကိုချစ်ပါ တယ်၊ ဒါပေမဲ့ . . ."

"တော်ပါတော့ ကိုညဏ်မိုး။ ရှင်ပြောတဲ့စကားက ကျွန်မကို တိုင်ပင်တဲ့ စကားမှမဟုတ်ဘဲ၊ ဆုံးဖြတ်ပြီးသားကိစ္စကို ကျွန်မကို အသိ ပေးနေတာပဲ၊ ချစ်တာကြိုက်တာတွေ ပြောမနေပါနဲ့တော့၊ တစ်ခုပဲရှိ တယ်၊ ခင်မိမိကြိုင်ကိုယူရင် သူတို့ချမ်းသာကြွယ်ဝသမျှ ရှင်အပိုင်ရမှာ သိန်းသေပဲ၊ ဒါပေမဲ့ ရှင်တစ်သက်လုံး ပေါင်းသွားရမယ့်မိန်းမဟာ အရူးမ တစ်ယောက်ဆိုတာတော့ မမေ့စေချင်ဘူး"

"ထား . . . ထားရယ်"

ထားထားအေးက ကိုညဏ်မိုးကို နောက်ထပ်အတွေ့မခံ တော့ပါ။ ထားစိတ်နာသွားပြီဆိုတာ ကိုညဏ်မိုးသိသော်လည်း ထားကို ချော့သိမ့်ဖို့ အခွင့်အရေးမရခဲ့ချေ။

ကိုညဏ်မိုးဘက်က ဦးမောင်ကြိုင်အစီအစဉ်ကို နာခံပါမည်ဟု ကားပြန်လိုက်သည်နှင့် ဦးမောင်ကြိုင်ကလည်း ကိုညဏ်မိုးနှင့် သူ့သမီး ခင်မိမိကြိုင်၏မင်္ဂလာပွဲကို ချက်ချင်းစီစဉ်လိုက်လေသည်။ အရပ်လူကြီး ချို့ကိုသာဖိတ်ကြားကာ လက်မှတ်ရေးထိုးစေ၍ အကြင်လင်မယား ဖြစ်ရာမြောက်စေခဲ့ခြင်း ဖြစ်ပါသည်။

ဒါတွေအားလုံး ထားရှေ့မှာဖြစ်ပျက်ခဲ့သည်။ သူနာပြုဆရာမ တစ်ယောက်ဖြစ်သောထားသည် မိမိလူနာရှေ့တွင် မိမိ၏စိတ်ဝေဒနာ ဝေဒနာကို ဖွင့်လှစ်ပြလို့မဖြစ်ပါ။ ထားတစ်ယောက် ကြိတ်မှိတ်ခံစားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရကြောင်းကို ကိုညဏ်မိုး ရိပ်မိပါသည်။ သနားလည်း သနားမိပါသည် သို့သော် ခင်မိမိကြိုင်နှင့်ညားပြီးနောက်ပိုင်း ထားအနားကို သူ့ကာ မသင့်တော်တော့။ ထားကလည်း သူစိမ်းပြင်ပြင်သဖွယ် နေထိုင်ခဲ့
ထားတစ်ယောက် အမိုးအကာတစ်ခုတည်းအောက်မှာ ကို ချစ်သူကို အခြားမိန်းမတစ်ယောက်နှင့် ယှဉ်တွဲမြင်နေရခြင်းကို မည် ခံစားရမည်ဆိုတာ ကိုညဏ်မိုး ကိုယ်ချင်းစာနားလည်ခဲ့ပါသည်။

ဦးမောင်ကြိုင်မှာ အမြော်အမြင်ရှိသော လူကြီးတစ်ယောက် ဆုံရတော့မည်။ သမီးကို ကိုညဏ်မိုးနှင့်လက်ထပ်ပေးပြီးနောက်ပိုင်း စိတ်ချလက်ချ ရှိသွား၍ပေလားမသိ၊ သူ့စိတ်ကို လျှော့ချလိုက် ကိုညဏ်မိုးနှင့် ခင်မိမိကြိုင်မင်္ဂလာဆောင်ပြီးမကြာမီပင် ကွယ်လွန် သွားလေသည်။

ဦးမောင်ကြိုင်ကွယ်လွန်သည်နှင့် ထားသည်လည်း သူ့တာ ပြီးဆုံးပြီဖြစ်၍ ပြန်ရန်စီစဉ်လေတော့သည်။

မပြန်မီမှာ ထားထားအေးက အိမ်သားများအလစ်တွင် ကိုညဏ်မိုးကို အရေးတကြီးစကားတစ်ခွန်း ပြောခဲ့လေသည်။

"ကိုညဏ်မိုး၊ ခုပြောမယ့်စကားဟာ ကျွန်မ ရှင့်ကို အ ဝင်တာ မဟုတ်ဘူး၊ ကျွန်မရင်ထဲကနေ ရှင့်ကို ထုတ်ပစ်လိုက် ဒါပေမဲ့ ရှင်သိသင့်တယ်ထင်လို့ ပြောတာ၊ ကျွန်မမှာ ရှင်နဲ့ရတဲ့ ကိုယ် ရှိနေတယ်"

"ဘာ ... ထား၊ ထား၊ တကယ် ပြောတာလားခင်"

"ရှင့်ကို တာဝန်မယူခိုင်းပါဘူး၊ ရှင့်ကို တာဝန်မယူခိုင်း ဆိုလို့ ဒီကလေးကို ကျွန်မဖျက်ချမယ်လို့ မထင်ပါနဲ့၊ ကျွန်မဟာ ကျွ



www.burmeseclassic.com

www.burmeseclassic.com



မွေးမှာပါ၊ ရှင့်ကိုသာ ကိုယ့်ကိုကိုယ် လူယုတ်မာတစ်ယောက်မှန်း သိရအောင် ကျွန်မက ပြောခဲ့တာ"

"ထားရယ် ... တကယ်ပဲလားဟင်၊ ထားဆီမှာ ကိုယ့်ရင်သွေး ရှိနေပြီဆိုတာ တကယ်ပဲလား၊ အစကတည်းက ဘာလို့မပြောရတာလဲ ထားရယ်"

"ကျွန်မ ဒီရက်ပိုင်းမှသိတာပါ၊ အရင်ကတည်းကသိရင်လည်း ကျွန်မက ပြောမှာမဟုတ်ပါဘူး၊ ခင်မိမိကြိုင်ရဲ့စည်းစိမ်ဥစ္စာတွေကို ငမ်းငမ်းတက်နေတဲ့ရှင့်အတွက် အနှောင့်အယှက် ဖြစ်သွားမှာပေါ့"

"ထားရယ် ... ကိုကို ... ကိုကိုတာဝန်ယူပါ့မယ် ထား"

"ဟာဟ ... ထားဆိုတဲ့မိန်းမက ဘယ်တော့မှ မယားငယ် အဖြစ်မခံဘူး၊ ယောကျာ်းတစ်ယောက်ကို အတင်းအဓမ္မဝယ်ယူရအောင်လည်း ဦးနှောက်ပျက်နေတဲ့မိန်းမ မဟုတ်ဘူး၊ ကျွန်မက ကိုယ်မိုက်မှားလို့ရတဲ့ကိုယ်ဝန်ကို ပြောင်မွေးရဲတဲ့ သတ္တိရှိပါတယ်၊ ကလေးအဖေနာမည်ကိုတော့ ရှင့်နာမည်ပဲ-အမှန်အတိုင်းတပ်ရမှာပေါ့၊ အခုပြောတာ အဲဒီအတွက် ရှင်သိရအောင် အသိပေးတာပဲ၊ ဒါပါပဲ ကိုဉာဏ်မိုး"

"ထား ... ထားရယ်"

ထားမှာ သူနှင့်ရတဲ့ကိုယ်ဝန်ရှိနေပြီဆိုတဲ့အသိက ကိုဉာဏ်မိုးကို တုန်လှုပ်စေရုံမက နောင်တပါရစေခဲ့ပါပြီ၊ သည်လိုသာ အစကတည်းကသိခဲ့လျှင် ခင်မိမိကြိုင်နှင့်ကိစ္စကို ကိုဉာဏ်မိုး ငြင်းပစ်လိုက်ပါသည်။ ခုတော့ ... အားလုံးလွန်သွားခဲ့လေပြီ။

တစ်ကြိမ်သောအခါက အချစ်နယ်ကျွံခဲ့ဖူးခြင်းအတွက် သည်လိုဖြစ်လာလိမ့်မည်ဟု မထင်ခဲ့မိချေ။ ထားလည်း ထင်ခဲ့မည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့မှာတာဝန်ရှိပါသည်။ ထားကိုကျေနပ်အောင် တောင်းပန်ပြီး တစ်ခုခုစီစဉ်ပေးသင့်သည်။

ကိုညာဏ်မိုး ဦးနှောက်ပူအောင် စဉ်းစားခဲ့ရ၏။

နောက်ပိုင်းတွင် ထားကလည်း သူ့ကို မျက်နှာချင်းအဆိုင်မခံတော့။ ရန်ကုန်ပြန်ရန် စီစဉ်နေပြီ။

သူနှင့်ရတဲ့ကိုယ်ဝန်အတွက် သူ့မှာ တာဝန်ရှိသည်ဟု ကိုညာဏ်မိုးခံယူသည်။

ထားအတွက် တစ်ခုခုစီစဉ်ပေးရမည်။

☼

ဦးမောင်ကြိုင်အတွက် ရက်လည်ဆွမ်းသွပ်ပြီးသည်နှင့် ထားက ရန်ကုန်ပြန်ခွင့်ပြုဖို့ ဒေါ်ခင်မြိုင့်ထံမှာ ခွင့်တောင်းသည်။

ဒေါ်ခင်မြိုင်က ဆရာမလေးအတွက် လက်မှတ်ဝယ်ပေးဖို့ ကိုညာဏ်မိုးကိုပင် တာဝန်ပေးခဲ့သည်။

လမ်းထိပ်အိမ်မှ ဒေါ်မြင့်မြင့်နှင့်ဒေါ်တင့်တင့် အပျိုကြီးညီအစ်မက ရထားလက်မှတ်ဝယ်မည်ဆိုလျှင် သူတို့အတွက်ပါ ဝယ်ခဲ့ပေးရန် အကူအညီတောင်းသည်။

ထားကို တောင်းပန်ဖို့နှင့် သူတွေးထားသော ရှေ့ရေးအစီအစဉ်ကိုပြောပြဖို့ကာ ထားနှင့်အတူ ရန်ကုန်လိုက်သွားဖို့ပဲရှိသည်။ ထားနှင့် ရန်ကုန်လိုက်သွားပြီး ထားကို ချော့မော့နှစ်သိမ့်ချင်သည်။ ထားက လက်ခံမည်မဟုတ်တာကိုလည်း ကိုညာဏ်မိုး သိနေသည်။

အပျိုကြီးညီအစ်မက လက်မှတ်ဝယ်ခိုင်းတော့ ကိုညာဏ်မိုးအတွက် သူကြိုက်သလိုစီစဉ်ဖို့ အဆင်ပြေသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးဘူတာကြီးကို လက်မှတ်သွားဝယ်တဲ့နေ့က နိုဝင်ဘာ လ(၇)ရက်နေ့ ဖြစ်သည်။ အမြန်ရထားလက်မှတ်များကာ သုံးရက်ကြိုတင် ဝယ်လို့ရပါသည်။

ကိုညာဏ်မိုးသည် သူကြိုတင်စဉ်းစားထားသည့်အတိုင်း အပျိုကြီး ညီအစ်မအတွက် လက်မှတ်နှစ်စောင်ကို အရင်ဝယ်လိုက်သည်။ အပျိုကြီးများအတွက်လက်မှတ် ၂ စောင်ကို (၂ - ရက်ကြိုဖြင့်) နိုဝင်ဘာလ (၉)ရက်နေ့ရထားကို ဝယ်လိုက်၏။

ထို့နောက် တန်းစီရာမှပြန်ထွက်ကာ နောက်တစ်ကြိမ်ထပ် တန်းစီလိုက်သည်။ သူ့မှာ ခင်မိမိကြိုင်၏ မှတ်ပုံတင်ပါလာခဲ့ပြီး ဖြစ်ပါသည်။

နောက်တစ်ခေါက် လက်မှတ်ဝယ်ရာတွင်တော့ အပျိုကြီး နှစ်ယောက်၏ မှတ်ပုံတင်နှစ်စောင်ကိုပင် ပြန်အသုံးပြုလိုက်သည်။ အပျိုကြီး နှစ်ယောက်ရယ်၊ ထားထားအေးရယ်၊ ခင်မိမိကြိုင်ရယ် ... မှတ်ပုံတင်လေးခုပြကာ အိပ်ခန်းတွဲတစ်တွဲလုံးအတွက် လက်မှတ်ဖြတ် လိုက်လေ၏။ ၃ ရက် ကြိုတင်လက်မှတ်အဖြစ် နိုဝင်ဘာလ(၁၀)နေ့ အတွက် ဝယ်လိုက်ခြင်း ဖြစ်ပါသည်။

ကိုညာဏ်မိုး၏အစီအစဉ်က လေးယောက်စာတစ်တွဲလုံး ဝယ် ထားသောအိပ်ခန်းတွဲထဲတွင် ထားနှင့်အတူ ရန်ကုန်လိုက်သွားရန် ဖြစ်ပါသည်။ ရထားပေါ်ကျမှ ထားနှင့်နှစ်ယောက်တည်း ထားကိုအေးအေး ဆေးဆေးတောင်းပန်မည်။ သူ့အကြံအစည်တွေကို ပြောပြမည်ဟူသော စိတ်ကူးများနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ပလိပ်ကိုပြန်ရောက်တော့ အပျိုကြီးညီအစ်မအား နိုဝင်ဘာ (၉)ရက်နေ့အတွက် ဝယ်ထားသော လက်မှတ်နှစ်စောင်ကို အိမ်တွင်ဝင်ပေးလိုက်သည်။

ထားထားအေးကိုတော့ နိုဝင်ဘာလ(၁၀)ရက်နေ့အတွက် ဝယ်ထားသောလက်မှတ်ကို ပေးကာ၊ ထိုနေ့တွင် . . . လမ်းထိပ်မှ ဒေါ်တင့်တင့်၊ ဒေါ်မြင့်မြင့်တို့လည်း ထားနှင့်အတူ ရထားပေါ်တွင်ပါမည် ဖြစ်ကြောင်း အပျိုကြီးနှစ်ယောက် မှတ်ပုံတင်သုံး၍ဝယ်ထားသည့် လက်မှတ်နှစ်စောင်ကိုပြကာ အယုံသွင်းလိုက်လေသည်။

ထားသည် ဒေါ်တင့်တင့်၊ ဒေါ်မြင့်မြင့်တို့နှင့် ရထားအတူစီးပြန်ရမည်ဟု ယုံကြည်သွားလေ၏။

*ကိုတက်လှဝင်း ရန်ကုန်သွားစုံစမ်းရာတွင် ရထားစီးသည့်နေ့များ တလွဲတချော်ဖြစ်နေပုံကို သိခဲ့ရပြီးနောက် . . . ကိုဉာဏ်မိုး လှည့်စားထားသည့်လုပ်ရပ်ကို ခန့်မှန်းနိုင်ခဲ့သည်။ ကိုဉာဏ်မိုး၏ ဖွင့်ဟဝန်ခံချက်အရ ကိုတက်လှဝင်း တွေးထင်ခဲ့သည့်အတိုင်း ကွက်တိမှန်နေကြောင်း . . . သိလိုက်ရလေပြီ . . .။*

နိုဝင်ဘာလ(၁၀)ရက်နေ့တွင် စပါးဝယ်ယူရန်ကိစ္စအတွက် ခရီးထွက်ရမည်ဟု အကြောင်းပြကာ မနက်ခင်းကတည်းက အိမ်မှကြိုထွက်ခဲ့လိုက်သည်။ ထားထားအေးကို ဘူတာလိုက်ပို့ဖို့တော့ အိမ်ကဒရိုင်ဘာ ရဲဝင်းကို တာဝန်ပေးထားခဲ့လေ၏။

☼

www.burmeseclassic.com

www.burmeseclassic.com



နိဂုံ၀င်ဘာလ(၁၀)ရက်နေ့။

ထားထားအေး ရန်ကုန်ပြန်သည့်နေ့။

ထားထားအေးသည် ရထားထွက်သည်အထိ တွဲထဲသို့ ပလိပ်မှ အပျိုကြီးညီအစ်မလည်း ရောက်မလာ၊ အခြားခရီးသည်တစ်ဦးလည်း တက်မလာသည့်အတွက် တအံ့တဩ ဖြစ်နေခဲ့သည်။

ရထားထွက်လာပြီး ဆယ်မိနစ်ခန့်အကြာမှာတော့ ... အိပ်ခန်းတွဲထဲသို့ဝင်လာသော ကိုညာဏ်မိုးကို တွေ့လိုက်ရသည့်အခါ အကြီးအကျယ် အံ့အားသင့်သွားလေတော့သည်။

"ဟင် ... ရှင် ... ရှင် ..."

"ဟုတ်ပါတယ် ထား။ ကိုကိုပါ၊ ထားနဲ့ရန်ကုန်ကို အတူတူလိုက်ရအောင် ကိုကိုစီစဥ်ထားတာပါကွယ်"

"ရှင့်ကိုယ်ရှင် ကိုကိုလို့ သုံးစရာမလိုတော့ပါဘူး ကိုညာဏ်မိုး။ ရှင် ဘယ်လိုနည်းနဲ့ ဒီတွဲထဲရောက်လာတာလဲ၊ ရှင်ပြောတော့ ဒေါ်တင့်တင့်တို့ညီအစ်မလည်း ကျွန်မနဲ့အတူတူ ပါမယ်ဆို"

"ဒေါ်တင့်တင့်တို့ညီအစ်မက မနေ့ကရထားနဲ့ ရန်ကုန်ပါသွားပါပြီထားရယ်၊ ထားနဲ့အတူတူစီးရအောင် ကိုယ်အကြံအဖန်လုပ်ထားတာပါ"

"ဩော် ... ကလိန်ကကျစ် ရှင့်ညာဏ်တွေက ရှင့်အတွက်တော့ တော်တော်အသုံးဝင်နေပါလား ကိုညာဏ်မိုး။ ကျွန်မ ရှင့်ကို မတွေ့ချင်ဘူး။ ရှင့်ကိုဘာစကားမျှလည်း ပြောစရာမရှိဘူး။ ရှင်ထွက်သွားပါ"

"ထားရယ် ... ကိုကိုတို့ သူစိမ်းတွေမဟုတ်ပါဘူးကွာ၊ ခုဆိုထားဗိုက်ထဲမှာ ကိုကို့ရင်သွေးလေးရှိနေပြီဆို"



www.burmeseclassic.com

"အဲဒါဘာဖြစ်လဲ"

"ကိုကိုတို့ရှေ့ရေးကိုစီစဉ်ဖို့ ကိုကိုလိုက်ခဲ့တာပဲထား။ ခုလို ဖြစ်သွားတာ ထားမှာကိုယ်ဝန်ရှိနေတာကို ကိုကိုမသိလို့ပါကွာ"

"သိရင်ကော ဦးမောင်ကြိုင်ပေးခဲ့တဲ့ စည်းစိမ်ဥစ္စာတွေကို ရှင် စွန့်လွှတ်နိုင်လို့လား"

"ဒီလိုမပြောပါနဲ့ထားရယ်၊ ဒါတွေဟာ အခြေအနေအရ ဖြစ်သွားရတာပါ၊ ကိုကို့မှာ ..."

"ရှင့်ကိုယ်ရှင် ကိုကိုလို့ သုံးစရာမလိုဘူးလို့ ဘယ်နှခါပြောရ မလဲ"

"ထားရယ် ... ကိုယ့်မှာ ဦးလေးဦးမောင်ကြိုင်ဆန္ဒကို လွန်ဆန် ဖို့ မဖြစ်နိုင်လို့ပါ၊ သူက ကိုယ့်ကျေးဇူးရှင် ..."

"ဒီမယ် ကိုညွှတ်မိုး၊ ရှင်ယောကျ်ားပီသရင် ငြင်းလို့ရပါတယ်၊ ရှင်ကိုယ်က သူတို့စည်းစိမ်ကိုလအချောင်လိုချင်နေလို့ လက်ခံလိုက်တာ ပါ။ ယောကျ်ားပီသခဲ့ရင် အရှုံးမကိုမယားလုပ်ပြီးမှ ရွှေပုံပေါ်ထိုင်စားရမယ့် အဖြစ်ကို ရွေးမှာမဟုတ်ဘူး၊ ရှင်ဟာ ငွေမက်တဲ့ပိုင်းလုံး ..."

"ထား ..."

"ရှင်ဟာ ပိုင်းလုံးမှ ပိုင်းလုံးစစ်စစ်ပဲ"

"တော်တော့ထား၊ ကိုယ်လိုက်လာတာ ကိုယ်တို့ရှေ့ရေး ဆွေး နွေးဖို့ပဲ၊ ကိုယ်ထားကိုလက်ထပ်ပါမယ်၊ ရန်ကုန်ရောက်တာနဲ့ ကိုယ်တို့ လက်ထပ်တာပေါ့"

"ကိုညွှတ်မိုး ... ရှင်ရူးနေသလား"

www.burmeseclassic.com



"ကိုယ့်ကလေးအတွက် ကိုယ်စိစဉ်တာပါ ထားရယ်၊ ကလေးမှာ အဖေရှိမှ ဖြစ်မယ်လေ၊ ထား ဒီကလေးကို မွေးမှာမဟုတ်လား။ ကိုယ် ထားကို လက်ထပ်ထားပြီး ထောက်ပံ့ထားပါ့မယ်"

"တော်တော့ ရှင်ထွက်သွားတော့၊ ကျွန်မရှင့်ကို တစ်ခုခုလုပ်မိ လိမ့်မယ်၊ ဒီမယ် ကိုညာဏ်မိုး၊ ထားထားအေးဟာ ပညာတတ်မိန်းမ တစ်ယောက်ရှင့်၊ ရှင်ယူထားတဲ့အရှုးမလို ညာတိုင်းယုံမယ့်အစားထဲက မဟုတ်ဘူး၊ ရှင်က ခင်မိမိကြိုင်နဲ့ညားမှ ရတဲ့ငွေကြေးတွေကို အဟုတ်ကြီး ထင်နေသလား၊ ကျွန်မက ဒီငွေတွေကိုမက်လိမ့်မယ် ထင်သလား၊ ထို့ ကျွန်မကိုများ ရှင်က ထောက်ပံ့ဦးမတဲ့လား၊ ဒီမယ် ကျွန်မမိဘတွေ က မသေခင်ကတည်းက ကျွန်မအတွက် ပြည့်ပြည့်စုံစုံထားခဲ့တယ်၊ ထားထားအေးဟာ ရှင့်လို မွဲပြာနေတဲ့ ဆင်းရဲသားက မွေးလာတာ မဟုတ်ဘူး၊ ဆင်းရဲမွဲတေခဲ့တဲ့ရှင်သာ ကိုယ်ရှာဖွေထားတာမဟုတ်တဲ့ ပစ္စည်းဥစ္စာတွေကို မက်မောပေတော့၊ ပိုင်းလုံးစိတ်ဓာတ်နဲ့ အရှုးမကို မယားတော်ပြီး မက်မောနေပေတော့"

"ထား ... ထားပြောတဲ့စကားတွေက လွန်လာပြီနော်"

"ကျွန်မ အမှန်အတိုင်းတွေ ပြောတယ်၊ ရှင်ဘာဖြစ်လို့ ကျွန်မ ကို လိုက်ပြီးစော်ကားနေသလဲ"

"ငါစော်ကားတာ မဟုတ်ဘူး ထားထားအေး၊ ငါတာဝန် ကျေချင်လို့၊ မင်းကိုလည်း သနားလို့ဆိုတာ ..."

"ထို့ ကျွန်မကို သနားစရာမလိုဘူး၊ ရှင်ယူထားတဲ့အရှုးမကို သာ သွားသနားချည်ပါ အရှုးမလင်ရဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထား . . . ထား . . . မင်းလွန်လာပြီနော်၊ လူတစ်ဖက်သားကို ချိုးချိုးနှိမ်နှိမ် မပြောပါနဲ့ထား"

ကိုညာဏ်မိုးက မချင့်မရဲဖြစ်လာကာ ထားပခုံးနှစ်ဖက်ကို ကိုင်လှုပ်ရင်း ပြောလိုက်သည်။

"ဖယ် ကျွန်မအသားကို မထိနဲ့ သနတယ်၊ မယားကိုထိတော့ နာသလား၊ အရှူးမမို့ အရှူးမလို့ ပြောတာပေါ့၊ မယားကအရူး၊ လင်က ပိုင်းလုံးလေ၊ ရှင်ဟာ ပိုင်းလုံးတစ်ယောက်ဖြစ်ရုံမကဘူး လူယုတ်မာ တထ္တာကောင်"

"ထား . . . မင်းကို ငါ လုပ်မိတော့မယ်နော်"

"ရှင်ကလား၊ ကျွန်မကို ထိရဲထိကြည့်လေ၊ ရှင်က လုပ်ရဲသလား၊ ကျွန်မက လုပ်ရဲသလားကြည့်ကြတာပေါ့"

"ဒီမယ် ငါလိုက်လာတာ မင်းနဲ့ကောင်းကောင်းမွန်မွန်ညှိဖို့ မင်းနဲ့ငါဟာ ချစ်သူတွေပါထား၊ မင်းမှာ သန္ဓေတည်နေတဲ့ကိုယ်ဝန်ကို ရတဲ့အထိ ချစ်ခဲ့ဖူးတဲ့ချစ်သူတွေပါ"

"တော်တော့ . . . မပြောနဲ့တော့"

ထားထားအေး၏လက်တစ်ဖက်က ပြောက်တက်သွားသည်။

ကိုညာဏ်မိုးက နာသွားသောသူ့ပါးပြင်ကို လက်ဖြင့်ပွတ်သပ် ရင်း ထားကို နာကျည်းသည့်မျက်လုံးများဖြင့် ကြည့်လိုက်၏။

"ဩော် . . . မင်းက ဒီအထိအောင် ဖြစ်နေပြီလား၊ ထား အချစ်ကြီးရင် အမျက်ကြီးတယ်နော်"

"ဒါက ကျွန်မက ပြောရမယ့်စကားပါ၊ ရှင်က ဘာလုပ်ချင် လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါကွာ ..."

"ငါ့အသားကို မထိနဲ့၊ ပိုင်းလုံးကောင်၊ တဏှာရူး ဖယ်စမ်း"

ထားထားအေးက ကိုညဏ်မိုးကို နစ်နာစေသော အကြမ်း တမ်းဆုံးစကားလုံးများဖြင့် တိုက်ခိုက်ခဲ့လေသည်။

"ပိုင်းလုံး" ... တဲ့။ "အရူးမလင်" ... တဲ့။ "တဏှာရူး"... တဲ့။ "လူယုတ်မာ" ... တဲ့။

ကိုညဏ်မိုးသည် ကိုယ်ထိလက်ရောက်စော်ကားခြင်းကို ခံနိုင် ရည်ရှိပါသည်။ ခွင့်လွှတ်နိုင်ပါသည်။ သူ့ဘဝတစ်ခုလုံးရဲ့ အားနည်း ချက်တွေ၊ အပြစ်တွေကို ဖော်ထုတ်၍ စကားလုံးကြမ်းကြမ်းများဖြင့် ပစ်ပေါက်သည့်ဒဏ်ကိုမူ မခံနိုင်ဖြစ်ချေ။ ဆတ်ဆတ်ခါ နာမိရပါပြီ။

"တော်တော့၊ မပြောနဲ့တော့"

ထား၏ပါးစပ်ကို လှမ်းပိတ်ကာတားသည်။

ထားနှုတ်မှ ကြမ်းတမ်းသော စွပ်စွဲစကားများက မပြတ် ထွက်ပေါ်လာနေဆဲ။

"ပိုင်းလုံး" ... တဲ့။ "အရူးမလင်" ... တဲ့။ "တဏှာရူး"... တဲ့။ "လူယုတ်မာ" ... တဲ့။

ကိုညဏ်မိုး၏ သည်းခံနိုင်မှုအတိုင်းအတာ ကုန်ဆုံးသွားပါပြီ။ သူ့နှုတ်က ပြောခဲ့သလို အချစ်ကြီး၍ အမျက်ကြီးလေပြီ။

ကိုညဏ်မိုး၏ လက်နှစ်ဖက်က ထား၏လည်တိုင်ဆီသို့ ရောက်ရှိသွားသည်။ ထားနှုတ်မှထွက်လာသော ကြမ်းတမ်းသည့် စကားလုံးများ တိတ်ဆိတ်သွားသည်အထိ လည်တိုင်ကိုညှစ်ထား မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထားကလည်း ရှန်းကာကန်ကာဖြင့် အော်ဟစ်ရန်တွေ့နေဆဲ။

"ပိုင်းလုံးကောင် . . . အရှူးမလင် . . . လူယုတ်မာ . . ."

စွပ်စွဲစကားများ ရပ်တန့်သွားသည့်အထိ ကိုညဏ်မိုးက ထားလည်တိုင်ကို မလွှတ်ဘဲဖျစ်ညှစ်ထားမိသည်။

ထားနှုတ်မှစကားသံများက တဖြည်းဖြည်းချင်း တိုးတိတ်ပျောက်ကွယ်သွားခဲ့လေပြီ။

"ပိုင်းလုံးကောင်... အရှူးမလင်... လူယုတ်မာ... ပိုင်းလုံးကောင်... အရှူးမလင်... လူယုတ်မာ..."

☼

ထားသေသွားသည့်အခါ ထားအလောင်းကို ဖက်၍ ကိုညဏ်မိုး ငိုမိသည်။

ချစ်သူချင်း ညှိနှိုင်းရန်ရည်ရွယ်၍လာခဲ့သော စေ့စပ်ပွဲသည် လူသတ်ပွဲအဖြစ် အသွင်ပြောင်းခဲ့လေပြီ။

ရထားက သူတို့နှစ်ယောက်၏ အဖြစ်ကိုမသိဘဲ လျှင်မြန်စွာ ခုတ်မောင်းနေဆဲ။

ကိုညဏ်မိုးမှာ သတိဝင်လာသည်။

ဘယ်သူမျှမသိခင် ထားအလောင်းကို ဖျောက်ဖျက်ပစ်မှ ဖြစ်မည်။ အချိန်ကိုကြည့်လိုက်တော့ ညသုံးနာရီကျော်။ ပြတင်းပေါက်ကို ဖွင့်ကာကြည့်လိုက်သည်။ ပလိပ်ကိုကျော်၍ စဉ့်ကိုင်အနီးပင် ရောက်ရှိနေပြီပဲ။

ကိုညဏ်မိုးစိတ်ထဲတွင် စဉ့်ကိုင်မြို့ဖြင့် ရထားလမ်းအထွက်၌ ဝယ်ထားသော ခြံပျက်ကြီးကို သတိရလိုက်သည်။ ပျောက်လုနီးပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခြံပျက်ကြီးတည့်တည့်တွင် ထားအလောင်းကို ပစ်ချခဲ့ပြီး ခြင်းအဖျောက်ဖျက်ခြင်းက အကောင်းဆုံးမဟုတ်ပါလား။

ကိုညာဏ်မိုးသည် ပေါ်လာသောစိတ်ကူးကို အချိန်မဆိုင်းဘဲ အသုံးချခဲ့လေသည်။ ရထားကလည်း စဥ့်ကိုင်ဘူတာကိုကျော်ကာ မြို့အပြင်ဘက်သို့ ရောက်နေပြီ။

ထားအလောင်းကို ပြတင်းပေါက်မှထိုးထည့်ကာ ပစ်ချခဲ့လိုက်သည်။ ထား၏ ခရီးဆောင်အိတ်ကိုပါ ပစ်ချလိုက်သည်။

ကံအားလျော်စွာပင် ရှေ့နားဆီ၌ ရထားလမ်းဇလီဖားတုံးများကို အသစ်လဲလှယ်ခင်းကျင်းနေသည့် အလုပ်သမားအဖွဲ့ ရှိနေပါသည်။ အလုပ်လုပ်သည့်နေရာတွင် ရထားက အရှိန်လျှော့ကာ ခပ်ဖြည်းဖြည်းမောင်းနှင်လေသည်။

ကိုညာဏ်မိုးသည် အလုပ်သမားများမရှိသည့်ဘက်ခြမ်းမှ ခုန်ဆင်းနေခဲ့လိုက်သည်။

*ရထားလက်မှတ်စစ်များမှာ စဥ့်ကိုင်ဘူတာကို ကျော်လွန်သည့်အချိန်ကျမှ အိပ်ခန်းတွဲများသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ လက်မှတ်စစ်များ ရောက်လာချိန်တွင် ကိုညာဏ်မိုးနှင့်ထားတို့ဖြစ်ရပ်မှာ ပြီးဆုံးသွားရုံမက ... ထားအလောင်းရော၊ ကိုညာဏ်မိုးပါ ရထားပေါ်၌ မရှိတော့ချေ။ ထို့ကြောင့် လက်မှတ်စစ်များက အိပ်ခန်းတွဲထဲတွင် ခရီးသည်ပါမလာဘူးလို့ ထင်ခဲ့ကြခြင်း ဖြစ်သည်။ ရန်ကုန်ရောက်သည့်အထိ ခရီးသည်တစ်ဦး တစ်ယောက်မှ တက်မလာခြင်းကို*



www.burmeseclassic.com

www.burmeseclassic.com


*ငှင်းနေ့ကတာဝန်ကျသော လက်မှတ်စစ်များက ၊သေချာမှတ်မိနေပြီး ကိုတက်လှဝင်း စုံစမ်းချိန်တွင် ထိုအတိုင်း အကြောင်းပြန်ကြားခဲ့ခြင်း ဖြစ်ပါသည်။*

ကိုညာဏ်မိုးသည် ရထားပေါ်မှခုန်ဆင်းခဲ့ပြီးနောက် ရထား သံလမ်းအတိုင်း နောက်ကြောင်းပြန်လျှောက်လာခဲ့သည်။

ထားအံလောင်းကို ဖျက်စီးနေသောခြံစည်းရိုးကို ကျော်လွှားပြီး ခြံပျက်ကြီးထဲအထိ သယ်ယူခဲ့သည်။

ခြံနောက်ဘက်တွင် ဂိုဒေါင်ပျက်တစ်လုံးရှိပါသည်။ အသုံးမပြု၍ပျက်စီးနေသော်လည်း လုံလုံခြုံခြုံရှိသေးသည်။ အမိုးအကာများက အကောင်းအတိုင်း။ တံခါးလည်းရှိသည်။

ကိုညာဏ်မိုးက ဂိုဒေါင်တံခါးကိုဖွင့်ဖျက်ကာ ထားအလောင်းကို ထည့်ထားလိုက်၏။ သံပီပါအဟောင်းကြီးတစ်လုံးတွေ့၍ အဆင်ပြေကာ အလောင်းကို သံပီပါထဲထည့်သည်။ မြေကြီးပေါ်တွင် ဖွဲပြာများရှိနေ သည်ကိုတွေ့ရ၍ ပီပါထဲကို ဖွဲပြာများဖိသိပ်ထည့်လိုက်လေသည်။ ထား ၏လက်ဆွဲအိတ်ကိုလည်း မမေ့မလျော့ ပြန်သွားကောက်ယူကာ ပီပါထဲ သို့ပင် ထိုးသိပ်ထည့်ထားလိုက်လေသည်။

နောက်တစ်နေ့ရောက်မှ အိမ်ကြီးဆီပြန်သွားကာ တံခါးကို ပတ္တာအသစ်ထပ်ရိုက်၍ သော့ခလောက်ဖြင့် ခတ်ထားခဲ့ခြင်း ဖြစ်ပါသည်။

ကိုညာဏ်မိုးသည် ထားကို အမှတ်မထင်သတ်ဖြတ်ခဲ့ပြီးနောက် တွင် ထိတ်လန့်ကြောက်ရွံ့နေခဲ့သည်။ သို့သော် သူ့လုပ်ရပ်ကို လူသိမှာ ကတော့ အတော်ပင်ခဲယဉ်းသည်မို့ စိတ်သက်သာရာရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထားအလောင်းကိုထားခဲ့သော ခြံကြီးမှာလည်း ကိုယ်ပိုင်ဝယ်ထားသောခြံဖြစ်ပြီး လူမနေ၊ လူမရောက်သောခြံဖြစ်သည်။ သွားမည့်လူဆို၍ သူကိုယ်တိုင်သာရှိလေသည်။

မည်သို့ဆိုစေ ... တစ်ချိန်ချိန်တွင် ခြံနှင့်အိမ်ကို ပြုပြင်ရခြင်းမျိုး ကြုံဆုံလာရဦးမည်မို့ ထားအလောင်းကို ပိပိရိရိဖျောက်ဖျက်ပစ်ဖို့တော့ လိုပါသေးသည်။

လောလောဆယ်တော့ ကိုဉာဏ်မိုးသည် ဖြစ်ရပ်ပူပူနွေးနွေးမို့ စိတ်ချောက်ချားကာ အလောင်းရှိရာသို့ နောက်တစ်ခါပြန်သွားဖို့ စိတ်မကူးရဲသေးပေ။

သို့သော် ... ထားထားအေး၏သူငယ်ချင်း နှင်းအေးဖြူဆိုသော ကျွန်မ ပလိပ်အထိရောက်လာကာ စုံစမ်းခဲ့သည်တွင် ...

☼

ကျွန်မရောက်လာခြင်းသည် ကိုဉာဏ်မိုးစိတ်ကို ထပ်မံချောက်ချားစေခဲ့ပါသည်။

ကျွန်မကို လာစုံစမ်းရုံစုံစမ်းသည်ဟုထင်ကာ ကျွန်မပြန်သွားတော့ ကိုဉာဏ်မိုးစိတ်သက်သာရာ ရသွားခဲ့သေးသည်။

သို့သော် ... နောက်တစ်ပတ်ခန့်အကြာတွင် ကျွန်မကကိုတင်ဂ်လူဝင်းနှင့် ရောက်လာပြန်ကာ ထပ်မံစုံစမ်းခဲ့လေသည်။ ကျွန်မစဥ့်ကိုင်တွင် ဂျူတီဝင်နေကြောင်းနှင့် ဂျူတီဝင်သောအိမ်မှာ ထားအလောင်းကို ဇက်ထားသည့်ခြံဘေးမှအိမ်တွင်ဖြစ်ကြောင်း သိလိုက်ရသည်။

တိုက်ပဲတိုက်ဆိုင်လွန်းလှသည်ဟု ကိုဉာဏ်မိုးငွေသည်

www.burmeseclassic.com



ပြီးတော့ ကိုတက်လှူဝင်း။ ကိုတက်လှူဝင်းဆိုသူက ဖြစ်ရပ်ထဲရောက်နေရာပါလာနေပြီ။ ကိုတက်လှူဝင်းကို မရင်းနှီးသော်လည်း ကိုညဏ်မိုး ကောင်းကောင်းသိပါသည်။ စဥ့်ကိုင်မြို့ခံဖြစ်ကာ ပွဲရုံလုပ်ငန်း လုပ်ကိုင်နေသူမို့လည်း အလုပ်သဘောအရ လည်ပတ်နှံ့စပ်သူ ဖြစ်သည်။ ကျွန်မ စုံစမ်းနေသောကိစ္စတွင် ကိုတက်လှူဝင်း ဝင်ကူညီနေပါက ကိုညဏ်မိုးအတွက် စိုးရိမ်ဖွယ်အခြေအနေ ရှိနေ၏။

ကိုညဏ်မိုး စဉ်းစားရလေပြီ။

ထားကို လမ်းထိပ်မှအပျိုကြီးညီအစ်မနှင့်ရထားအတူစီးသွားတယ်လို့ သတင်းလွှင့်ထားပြီးသား ဖြစ်နေသည်။ ကျွန်မကိုလည်း သည်အတိုင်းပင် ပြောလိုက်သည်။

ယခု အပျိုကြီးများရန်ကုန်မှ ပြန်မရောက်သေး၍သာ ကျွန်မက သွားပြီးမစုံစမ်းသေးခြင်း ဖြစ်သည်။ ကျွန်မသည် စဥ့်ကိုင်လို ခပ်နီးနီးနေရာတွင် အလုပ်လုပ်နေပြီဖြစ်ရာ တစ်ချိန်တွင် ဒေါ်မြင့်မြင့်၊ ဒေါ်တင့်တင့်တို့နှင့် ဆုံကောင်းဆုံသွားနိုင်ပါသည်။ ထိုအခါ ကိုညဏ်မိုးပြောထားသောအကြောင်းအရာများ တလွဲတချော်ဖြစ်နေသည်ကို ရိပ်မိသိရှိသွားနိုင်သည်။

ဘာပဲဖြစ်ဖြစ် နောက်ကြောင်းပြန်လိုက်လာလျှင် ကိုယ့်ဘက်က လုံခြုံမှုရှိထားဖို့လိုသည်။

ထို့ကြောင့် ကျွန်မ ကိုတက်လှူဝင်းနှင့်အတူ ဒုတိယအကြိမ်လာရောက်စုံစမ်းသည့် ဥပုသ်နေ့ညမှာပင် ကိုညဏ်မိုးသည် နံနက်ဝေလီဝေလင်းကြီး စဥ့်ကိုင်မှခြံပျက်ကြီးဆီသို့ လာရောက်ခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထားဇါ၏အလောင်းကို အပြီးမြှုပ်နှံရန် ပေါက်တူးဖြင့် မြေတူးခဲ့ခြင်း ဖြစ်ပါသည်။

ပြီးတော့ . . . ကျွန်မက ကပ်ရက်ခြံတွင်ရှိနေသည့်မို့ သံသယဖြင့် စုံစမ်းလာလျှင် အကာအကွယ်ဖြစ်စေရန် ခေါင်းပြတ်သရဲအယောင်ဆောင်၍ ချောက်လှန့်ခဲ့ခြင်း ဖြစ်ပါသည်။

ကိုညဏ်မိုးလို နုနယ်သောပညာတတ်တစ်ယောက်အဖို့ အလောင်းမြှုပ်နှံနိုင်သည်အထိ မြေကို တစ်ညတည်းနှင့်အပြီး မတူးဆွနိုင်ခဲ့ပါ။

ထို့ကြောင့် နောက်တစ်နေ့(ယနေ့ည)တွင် ထပ်မံလာရောက်ပြီး မြေတူးရခြင်းဖြစ်သည်။

ကျွန်မက ခြံပျက်ကြီးနောက်တည့်တည့်အထိ ရောက်လာပြီး ဓာတ်မီးဖြင့်ထိုး စုံစမ်းသည့်အခါမှာတော့ အသင့်ပြုလုပ်ထားသော ခေါင်းပြတ်သရဲအဆောင်အယောင်များကိုချွတ်ကာ ကျွန်မကို အပြတ်ရှင်းရန် ကြိုးစားခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

☼

ကိုညဏ်မိုးက သူ၏မိုက်မှားမှုများကို အားလုံးဖွင့်ဟဝန်ခံလိုက်လေပြီ။

"ကျွန်တော့်ကို ကြိုးစင်သာပို့ကြပါတော့ဗျာ၊ ကျွန်တော် မိုက်မှားမိပါတယ်၊ မနှင်းအေးဖြူကိုလည်း တောင်းပန်ပါတယ်၊ ဒါပေမဲ့ ဒါတွေဟာ ကျွန်တော် ထားဇါကိုချစ်လွန်းလို့ ဖြစ်သွားရတဲ့အဖြစ်တွေဆိုတာတော့ ခင်ဗျားရင်ထဲမှာ မှတ်သားသွားပေးပါ မနှင်းအေးဖြူ"

www.burmeseclassic.com

www.burmeseclassic.com



ကိုညာဏ်မိုးက သူ၏ဖွင့်ဟဝန်ခံချက်များကို မျက်ရည်များနှင့်အတူ ငိုရှိုက်ရင်း နိဂုံးချုပ်လိုက်လေသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၁ )

ကျွန်မတို့လည်း နံနက်ဆယ်နာရီကျော်မှပင် ရဲစခန်းမှပြန်လာနိုင်ပေတော့သည်။

ထား၏ဝိညာဉ်က ခေါ်ယူသောကြောင့် 'ဝိညာဉ်ခေါ်ရာ" လိုက်သာခဲ့သော ကျွန်မ၏ခရီးစဉ်တွင် အဖြစ်မှန်ကို ဖော်ထုတ်နိုင်ခဲ့ပါပြီ။

အမှန်တော့ အမှုမှန်ပေါ်ပေါက်အောင် ကူညီသူနှစ်ဦးရှိပါသည်။

တစ်ဦးက ထားကိုယ်တိုင်ပင် ဖြစ်ပါသည်။ ထားသည် သေဆုံးခဲ့သော်လည်း သူမ၏ဝိညာဉ်က ကျွန်မသိအောင် စာရေးအကြောင်းကြားခဲ့ပေသည်။ ခင်အုလို စိတ်ထားနုနယ်သော မြီးကောင်ပေါက်မလေးကိုယ်ထဲသို့ပူးဝင်ကာ စာကိုခင်အုအားကိုယ်စားရေးစေခြင်းဖြင့် ကျွန်မသိအောင် အကြောင်းကြားခဲ့ပေသည်။ ထားသည် မဟုတ်မခံ စိတ်ထားဆက်မြှက်သူ ဖြစ်သည့်အားလျော်စွာ သေဆုံးပြီးနောက်ပိုင်းတွင်ပင်ဝိညာဉ်အနေဖြင့် သူမအဖြစ်ကို လူသိရှင်ကြားဖြစ်အောင် ဖော်ထုတ်ခဲ့ခြင်းပါတကား။

*ထားဝိညာဉ်ပူးရေးသောစာတွင်ဖော်ပြထားသည့်*
*"တို့သားအမိကို ကယ်တင်ပါ" ဆိုသော စာသားကို*

www.burmeseclassic.com

www.burmeseclassic.com



*လည်း ကျွန်မ နားလည်ရပေပြီ။ ကိုယ်ဝန်ကြီးဖြင့် သေဆုံးရသောထားသည် မမွေးဖွားသေးသော သန္ဓေသားကိုပင် သားသမီးအဖြစ်မှတ်ယူကာ . . . 'တို့သားအမိ''ဟု သုံးနှုန်းခဲ့ခြင်း ဖြစ်ပါတော့သည်။ ကျွန်မတို့ မိန်းမသားများ၏ အုံမခန်းစရာ မိခင်မေတ္တာစိတ်ပါတကား။*

အမှုမှန်ပေါ်အောင် ကူညီသူနောက်တစ်ယောက်က ကိုတက်လှ ဝင်းပင် ဖြစ်လေသည်။ ခင်အုကို ပူးပြီးရေးသည့်စာကို အမှတ်မထင် ထားခဲ့ပြီး ကျွန်မထံ ဆက်လက်ပို့မပေးခဲ့ပါက ဤဖြစ်ရပ်ကို ဖော်ထုတ် မည် မဟုတ်ပေ။ ဝိညာဉ်ရေးသောစာကို ကျွန်မထံ အရောက်ပို့ပေး မက . . . ကျွန်မအတွက် စုံစမ်းမေးမြန်းမှုများ ပြုလုပ်ပေးသေ ကိုတက်လှဝင်းသည်လည်း ကျွန်မ၏ကျေးဇူးရှင် ကူညီသူတစ်ဦးပါပေ

"တော်တော် စိတ်ပင်ပန်းသွားသလား ထား"

ရဲစခန်းမှထွက်အလာတွင် ကိုတက်လှဝင်းက ကျွန်မ မေးလိုက်သည်။

"ပင်ပန်းပေမယ့် အမှုမှန်ပေါ်ပေါက်သွားလို့ ဆောင်းစိတ် ကျေနပ်သွားပါပြီကို"

ကိုတက်လှဝင်းက ကျွန်မကို ပြုံးကြည့်နေသည်။

"ဆောင်း . . . ကိုယ့်ကို အဖြေပေးလိုက်ပြီနော်"

"ရှင် . . ."

"ကိုယ့်ကို 'ကို'လို့ ခေါ်လိုက်တယ်လေ၊ ဒီခုတစ်ခါတည် မဟုတ်ဘူး ကိုညာဏ်မိုးလက်ထဲက ထားကိုကယ်တင်တုန်းကလည်း ထ နှုတ်က ရုတ်တရက်ခေါ်ခဲ့သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား"

ကျွန်မက မီးရထားသံလမ်းတွင် ကိုညဏ်မိုး ကျွန်မကို ဖိထားကာ ရထားကြိတ်မိအောင်ပြုလုပ်စဉ်က ကိုတက်လူဝင်း လက်မတင်လေး ကယ်တင်လိုက်သည်ကို ပြန်တွေးကြည့်လိုက်သည်။

"ဟင် ... ကို ကိုတက်လူဝင်း ကိုရယ် ... ကို ... ဘယ်လို ရောက်လာတာလဲဟင်"

"ဆောင်းမှာ ... ဆောင်းမှာ ... ကိုပေးတဲ့အသက်ပဲ ရှိပါ တော့တယ်ကို"

ဟုတ်ပါသည်။ ကျွန်မသည် အားငယ်ရှုံ့ထိတ်နေစဉ်တွင် ကိုတက်လူဝင်းကို "ကို" ဟု အားကိုးတကြီး ခေါ်ဝေါ်မိခြင်းပါတကား။ ကျွန်မကိုယ်ကျွန်မလည်း "ဆောင်း" ဟု သုံးနှုန်းခဲ့မိလေသည်။

"အခေါ်အဝေါ်ဆိုတာ သူ့အလိုအလျောက်ရင်ထဲက ပေါ်လာ တာ ကောင်းတယ်လို့ ဆောင်းပြောခဲ့တယ်လေ၊ ကိုလို့ ခေါ်လိုက်တဲ့ အသုံးအနှုန်းက ဆောင်းရင်ထဲကပေါ်လာတဲ့ အသုံးအနှုန်းပေါ့နော်"

"အို ... သွားပါ"

ကျွန်မကရှက်ရွံ့စွာ ခေါင်းကိုငုံ့ထားလိုက်မိသည်။

"ဆောင်းပေးတဲ့အဖြေကိုရပြီလို့ ကိုမှတ်ယူလိုက်တော့မယ်နော် ဆောင်း ..."

"အို ... အိမ်ကို ပြန်ကြပါစို့ကိုရယ်၊ ဘွားဘွားကို ဆေးတိုက် ရမယ့် အချိန်တောင် ကျော်သွားပြီ၊ ဘွားဘွားများ ဆူနေမလား မသိဘူး။ အိမ်ကို အမြန်မောင်းပါတော့"

"ကောင်မလေးတစ်ယောက် ရှက်ပြီး စကားလွှဲနေပြီတော့"

www.burmeseclassic.com



ကျွန်မက ရှက်ရှက်နှင့် ကို့ရဲ့ကျောပြင်ကြီးကို လက်သီးဖြင့် ထုလိုက်မိသည်။ ပြီးမှ ရဲစခန်းရှေ့မှာပါလားဆိုတာ သတိရမိပြီး ဘေးပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ ကျွန်မတို့ကို ပြုံးစစမျက်နှာပေးဖြင့် ကြည့်နေသောရဲအချို့ကို တွေ့လိုက်ရလေ၏။

ကျွန်မသည် ပို၍ရှက်သွားမိကာ ဆိုင်ကယ်နောက်ခုံပေါ်သို့ အမြန်တက်ထိုင်လိုက်သည်။

"သူများတွေကြည့်နေကြပြီ၊ ရှက်စရာကြီး၊ မြန်မြန်မောင်းပါတော့ ကိုရယ်"

"ကဲ မောင်းပြီ၊ ကို့ခါးကိုသာ ဖက်ထားပေတော့ဆောင်းရေ"

ကိုက ဆိုင်ကယ်ကို ဂူးခနဲအမြန်မောင်းထွက်လိုက်လေသည်။ ကျွန်မက ကြောက်ကြောက်ဖြင့် ကို့ခါးကို ဖက်ထားလိုက်မိ၏။

"အရှိန်လျှော့ပါဦး၊ တကတည်း ... မြန်လိုက်တာ"

"ထားပဲမြန်မြန်မောင်းဆို၊ ကိုတို့အကြောင်းကို ဘွားဘွားကို ပြောပြမလို့ အိမ်ကိုရောက်အောင် အမြန်မောင်းနေတာထားရဲ့၊ လိမ္မာကျမှာစိုးရင် ကို့ခါးကို တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်နော်"

"အို ... ကိုကလည်းကွယ် ..."

ကျွန်မတို့ချစ်သူနှစ်ယောက်၏ ဆိုင်ကယ်လေးက မီးရထားသံလမ်းနှင့်မျဉ်းပြိုင်အတိုင်း လျင်မြန်စွာ တရိပ်ရိပ်ပြေးနေလေတော့သည်။

ရွှေတာမာန်

www.burmeseclassic.com